www.burmeseclassic.com



# အင်းစိန်ထောင်က
# ဝိညာဉ်ကောင်

မောင်မှိုင်းညို (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၅ ဖေဖော်ဝါရီ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ (အင်းစိန်)
တွန်ပျူတာ - ချယ်ရီမေ (အင်းစိန်)
အတွင်းဖလင် - ADORN၊ ၀၉-၄၅၀၀၁၇၃၃၂
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)
ခင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
အင်းစိန်ထောင်က ဝိညာဉ်ကောင်/မောင်မှိုင်းညို့(ချောင်းဦး)၊
ရန်ကုန်၊
ခင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၄၂-စာ၊ ၁၂ x ၁၈ စင်တီ

# "အင်းစိန်ထောင်က ဝိညာဉ်ကောင်"

နှင့်

# နာနာဘာဝဖြစ်ရပ်မှန်များ

မောင်မှိုင်းညို့(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ ကျောင်းကုန်းရွာကပုဏ္ဏက ၃
၂။ အင်းစိန်ထောင်ကစိညာဉ်တောင် ၂၄
၃။ မြေင်ရတဲ့အပိုင်စားတွေနဲ့ပဲရူးရီးမ ၅၄
၄။ အင်းသုံးလုံးတစ္ဆေ ၇၁
၅။ သရဲခြောက်ခံရသူများ ၁၀၀
၆။ တွေ့သောနာနာဘာဝများ ၁၂၉
၇။ လွှင့်မြောနေသောဝိညာဉ်များ ၁၅၇
၈။ ထူးခြားဆန်းကြယ်ပရနယ် ၁၈၈

# ကျောင်းကုန်းရွာက ပုဏ္ဏက

အဲဒီဆရာ လာရှင်းကာမှ
ခဲတွေ မိုးရွာသလို ရွာကျလာတယ်…။
ခဲတွေ၊ လက်နက်တွေ အပေါ်ပျံတက်လာတယ်…။
ပြီးတော့၊ ရက်ကန်းစင်က ရက်ဖောက်ယောက်
နေတဲ့ ချည်တွေကို ကတ်ကြေးနဲ့ ကိုက်ဖြတ်တယ်။
နာနာဘာဝကောင်ရဲ့ အကောင်အထည်ကိုရော
ကတ်ကြေးကိုရော မမြင်ရဘူး၊
ဒါပေမယ့် ကတ်ကြေးနဲ့ ဖြတ်ခွဲသလို
တချို့ချို့ အသံတွေမြည်ပြီး ချည်ထည်တွေ
ပြတ်ကျကုန်တယ်…

www.burmeseclassic.com

www.burmeseclassic.com



## ပုဏ္ဏတာတိုက်တယ်ဆိုတာ

"ဒါ၊ မျက်လှည့်၊ လက်လှည့်၊ နဂါးလှည့်မဟုတ်ဘူး။

စုန်းတိုက်၊ တစေတိုက်၊

သရဲတစ္ဆေတိုက်၊ အစိမ်းသေတိုက်..."

ဟုတ်တယ်။ ရှေးလူကြီးတွေကတော့ ဒီလိုပဲပြောကြတယ်။

ဟိုတုန်းက မြန်မာတစ်နိုင်ငံလုံး ဟိုးဟိုးကျော်အောင် နာမည်ကြီးခဲ့တဲ့ ဆရာပဏ္ဏဝဆိုတာရှိတယ်။

(စာရေးသူတော့မသိ၊ မမီလိုက်ပါဘူး၊ သက်ကြီးစကား သက်ငယ်ကြားဆိုသလို လူကြီးတွေပြောတာကို ကြားခဲ့ရတာပါ)

လူစင်စစ်ကို လင်းတဖြစ်အောင် လုပ်ပြတယ်။

လူအရှင်လတ်လတ်ကို မီးရှို့ပြတယ်၊ ခေါင်းဖြတ်ပြတယ်။

ပြီးတော့မှ လူကောင်းပကတိဖြစ်အောင် ပြန်လုပ်ပြတယ်တဲ့၊ ပြောကြတာတော့ အများကြီးပါပဲ။

ဆရာပဏ္ဏဝရဲ့ မျက်လှည့်ပွဲကြည့်ပြီး ပြန်လာရင် အိမ်ခြံထဲ မဝင်မီ "ဖတ်၊ ဖီ" "ဖတ်၊ ဖီ"ဆိုပြီး တံတွေးသုံးခါ ထွေးကြရတယ်။

ခြေဖဝါးက မြေမှုန့်ယူပြီး နဖူးတို့ကြရတယ်။

ဘာကြောင့် ဒီလိုလုပ်ရတာလဲဆိုတော့ ဆရာပဏ္ဏဝမွေးထားတဲ့





အစိမ်းသေတွေ၊ တစ္ဆေသရဲတွေ သူတို့ကို ကပ်လာမှာစိုးလို့တဲ့။

ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲပြောပြော ဆရာပဏ္ဏဝဆိုတဲ့ နာမည်ကတော့ မျက်လှည့်လောကမှာ ဒီနေ့ထိ မပျောက်မပျက် တည်ရှိနေတုန်းပါ။

ဒီနေ့ခေတ်သစ် မြန်မာ့မျက်လှည့်ပညာရှင် မစ္စတာတော့်၊ လေထဲပျံတက်ပြတယ်၊ မောင်းနေတဲ့ကားကြီးဘေးကနေ ဖြတ်လိုက်သွားတယ်။

ဒီလိုပါပဲ။

အနောက်တိုင်းမျက်လှည့်ပညာရှင် ဒေးဗစ်ကော်ပါဖီး။

လေထဲပျံခဲ့ပြတယ်။ လူတွေဝိုင်းထားတဲ့ကြားက လေယာဉ်ပျံကြီးကို ပျောက်ပြတယ်။ မီးရထားတွဲတွေကို ပျောက်အောင်လုပ်ပြတယ်။

တရုတ်ပြည်က ကမ္ဘာကျော် မဟာတံတိုင်းကြီးကို ဖောက်ပြီး ဟိုဘက်၊ ဒီဘက် ကူးပြတယ်...။

လူသန်းပေါင်းများစွာမှာ တစ်ယောက်ဝ လုပ်နိုင်ဖို့ ခက်တဲ့ ကြားအံ့မခန်း မျက်လှည့်ပညာစွမ်းတွေပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဒါတွေက မျက်လှည့်၊ လက်လှည့်ပညာ ...တွေပါ။

www.burmeseclassic.com



ဓာတုဗေဒ နည်းတွေ၊ ရူပဗေဒ သဘောတရားတွေ၊ လက်ရဲ့ လျှင်မြန်မှုတွေနဲ့ အတတ်ပညာ ပေါင်းစပ်ထားတဲ့ ပညာရပ်ပါ။

အခု စာရေးသူတင်ပြမယ့် "ပုဏ္ဏားကတိုက်တဲ့" ဖြစ်ရပ်ကတော့ ထူးဆန်းအံ့သြဖို့ ကောင်းတယ်ဆိုတဲ့ မျက်လှည့်ပညာရပ်တွေနဲ့ ခြားနားပါတယ်။

ပုဏ္ဏားကအင်းချပြီး အင်းစောင့်ပုဏ္ဏား ဘီလူးတိုက်နိုင်းတဲ့ ဖြစ်စဉ်တွေကိုမှ ပုဏ္ဏားကတိုက်တာလို့ ပယောဂဆရာတွေ၊ နားလည်တတ်ကျွမ်းသူတွေက ပြောကြပါတယ်...။

နေအိမ်ထဲက အသုံးအဆောင်ပစ္စည်းတွေကို ဟိုတစ်ခု၊ ဒီတစ်ခု မီးထတောက်လောင်ပြီး ချက်ချင်းမီးငြိမ်းသွားတဲ့ ဖြစ်စဉ်တွေကိုတော့ လောင်မီးကျတယ်လို့ ခေါ်ဆိုကြပါတယ်။

သရဲ၊ တစ္ဆေက အမျိုးမျိုးအဖုံဖုံ ခြောက်လှန့်တာ အိမ်ခံရုံက သွေးတွေစီးကျလာတာနဲ့ ကျောင်းခေါင်မိုးပေါ်မှာ ဘာမှမရှိဘဲ သွေးစက်တွေ တပေါက်ပေါက်ကျနေတာ ... စတဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တွေလည်း အများအပြားဖြစ်ပျက်နေပါတယ်။

ဒီဖြစ်စဉ်တွေမှာ ရူပဗေဒ သဘောတရားတွေ၊ ဓာတုဗေဒ ပညာရပ်တွေ၊ မျက်လှည့်ပညာတွေ လုံးဝ မပါပါဘူး။





မမြင်ရတဲ့ဝိညာဉ်လောက၊ နာနာဘာဝတွေ ပတ်သက်စပ်ဆိုင်ပါဝင်တဲ့ ဖြစ်ရပ်တွေသာ ဖြစ်ပါတယ်။

အောက်လမ်းပညာတတ်မြောက်သူ ပညာသည်က အောက်လမ်းပညာနဲ့ စုန်းကဝေ၊ သရဲ၊ တစ္ဆေနာနာဘာဝကို နိုင်းစေပြီး မလိုသူတစ်ဖက်သားအပေါ် တုန်လှုပ်ချောက်ချားအောင် ဒုက္ခတွေ့အောင် လုပ်ကြံခြင်းသာ ဖြစ်ပါတယ်။

## ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်းများ

ဒီခေတ်မှာတော့ နာနာဘာဝကောင်ပါဝင်တဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ ကြုံတွေ့နေရတယ်ဆိုရင် ပုဏ္ဏား တိုက်တယ်လို့ပဲ သုံးစွဲ ပြောဆိုနေတာ တွေ့ရပါတယ်။

စာရေးသူဟာ ထူးထူးဆန်းဆန်း ဖြစ်စဉ်ဖြစ်ရပ်တွေကို လိုက်ပြီး လေ့လာရှာဖွေ တင်ပြနေသူပါ။

အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ အံ့မခန်း အဆန်းတကြယ် ထူးခြားဖြစ်စဉ်တွေထဲက အချို့ကို စာရေးသူထုတ်ဝေပြီးတဲ့ စာအုပ်တွေမှာ တင်ပြခဲ့ပြီးပါပြီ။

* ၂၀၀၀ပြည့်နှစ်အတွင်းက မြောက်ဥက္ကလာပ မြို့နယ်အတွင်း ဖြစ်ပွားခဲ့တဲ့ ခဲလုံးတွေ အလိုအလျောက် ကျလာတဲ့ ဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



* (၁၉၈၇)ခုနှစ်၊ ဇန်နဝါရီလအတွင်းက တောင်ငူမြို့ ဗိုလ်မှူး ဖိုးကွန်းလမ်း၊ အိမ်တစ်အိမ်မှာ ဖြစ်ပွားခဲ့တဲ့ ခေါင်မိုးပေါ်က ခဲလုံးကြီးများ ကျလာခြင်း၊ ပစ္စည်းများ ဟိုရောက်၊ ဒီရောက် အလိုအလျောက် ဖြစ်နေခြင်းဖြစ်စဉ်။

* (၂၀၀၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ကြည့်မြင်တိုင်မြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ အထက (၂) ဆဌမတန်းမှာ ဖြစ်ပွားခဲ့တဲ့ စာသင်ခန်းခေါင်မိုးထက်က နီရဲနေသောသွေးစက်၊ သွေးပေါက်များကျလာတဲ့ဖြစ်စဉ်။

* (၉.၁၂.၁၉၉၉)နေ့က၊ ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်၊ ၂၅ရပ်ကွက်၊ ဇီဇဝါ (၃)လမ်းမှာ ဖြစ်ပွားခဲ့တဲ့ နေအိမ်ရှိ ပစ္စည်းများကို ဝရဲမီးစားသလို အလိုလျောက် မီးတောက်လောင်တဲ့ဖြစ်စဉ်

* (၂၀၁၄)ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ (၃)လမ်းရှိ အိမ်တစ်အိမ်မှာ ဖြစ်ပွားတဲ့ အလိုအလျောက် မီးလောင်မှုဖြစ်စဉ်တွေနှင့်

* လွန်ခဲ့တဲ့ (၁၉၈၀)ဝန်းကျင်လောက်က ဖြစ်ပွားတဲ့ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ (ယခု ရွှေပြည်သာ မြို့နယ်အပိုင်) သာရကန်ရွာမှာ ဖြစ်ပွားတဲ့ ခဲလုံးနှင့် အခြားပစ္စည်းများ





အလိုလိုကျလာခြင်း၊ ဓားနှင့် ထင်းခွဲ၊ ပုဆိန်များ လေထဲပျံဝဲလာခြင်း၊ လက်ခတ်တစ်စုံ အလိုအလျောက် လှုပ်ရှား၍ ပတ္တလားတီးခတ်နေခြင်းဖြစ်စဉ်တွေ ဖြစ်ပါတယ်။

ဒီတွေအပြင် ၂၀၁၃ ခုနှစ် နဲ့ ၂၀၁၄ ခုနှစ်အတွင်း ရွှေပြည်သာမြို့နယ်၊ သံလမ်းမှတ်တိုင်အနီး ရပ်ကွက်တစ်ခုမှာ ခဲလုံးတွေ အလိုလိုကျနေတဲ့ဖြစ်စဉ်နဲ့။

အင်းစိန်၊ ပေါက်တောဝအနီး ရပ်ကွက်တစ်ခုမှာလည်း အလားတူ ခဲလုံးကျဖြစ်စဉ်တွေ ဖြစ်ပွားခဲ့တယ်လို့ သတင်းကြားသိရပါတယ်။

ဒီဖြစ်စဉ်နှစ်ခုကိုတော့ သွားရောက်မေးမြန်းခြင်း မပြုရသေးလို့ တင်ပြနိုင်ခြင်း မရှိသေးပါဘူး။

အခုတစ်ခါ ပုဏ္ဏကတိုက်တဲ့ သတင်းတစ်ခု ထပ်ကြားရပြန်ပြီ...။

နေရာက ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်းကျေးရွာမှာပါ။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ကွန်ပျူတာ တက္ကသိုလ်နဲ့ မလှမ်းကမ်းမှာရှိတဲ့ ရွာလေးပါ။

"အခင်းဖြစ်ပွားတဲ့ အချိန်က နှစ်ပေါင်းသုံးဆယ်ကျော်ကြာပြီဆိုပေမယ့် အမှန်တကယ် ဖြစ်ခဲ့တဲ့ဖြစ်ရပ်မှန် ဖြစ်စဉ်ပါ"လို့



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးသူက ပြောပါတယ်။

"ဖြစ်စဉ်ကို စုံစုံလင်လင်သိချင်ရင် ကျောင်းကုန်းရွာ ရွှေကျေးလမ်းမှာ နေထိုင်တဲ့ ဦးဝင်းတင့်ကို မေးပါ"လို့လည်း တစ်ဆက်တည်း လမ်းညွှန်ပါတယ်။

စာရေးသူ ၁၂၄(အထူး) လော့ဂ်ကား ကားစီးပြီး ကွန်ပျူတာမှတ်တိုင်မှာ ဆင်းတယ်။

လမ်းနည်းနည်းလျှောက်ပြီး ကျောင်းကုန်းရွာတောင်ဘက် ကွန်ကရစ်ခင်းထားတဲ့ ရွှေကျေးလမ်းအတိုင်း လျှောက်လာခဲ့ပါတယ်။

တစ်ယောက်စ နှစ်ယောက်စကို မေးမြန်းစုံစမ်းလိုက်တာနဲ့

အိမ်ရှေ့၊ ကုက္ကိုပင်ကြီးရဲ့ အေးမြတဲ့အရိပ်မှာ ကုလားထိုင်တစ်လုံးနဲ့ ဇိမ်ကျနေတဲ့ ဦးဝင်းတင့်ကို တွေ့လိုက်ရပါတော့တယ်။

## ကျောင်းကုန်းရွာက ပုဏ္ဏက

စာရေးသူ။ ။ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်လောက်က အစ်ကိုနဲ့ ဆွေမျိုးသားချင်းတော်စပ်တဲ့ အိမ်တစ်အိမ်မှာ ပုဏ္ဏကတိုက်တဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ဖူးတယ်လို့ သိရပါတယ်။ အဲဒါ ဟုတ်ပါသလား"





ဦးဝင်းတင့်။ ။ "ဟုတ်ပါတယ်။ ကျွန်တော့်အဘိုးအဘွားဝမ်းကွဲတွေဖြစ်တဲ့ ဦးစံငြိမ်း၊ ဒေါ်ပွားထယ်တို့အိမ်မှာ ဖြစ်တာပါ..."

စာရေးသူ။ ။ "ဖြစ်ပွားတဲ့အိမ်က ဒီကျောင်းကုန်းရွာထဲမှာပဲလား..."

ဦးဝင်းတင်။ ။ "ဟုတ်ပါတယ်၊ ဒီကျောင်းကုန်းရွာမှာပါပဲ။ ဒါပေမယ့် တိုတုန်းက ရွှေပြည်သာမြို့နယ်ရယ်လို့ မရှိသေးဘူးလေ။ ဒီရွာက အင်းစိန်မြို့နယ်၊ လှော်ကားတိုက်နယ်ထဲမှာပါတယ်။ အဲဒီတုန်းကခုလို အိမ်ခြေယာခြေထူထပ်ဘူး၊ သာခုဆိုလည်း တစ်ရွာထဲ၊ လှော်ကားဆိုလည်း တစ်ရွာထဲပဲရှိတယ်။ တစ်ရွာနဲ့တစ်ရွာကြားမှာ လယ်ကွင်းပြင်ကြီးတွေပဲရှိတယ်။ လှမ်းကြည့်ရင် စိမ်းစိမ်းညို့ညို့၊ အုံ့အုံ့ဆိုင်းဆိုင်း၊ တစ်ရွာက တစ်ရွာကို မြင်နေရတယ်" (ခုတော့၊ ထူထပ်လာတဲ့ လူနေအိမ်ခြေတွေ၊ တစ်ရွာနဲ့တစ်ရွာကြား ရောက်လာတဲ့ စက်မှုဇုံက စက်ရုံကြီးတွေကြောင့် မမြင်မတွေ့နိုင်တော့ပါဘူး။) *

စာရေးသူ။ ။ "ဘယ်လိုကနေစပြီး ဖြစ်တာလဲ မှတ်မိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းတင်။ ။ "ဟာ မှတ်မိတာပေါ့၊ ထူးထူးဆန်းဆန်းဖြစ်တဲ့ အကြောင်းအရာဖြစ်နေတာရယ်၊ ကျွန်တော်ကလည်း ကောင်းကောင်းမှတ်မိနိုင်တဲ့ ဆယ်ကျော်သက် အရွယ်ဖြစ်နေတာကြောင့် ဒီဖြစ်စဉ်ကို မှတ်မိနေတာပါ။ စဖြစ်ဖြစ်ချင်း အိမ်ပေါ်ကို ခဲတွေ ကျလာတယ်။ ပထမတော့ ဟိုလူ ပစ်သလို၊ ဒီလူ ပစ်သလို ထင်ယောင်ထင်မှား ဖြစ်မိသေးတယ်။ နောက် တဖြည်းဖြည်း ကြာလာတော့မှ လူပေါက် တာမဟုတ်ဘဲ၊ ပယောဂ အောက်လမ်းနဲ့လုပ်နေ၊ ပုဏ္ဏကတိုက်နေပြီဆိုတာ သိလာရပါတယ်"

စာရေးသူ။ ။ "အောက်လမ်းနဲ့ လုပ်နေပြီ၊ ပုဏ္ဏကတိုက်နေပြီ ဆိုတာသိတော့ ဘာဆက်လုပ်ကြလဲ..."

ဦးဝင်းတင့်။ ။ "အောက်လမ်းပညာနဲ့ လုပ်ပြီလို့လည်း သိရော လှော်ကားတိုက်နယ်မှာ နာမည်ကြီးတဲ့ဆရာကြီးကို အကျိုးအကြောင်း ပြောပြီးပင့်တယ်။ ဆရာကြီးက လှော်ကားမှာနေတာ ဗိန္ဒော၊ ပယောဂဘက်မှာ ကောင်းတယ်လို့ နာမည်ကြီးတယ်။ ဆရာကြီးက အိမ်လိုက်လာပြီး ပွဲတွေထိုး၊ ဆိုင်ရာပိုင်ရာတွေ





ပင့်ပြီး နှောင့်ယှက်နေတဲ့ နာနာဘာဝကို နှင်ထုတ်တယ်။ ဒါပေမယ့် အစ်ကိုရေ၊ မအောင်မြင်ပါဘူး။ နာနာဘာဝကောင်ကို မနှိမ်နင်းနိုင်တဲ့အပြင် ပိုပြီး သောင်းကျန်းလာတော့တာပါပဲ"

စာရေးသူ။ ။ "ဘယ်လိုတွေ ပိုပြီး သောင်းကျန်းလာတာလဲ၊ ရှင်းပြပေးပါဦး..."

ဦးဝင်းတင့်။ ။ အရင်တုန်းက အိမ်ပေါ်ကို ခဲကျတာလောက်ပဲ ရှိတယ်။ အဲဒီဆရာလည်းလာပြီး ရှင်းရော ခဲတွေ မိုးရွာသလို ရွာကျလာတဲ့အပြင် အိမ်ထဲမှာထားတဲ့ ဓားတွေ၊ လက်နက်တွေပါ ပျံလာတော့တာပဲ။

စာရေးသူ။ ။ "ဓားတွေ၊ လက်နက်တွေက ဘယ်လိုပျံလာတာလဲ။ ပြောပြပါဦး..."

ဦးဝင်းတင့်။ ။ အိမ်ကလည်း နှစ်ဆောင်ပြိုင် အိမ်ကြီး အိမ်ကောင်း လုပ်ငန်းကြီးကလည်း လုပ်နေတာဆိုတော့ အိမ်မှာ လက်နက်ကိရိယာတွေက များတယ်။ ဓားတို့၊ မှိန်းတို့၊ လှံတို့၊ ခက်ရင်းခွတို့ပေါ့...။ မမြင်ရတဲ့ နာနာဘာဝကောင်က အဲဒီလက်နက်တွေနဲ့ လူတွေကို ပစ်ပေါက် ရန်ရှာတယ်။ နောက်တော့ လူကို



www.burmeseclassic.com

www.burmeseclassic.com



သောစေနိုင်လောက်တဲ့ ဓားတွေ၊ လက်နက်တွေ မှန်သမျှကိုသိမ်းပြီး အဘိုးအိမ်မှာ သွားထားခဲ့ရတယ်"

စာရေးသူ ။ "နောက်ထပ် ဘယ်လိုအဖြစ်တွေ ကြုံရသေးလဲ"

ဦးဝင်းတင့် ။ "ကြုံရပြီလား အစ်ကိုရေ၊ ဦးစံငြိမ်းတို့မှာက ရက်ကန်းလုပ်ငန်းရှိတယ်။ အိမ်ခေါင်းရင်းမှာ ရက်ကန်းရုံရှိတယ်။ ရက်ကန်းစင်တွေက ၁၄ စင်၊ ၁၅ စင် ရှိတယ်။ အဲဒီခေတ်က ရက်ကန်းထည်ပဲ ဝတ်ကြ၊ ဆင်ကြ၊ သုံးစွဲကြတဲ့ခေတ်ဆိုတော့ ဒီလောက်ရက်ကန်းစင်ရှိရင် လုပ်ငန်းရှင်ပဲ။ အခု နာနာဘာဝကောင်က လုပ်ငန်းကို အနှောင့်အယှက် ပေးလာတယ်။ ရက်ကန်းရုံထဲမှာ ကိုယ့်စင်နဲ့ကိုယ် ရက်ကန်းရက်နေကြတယ်။ အဲဒီအချိန်မှာ နာနာ ဘာဝက ရက်ဖောက်ယောက်နေတဲ့ ချည်ထည် တွေကို ကတ်ကြေးနဲ့ လိုက်ဖြတ်တယ်။ အကောင် အထည်ရော ကတ်ကြေးကိုရော မမြင်ရဘူး။ ဒါပေမယ့် ကတ်ကြေးနဲ့ဖြတ်ဆွဲသံလို တရှီးရှီး အသံတွေ မြည်ပြီး ချည်ထည်တွေ ပြတ်တော ကုန်တယ်။ ဒီလိုဖြစ်တာ တစ်စင်တည်းမဟုတ်ဘူး





အကုန်လုံးလိုလိုဖြစ်တာ။ ရက်ကန်းရက်သူအားလုံး ကြောက်လန့်ပြီး ရက်ကန်းရုံအပြင်ဘက် ထွက် ပြေးကြတယ်။ ရက်ကန်းလည်း မရက်ရဲတော့ဘူး။ ရက်ကန်းလုပ်ငန်းနဲ့ပတ်သက်ပြီး နောက်ထပ် အနှောင့်အယှက်တစ်ခု ထပ်တွေ့ရသေးတယ်။ ကြုံရတဲ့သူက ကျွန်တော့်အဒေါ် ဒေါ်သန်းကြည်၊ ရက်ကန်းစင်တွေက တစ်လမ်းသွား ရက်ကန်း စင်လေးတွေချည်းပဲ။ စင်အားလုံးက လွယ်အိတ် တွေ ရက်နေကြတာ၊ ဒေါ်သန်းကြည် သူ့စင်က ထွက်တဲ့ လွယ်အိတ်တွေကိုဖွတ်ပြီး ကျစ်နေတာ၊ ဒီလို ကျစ်နေတုန်းမှာ ပုံထားတဲ့ လွယ်အိတ် အားလုံး အလိုလို လေထဲ မြောက်သွားတယ်။ လေထဲမှာ ခဏကြာအောင်ဝဲပြီးမှ ပြန်ကျလာတယ်။ ဘာပြောကောင်းမလဲ၊ လန့်ဖျတ်ပြီး တစ်ရိုးတည်း ပြေးရတာပေါ့"။

စာရေးသူ ။ "အခြားရော ထူးထူးဆန်းဆန်း ဘာတွေကြုံရ သေးလဲ"

www.burmeseclassic.com



ဦးဝင်းတင့်။ ။ "ကြုံရတယ်၊ ကြုံရတယ်၊ မီးပိုဆောင်ထဲက ရုပ်ဆိုးကြီး အိမ်ပေါ်တက်လာသေးတယ်။ သူတို့အိမ်က နှစ်ဆောင်ပြိုင်၊ နှစ်ထပ်အိမ်ကြီး၊ အိမ်မကသတ်သတ်၊ မီးပိုဆောင်ကသတ်သတ်၊ တစ်ခြားစီ၊ အဲဒီတစ်နေ့တော့ အိမ်မဧည့်ခန်းက လူတွေထိုင်နေတဲ့ဆီကို ရုပ်ဆိုးကြီးလာတယ်။ လာတာက ကြောက်စရာကောင်းတယ်။ လူတွေ တစ်လှမ်းချင်းခြေဆောင့်သွားသလို ရုပ်ဆိုးကြီးက တဒုန်းဒုန်းခုန်ပြီးလာတာလေ။ နောက်တစ်ကြိမ်ကျတော့လည်း မီးပိုချောင်ထဲမှာ ရုပ်ဆိုး ထောင်းနေသံကြားလို့သွားကြည့်ကြတယ်။ လူတစ်ယောက်မှမရှိဘူး။ ရုပ်ကျည်ပွေ့က ရုပ်ဆုံကို သူ့အလိုလို တဒုန်းဒုန်း ထောင်းနေတာ တွေ့ကြရတယ်။ ဒီလိုအဖြစ်တွေက မကြာခဏပါပဲ"

စာရေးသူ။ ။ "နောက်ထပ်ရော မှတ်မိတာရှိသေးလား"

ဦးဝင်းတင့်။ ။ တစ်ခု မှတ်မိသေးတယ်၊

ဒီမှာ ပုဏ္ဏကတိုက်တဲ့အကြောင်းက တော်တော်လေးနာမည်ကြီးသွားတယ်။ ရွာထဲကရော၊ အခြားရွာ





တွေကရော လူတွေလာကြည့်ကြတယ်။ လှေ့လာကြတယ်။ အိမ်အောက်မှာ လူအုပ်က နေ့တိုင်းလိုလိုရှိနေတယ်။ အဲဒီအချိန်မှာ အိမ်အပေါ်ထပ်ကနေ ဖျာတွေ၊ စောင်တွေ၊ ခေါင်းအုံးတွေ ဝဲပျံပြီး လူအုပ်ကြားထဲကျတယ်။ လူတွေလည်းလန့်ပြီး ဟိုပြေး၊ ဒီပြေး၊ ပြေးကြတာပေါ့။ ဒီမျိုးလည်း ခဏခဏဖြစ်ပါတယ်'

စာရေးသူ။ ။ "အဲဒီဖြစ်စဉ်က နောက်ဆုံးမှာ ဘယ်လိုဖြစ်ပြီးပျောက်သွားတာလဲ..."

ဦးဝင်းတင့်။ ။ "ဆရာကောင်း၊ သမားကောင်းတွေ့သွားတာပါ။ ဘယ်သူ့ အဆက်အသွယ်နဲ့ ဆရာတွေ့တာလဲဆိုတာတော့မသိဘူး။ အဲဒီဆရာနာမည်က "ဆရာကြိမ်လုံး"တဲ့၊ အားလုံးက ဒီလိုပဲခေါ်ကြတယ်၊ ကြိမ်လုံးကောက်ကြီးကို ထောက်ထောက်ပြီးသွားတတ်လို့၊ သူက အထက်အညာဘက်ကလာတာ။ မော်ဘီမှာ တည်းနေတာ၊ အဲဒါကို အဆက်အသွယ်ကသွားတွေ့လာတာ၊ ဆရာကြီးကို သွားပင့်တော့အိမ်လိုက်လာတယ်၊ ဆရာကြီးက တံခါးလုံး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးအနံ့ ဆန်မန်း၊ သဲမန်းတွေ လိုက်ပြီး ပက်တယ်။ ရေမန်းတွေ ဖျန်းပက်တယ်။ ပြီးတော့ ဆိုင်ရာပိုင်ရာ ကန်တော့ပွဲတွေထိုးပြီး တင်မြှောက်တယ်၊ တောင်းပန်တယ်။ နောက်ပြီး အိမ်သားတွေကိုလည်းပရိတ်ချည်၊ ပရိတ်ကြိုးတွေ ဆွဲပေးတယ်၊ လက်ဖွဲ့တွေလုပ်ပေးတယ်။ ဆရာကြီး စပြီးရောက်၊ စပြီးအစီအရင်တွေလုပ်လိုက်တာနဲ့ သောင်းကျန်းဆိုးဝါးနေတဲ့ နာနာဘာဝကောင် ပြိမ်ကျသွားတယ်။ လုံးဝကို ဘာသံမှ မကြားရတော့ဘူး။ သဘောကတော့ ဆရာကြီးမ်လုံးဟာ ပညာကောင်းတယ်။ သူ့ကိုနိုင်တဲ့ ဆရာဆိုတာသိပြီး၊ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုး ဖြစ်သွားတာနဲ့တူတယ်။ ဆရာကြီးက သုံးရက်တိတိ အိမ်မှာနေပြီး အစီအရင်တွေလုပ်တယ်၊ အိမ်သားတွေကို စောင့်ရှောက်ပေးတယ်။ သုံးရက်ပြည့်တော့ ပြန်သွားတယ်။ အနှောင့်အယှက်ပေးတဲ့ နာနာဘာဝကောင်ကိုလည်း တစ်သက်လုံး ပြန်မလာနဲ့လို့ပြောပြီး နှင်ထုတ်လိုက်တာလား၊ ကိစ္စတုံး နှိမ်နင်းလိုက်တာလား





မသိဘူး။ အဲဒီအချိန်ကနေ ခုချိန်ထိ ဘာသံမှကို မကြားရတော့ဘူး"

စာရေးသူ။ ။ "ဒါဆိုရင် ဆရာကြီး နှိမ်နင်းလိုက်တာ သုံးရက်ပဲကြာတာပေါ့၊ တော်တော်စွမ်းတဲ့ ဆရာကြီးပဲနော်"

ဦးခင်းတင့်။ ။ "ဟုတ်တယ်၊ တော်တော်စွမ်းတယ်"

စာရေးသူ။ ။ "သာမုကန်ရွာမှာ ပုဏ္ဏကတိုက်တဲ့သတင်းကိုရော ကြားလိုက်သေးလား"

(စာရေးသူနှင့် ကျော်ဆွေဝင်း (ရွှေအင်း)တို့ ရေးသားတဲ့ "ဖုတ်ဝင်တဲ့သူနှင့် တစ္ဆေခြောက်တဲ့ည" စာအုပ်မှာ သာမုကန်ရွာက ထူးခြားအံ့မခန်း၊ ဖြစ်ရပ်ဆန်းအမည်နဲ့ ရေးသားပြီးပါပြီ)

ဦးခင်းတင့်။ ။ "ကြားတာပေါ့၊ ရွာချင်းက မဝေးဘူး၊ လှမ်းမြင်နေရတယ်လေ"

စာရေးသူ။ ။ "အဲဒီကိစ္စမှာတုန်းကတော့၊ နာနာဘာဝကောင် အမျိုးမျိုးနှောင့်ယှက်နေတာကို ၄/၅ လ ခံလိုက်ရတယ်။ ဆရာတွေ အယောက် ၂၀ လောက် ရှင်းတာတောင် မရဘဲ၊ နောက်ဆုံးဆရာကြီးကျမှ ရှင်းလို့ရသွားတယ်။ ဒါတောင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းယူရတယ်တဲ့"

ဦးဝင်းတင့်။ ။ ဒါက ဒီလိုပါ၊ တကယ်တတ်ကျွမ်းနားလည်တဲ့ ဆရာနဲ့ နောက်ဆုံးမှတွေ့လို့ပါ။ ပထမရှင်းတဲ့ ဆရာတွေက ဆရာလက်ထည့်စမ်းတွေများတယ်။ ဒါ့ကြောင့် အချိန်တွေပိုကြာသွားတာ။ ကျွန်တော် ပြောတဲ့ ပုဏ္ဏကတိုက်တာမှာတော့ စဖြစ်တဲ့ရက်နဲ့ ရှင်းသွားတဲ့ရက် (၁၅)ရက်ပဲ ကြာလိုက်တယ်"

စာရေးသူ။ ။ သာမုကန်ရွာက ပုဏ္ဏကတိုက်တဲ့ဖြစ်စဉ်မှာ အောက်လမ်းပညာသည်က နာနာဘာဝ၊ တစ္ဆေသရဲနဲ့ တိုက်တယ်။ အထက်လမ်းဆရာကြီးက သူစီရင်ထားတဲ့ ကျောက်ဖြူကျားရုပ်လေးနဲ့တိုက်တယ်၊ နှစ်ဘက်ပညာပြိုင် တိုက်ကြရင်း၊ အထက်လမ်းဆရာကြီးရဲ့တပည့် ဦးမင်းလွင်ကို နာနာဘာဝတာ ကျွဲယောင်ဆောင်ပြီး ခတ်လို့ ဦးမင်းလွင် တစ်လလောက် ဆေးကုလိုက်ရသေးတယ်လို့ ကြားတယ်"

ဦးဝင်းတင့်။ ။ ဟုတ်တယ်၊ အဲဒီအကြောင်းတွေလည်း ကျွန်တော် ကြားပါတယ်။ ကျွန်တော်တို့ကြားတာကတော့ ဆရာကြီးရဲ့ တပည့်တစ်ယောက်တောင် သေတယ်





လို့ ကြားသေးတယ်။ ဆရာကြီးက တပည့်တွေနဲ့ လာတာတဲ့။ သူက အခင်းဖြစ် ပုဏ္ဏကတိုက်တဲ့ အိမ်ကို လုံးဝမသွားဘူး။ ဘုန်းကြီးကျောင်းမှာ တည်းရင်း၊ အဲဒီကနေ အစီအရင်တွေ လုပ်ပြီး ရှင်းတာ။ သူ့တပည့်တွေကိုတော့ သာမုကန်ဘုရားပေါ်မှာ ထားတာ၊ စည်းမဖောက်ဖို့ သေသေချာချာ မှာတယ်။ စည်းဖောက်ရင် ဒုက္ခရောက်မယ်ဆိုတာ လည်း ပြောပြီးသား။ အဲဒီ၊ တပည့်တစ်ယောက် စည်းဖောက်လို့ နာနာဘာဝကောင်က လက်ဦးပြီး အသေလုပ်လိုက်တယ်လို့ကြားတယ်။ ဘယ်လို စည်းဖောက်တာလဲဆိုတာတော့ မသိရဘူးပေါ့..."

စာရေးသူ။ ။ "ကဲ၊ ဦးဝင်းတင့်ရေ၊ ကျွန်တော် မေးသမျှကို ခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ တစ်ခုတော့ မေးပါရစေဦး။ အောက်လမ်းပညာသည်က သူ့ရဲ့ နာနာဘာဝကောင်နဲ့၊ ဦးစံငြိမ်း+ဒေါ်ဖွားထယ်တို့ အိမ်ကိုမှ ဘာ့ကြောင့် အနှောင့်အယှက်ပေးရတာ လဲဆိုတာလေး ပြောပြပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းတင့်။ ။ "သူတစ်ပါးကြီးပွားချမ်းသာတာ၊ စီးပွားရေး အဆင်ပြေ တိုးတက်နေတာကို မုဒိတာမပွားနိုင်ဘဲ၊ မနာလိုဝန်တိုတာကြောင့် လုပ်တာလို့ထင်ပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ဦးစိုးငြိမ်းတို့က ရက်ကန်း လုပ်ငန်းနဲ့ စီးပွားရေးတိုးတက်နေတယ်လေ။ သူ့ကို ထိခိုက်နစ်နာစေတာမျိုး၊ ဘာတစ်ခုမျှ မရှိပေမယ့် အလိုလိုနေရင်း မနာလိုဖြစ်၊ အလိုလိုနေရင်း ရန်လို မုန်းတီး၊ မစ္ဆေရစိတ်များနေသူတွေ ဒီလောကမှာ များနေသမျှ တစ်နေရာမဟုတ် တစ်နေရာ ဒီလို အဖြစ်တွေက ရှိနေဦးမှာပါပဲ..." ဦးဝင်းတင့်နဲ့ တွေ့ဆုံမေးမြန်းပြီးချိန်မှာ နေက အနောက်ဘက် ကို တော်တော်လေးကျနေပါပြီ။ စာရေးသူလည်း ဦးဝင်းတင့်ကို နှုတ်ဆက်ပြီး ကွန်ပျူတာတက္ကသိုလ် ရှေ့ကမှတ်တိုင်ကို ခပ်သုတ်သုတ် ပြန်လာခဲ့ပါတယ်။ ဒီဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ ပတ်သက်ပြီး စာဖတ်သူ ဘယ်လိုတွေးမယ်၊ ဘယ်လိုထင်မြင်မယ်ဆိုတာ မသိနိုင်ပေမယ့်...

စာရေးသူရဲ့ စိတ်ထဲမှာတော့...





လျှို့ဝှက်တဲ့ အောက်လမ်းပညာရပ်တွေ၊ မမြင်နိုင်တဲ့ နာနာ ဘာဝကောင်တွေ အမှန်တကယ်ရှိတယ်ဆိုတာ ပို၍ ... ပို၍ ... ယုံကြည်နိုင်မှာလာပါတော့တယ်။

www.burmeseclassic.com

# အင်းစိန်ထောင်က ဝိညာဉ်ကောင်

အချုပ်ဆောင်သံတိုင်တွေကြားက
မျက်လုံးရဲရဲကြီးတွေ ...
ကြည့်နေတုန်းမှာပဲ မျက်လုံးကြီးနှစ်လုံးကနေ
နားရွက်၊ နှာခေါင်း၊ ပါးစပ်စတဲ့အစိတ်အပိုင်းတွေ
ဖျတ်ခနဲ၊ ဖျတ်ခနဲ ပေါ်လာတယ် ...
ကြည့်နေရင်းနဲ့ မျက်နှာပုံသဏ္ဌာန်တစ်ခု
လျှပ်ပြတ်သလို ဖြစ်သွားတယ် ...
သံသရာအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်က
မုန်းခဲ့တဲ့အမုန်းမျက်လုံးတွေနဲ့
ထောင်မှူးကြီး ဦးမြင့်ဝေကို ကြည့်နေတယ် ...





## မမျှော်လင့်တဲ့ဖြစ်ရပ်

လွန်ခဲ့ပြီးသော နှစ်အတန်ကြာက အဖြစ်အပျက်လို့ပဲ ဆိုပါရစေတော့ ...

အင်းစိန်ထောင်ထဲမှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါတယ် ...

မမျှော်လင့်တဲ့ဖြစ်ရပ်မှ တကယ့်ကို ဘယ်သူမှ မမျှော်လင့်တဲ့ ဖြစ်ရပ်ပါ။

ဘယ်တုန်းကမှလည်း မဖြစ်ဖူး၊ မကြုံဖူးတဲ့ဖြစ်ရပ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ထူးခြားဆန်းကြယ်ဖြစ်ရပ် မဟုတ်ပေမယ့် ...

ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့ ဖြစ်ရပ်တစ်ခုပါ။

ဖြစ်စဉ်အကြောင်းခြင်းရာက ထောင်မှူးလေးတစ်ဦးနဲ့ လူသတ်တရားခံတစ်ယောက်တို့ ပြဿနာဖြစ်ပွားတဲ့ ကိစ္စဖြစ်ပါတယ်။

ထောင်မှူးလေးနာမည်က ကိုမြင့်ဝေ(အမည်လွှဲ)ပါ။

သင်တန်းဆင်းလာတာလည်း နှစ်အနည်းငယ်ပဲ ရှိသေးတာကြောင့် လုပ်သက်ရင့်ထောင်မှူးတွေလို တရားခံကို တရားခံလို့၊ ထောင်သားကို ထောင်သားလို့ ပြတ်ပြတ်သားသား မမြင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထောင်သားတွေကို ကိုယ်ချင်းစာစိတ်၊ ငဲ့ညှာသနားစိတ်နဲ့ စောင့်ရှောက်အုပ်ချုပ်တတ်သူပါ။

ကိုယ့်လက်အောက်က ထောင်သားဖြစ်ပေမယ့် အသက်ကြီးရင် ရိုသေတတ်တယ်။ ရွယ်တူကိုလေးစားပြီး ငယ်သူဆိုရင်လည်း သနားကြင်နာတယ်။

အားလုံးကိုချုံပြီး ပြောရရင်တော့ ထောင်မှူးလေး ကိုမြင့်ဝေ သဘောကောင်းတယ်၊ သူတော်ကောင်းစိတ်ရှိတယ်လို့ အဖြေထွက်ပါတယ်။

ထောင်ထဲမှာရှိတဲ့ ဘာယာ၊ တန်းစီး၊ ထောင်သားအားလုံးကလည်း ဒီအတိုင်းပဲ သတ်မှတ်ကြတယ် ...

အချင်းဖြစ်တဲ့နေ့ကလည်း ထောင်မှူးလေး ကိုမြင့်ဝေ တာဝန်မှူးကျတဲ့နေ့ပါ။

မနက်ပိုင်းက မြို့နယ်တရားရုံးအသီးသီးမှာ အမှုရင်ဆိုင်ဖို့ ထုတ်သွားတဲ့ တရားခံတွေ ...

ညနေပိုင်းကျ အင်းစိန်ထောင်ကို ပြန်ရောက်လာတယ်။ တရားရုံးချုပ် ဝရမ်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ချုပ်ရမယ့်သူ ချုပ်တယ်။

လွှတ်ဝရမ်းပါလာရင် လွှတ်ရတယ်။





အဲဒီ အင်းစိန်ထောင် ပြန်ဝင်လာတဲ့ တရားခံတွေထဲမှာ အီဆပ်ဆိုတဲ့ ဘင်္ဂါလီကုလားတစ်ယောက် ပါလာတယ်။

လွန်ခဲ့တဲ့ တစ်လလောက်က လူသတ်မှု ကျူးလွန်မိခဲ့တဲ့ လူသတ်တရားခံ။

အီဆပ်က

အသားမည်းပြီး၊ လက်တွေ၊ ခြေတွေ၊ ရင်ဘတ်တွေမှာလည်း အမွေးအမှင်တွေ ထူထူထဲထဲ ပေါက်နေတယ်။

သူ့အလုပ်က အမဲဒိုင်မှာ နွားသတ်၊ ကျွဲသတ်အလုပ်၊ နွားဖျက်၊ ကျွဲဖျက်တဲ့အလုပ်။

ရက်စက်တဲ့အလုပ်နဲ့ ကိုက်ညီအောင်ထင်ရဲ့၊ သူ့မျက်နှာကလည်း ကြမ်းကြုတ်တင်းမာနေတယ်။

ပြောရရင် အီဆပ်ရဲ့ ရုပ်သွင်က လူတစ်ယောက်ထက် တုတ်ခိုင်သန်မာတဲ့ လူဝံမည်းကြီးတစ်ကောင်နဲ့ ပိုပြီး တူနေတယ်။

အီဆပ်မှာ လူမျိုးတူ၊ ဘာသာတူမိန်းမရှိတယ်။

မိန်းမက သူနဲ့ဆန့်ကျင်ဘက် ဖြူဖြူချောချော၊ သေးသေး သွယ်သွယ်လေး။

မိန်းမတွေမှာ အံ့ဩစရာကောင်းတဲ့ စိတ်တစ်မျိုးရှိတယ်ဆိုတာ [illegible]တယ်။



www.burmeseclassic.com

www.burmeseclassic.com



အီဆပ်မိန်းမပဲကြည့်၊ လူကလည်း ကြွေရုပ်ကလေးအတိုင်းပဲ၊ မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်း စီးပွားရေးတောင့်တင်းတယ်။

ဂုဏ်ရည်တူ၊ အဆင့်အတန်းတူထဲက ဥစ္စာပေါ၊ ရုပ်ချော သတို့သားလောင်းတွေ လာပြီးစပ်ဟပ်ကြတယ်။

ဒါပေမယ့် သူမကတော့ လူကြမ်းကြီးအီဆပ်မှ အီဆပ်ပဲ။

အဖေပြောမရ၊ အမေလည်းမရ၊ ဘယ်သူ့ပြောလို့မှ မရ၊ အီဆပ်မှ အီဆပ်ဖြစ်ပြီး အီဆပ်နောက် လိုက်ပြေးသွားတယ်။

အဲဒီအကျိုးဆက်က အမွေပြတ်စွန့်လွှတ်ခြင်း ခံရတာပဲ။

ဒီလို ဘဝတစ်ခုလုံး အနစ်မွန်းခံပြီး အီဆပ်ရင်ခွင်ထဲ ဝင်ခဲ့ပေမယ့်၊ အီဆပ်ကတော့ သူ့စရိုက်အတိုင်း ရက်စက်ကြမ်းကြုတ်လျက်ပဲ။

အရက်မူးတယ်၊ မိန်းမကို ရိုက်တယ်၊ နှိပ်စက်တယ်။

ဒီလိုသတင်းတွေကြောင့် မိန်းမဘက်က မိဘမောင်နှမတွေ စိတ်ဆင်းရဲကြတယ်။ ဒေါသဖြစ်ကြတယ်။

တစ်နေ့ အီဆပ်အိမ်ကို သူ့ယောက္ခမအဘိုးကြီး ရောက်လာတယ်။

အမှန်က အီဆပ်မရှိတဲ့အချိန်ရွေးပြီး သမီးဖြစ်သူကို ပြန်ခေါ်ဖို့လာတာ။





ကံဆိုးချင်တော့ အီဆပ်က အိမ်မှာရှိနေတယ်။ အရက်မူးပြီး မိန်းမကို ရိုက်နေတယ်။

သမီးကိုချစ်တဲ့စိတ်နဲ့ အဘိုးကြီး မျက်နှာလွှဲနေလို့ မရတော့ဘူး။ အီဆပ်ကို ပြေးထိုးတယ်။ နပန်းလုံးတယ်။

ဒါပေမယ့် လူဝံမည်းကြီးတစ်ကောင်လို သန်မာတဲ့ အီဆပ်ကို အဘိုးကြီး ဘယ်လိုမှ မယှဉ်နိုင်ဘူး။

အီဆပ်က အဘိုးကြီးရဲ့ လက်နှစ်ဖက်စလုံးကို သွင်သွင်ကျိုးအောင်ချိုးပြီး ကျောဘက်မှာ စုချုပ်လိုက်တယ်။

ထရံက နွားလည်လှီးတဲ့ဓားကို လှမ်းယူတယ်။

အဘိုးကြီးရဲ့ လည်ပင်းပေါ်ဓားတင်ပြီး ဖိဆွဲပစ်လိုက်တယ်။

အဘိုးကြီးလည်ပင်းက သွေးတွေ ပန်းထွက်လာတယ်။

တစ်မိနစ်တောင် မကြာလိုက်ဘူး။ အဘိုးကြီး ငြိမ်ကျသွားတယ်။

လူသတ်မှုနဲ့ အီဆပ်အဖမ်းခံရတယ်။

ရဲက ရိမန်ယူပြီး အမှုတည်ဆောက်တယ်။

ရိမန်နှစ်ပတ်(တစ်လ)ပြည့်ဖို့ နှစ်ရက်အလိုမှာ တရားရုံးကို တင်တယ်။

တရားရုံးအပြန်မှာ ထောင်ကို ပါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်အရောက်မှာ ထောင်မှူးလေး ကိုမြင့်ဝေနဲ့ စတွေ့ရတာပဲ။

ရုံးထုတ်ပြန်တရားခံတွေကို တရာရုံးဝရမ်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ချုပ်ဖို့၊ လွှတ်ဖို့လုပ်တယ်။

တာဝန်မှူးဖြစ်တဲ့ ထောင်မှူးလေး ကိုမြင့်ဝေက အနီးကပ်ကြီးကြပ်ကွပ်ကဲနေတယ်။

ထောင်ကျတွေထဲက တာဝန်ပေးထားတဲ့ ဘာယာတွေ၊ စာရေးတွေက နာမည်ခေါ်၊ လူစစ်တဲ့အလုပ် လုပ်နေကြတယ်။

"အီဆပ် (ခေါ်) မောင်မောင်ဇင်"

"ရှိ ..."

"အဖေနာမည် ..."

"ဦးယုစွတ် ..."

"ဘာမှုလဲ ..."

"လူသတ်မှု ..."

လူစစ်တဲ့ဘာယာက မေးတယ်။ အီဆပ်က ဖြေတယ်။

အဲဒီအချိန်မှာ အီဆပ်က ဘယ်သူမှ မထင်မှတ်တဲ့အလုပ်တွေ လုပ်လိုက်တာ။ ပုံစံထိုင်နေရာကနေ မတ်တတ်ရပ်ပြီး သူ့ပါးစပ်ထဲက





တံတွေးတွေနဲ့ ထောင်မှူးလေး ကိုမြင့်ဝေရဲ့မျက်နှာကို လှမ်းထွေးလိုက်တယ် ...။

ကိုမြင့်ဝေရဲ့မျက်နှာမှာ တံတွေးတွေ ပေကျံသွားတယ်။

အားလုံး အံ့အားသင့်သွားတယ်။

မျှော်လင့်မထားတဲ့ အဖြစ်အပျက်ကြောင့် ထောင်မှူးလေး ကိုမြင့်ဝေတောင် ရုတ်တရက် မှင်တက်မိသွားတယ်။

အရင်ဆုံး သတိဝင်တဲ့သူက ဘာယာတွေ။

ဘာယာတွေက အီဆပ်ကို ဝိုင်းထိုးတယ်။

အီဆပ်ကလည်း သူ့ဗလကြီးနဲ့ ပြန်ထိုးတယ်၊ ခုခံတယ်။

ကျန်အချုပ်သမားတွေကတော့ ဘာမှ ဝင်စွက်ဖက်လို့ မရဘူး။

ဘာယာတစ်ယောက် အမိန့်ပေးထားတဲ့အတိုင်း ပုံစံထိုင်ပြီး ဆိုင်းငံ့နေကြရတယ်။

နောက်ဆုံးမှာ ဘာယာတွေက အီဆပ်ကို ဝိုင်းပြီးချုပ်နိုင်လိုက်ကြတယ်။

လက်ထိပ်နောက်ပြန်ခတ်ပြီး၊ ခြေထောက်နှစ်ချောင်းကိုပါ ပူးပြီး ကြိုးတုပ်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သံသရာက ပါလာတဲ့ အမုန်းလား

ထောင်အရာရှိတစ်ယောက်ကို အနိမ့်ဆုံး ထောင်သားတစ်ယောက်က မျက်နှာကို တံတွေးနဲ့ထွေးတဲ့ကိစ္စ။

အင်းစိန်ထောင်သမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။

အင်းစိန်ထောင်မှ မဟုတ်ဘူး။ မြန်မာပြည်အနှံ့က ထောင်တွေ ကမ္ဘာအနှံ့အပြားက ထောင်တွေအားလုံး ဘယ်ထောင်မှာမှ ရှိမှာ မဟုတ်ဘူး။

ဘာကြောင့်လည်းဆိုတော့ ထောင်ထဲက ထောင်သားဆိုတာ လူထက် တစ်ဆင့်နိမ့်ပြီး တိရစ္ဆာန်ထက် နည်းနည်းပဲသာတဲ့ လူနှင့် တိရစ္ဆာန်ကြားက သတ္တဝါတစ်မျိုးပါ။

သူတို့ဘဝက ထောင်အရာရှိ မပြောနဲ့၊ ထောင်သားအချင်းချင်း ဖြစ်တဲ့ ဘယာတွေ၊ အခန်းလူကြီးတန်းစီးတွေကိုတောင် ပုံစံထိုင် ပုံစံထနဲ့ အရှိအသေပေး၊ အမိန့်နာခံရတဲ့ဘဝ။

ဒီလိုဘဝအဆင့်အတန်းမျိုးက သေစေ၊ ရှင်စေ အမိန့်ပေးနိုင်တဲ့ ထောင်အရာရှိတစ်ယောက်ကို နှုတ်နဲ့ကျူးလွန် စော်ကားဖို့တောင် မစဉ်းစားရဲတာ။

ကာယကံမြောက် မျက်နှာကို တံတွေးနှင့်ထွေးဖို့ဆိုတာ ကတော့ ဝေးရောပဲ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။





ဘာပဲပြောပြော၊ အခုတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စက အခု ဖြစ်လာခဲ့ပြီ။

ဘာယာက အီဆပ်ကို မေးတယ်။

"ဘာကြောင့် ဒီလိုလုပ်ရတာလဲ ..."

အီဆပ် မပြောဘူး။ ဒေါသမီးတောက်နေတဲ့ စိမ်းစိမ်းဝါးဝါး မျက်လုံးတွေနဲ့ ထောင်မှူးလေး ကိုမြင့်ဝေကို ကြည့်နေတယ် ...။ ဝါးစိမ်းတုတ်ချက်က ရှမ်းခေနဲ့ အီဆပ်ကျောပေါ် ကျသွားတယ်။

"ထောင်မှူးလေးနဲ့ မင်းနဲ့အရင်က တွေ့ဖူးလား"

ဆီဆပ်ကတော့ ပါးစပ်ကို တင်းတင်းစေ့ထားတုန်းပဲ။

ထောင်မှူးလေး ကိုမြင့်ဝေကိုပဲ ကမ္ဘာအဆက်ဆက် မုန်းတီးလာခဲ့တဲ့ လူတစ်ယောက်လို ပြင်းထန်တဲ့ အမြိုးအမုန်းတွေနဲ့ ကြည့်နေတုန်းပဲ။

"ရှမ်း ..."

အီဆပ် ကျောကော့သွားတယ်။

"ထောင်မှူးလေးနဲ့ အရင်က ရန်ငြိုးရန်စ ရှိဖူးလို့လား"

ဘယ်လိုမေးမေး၊ အီဆပ်ဆီက ဘာသံမှ ထွက်မလာဘူး။

"ရှမ်း ..."

"ရှမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်း ..."

ဝါးစိမ်းတုတ်ချက်တွေ တစ်ချက်ပြီးတစ်ချက် ကျောပေါ်ရောက်တာကိုပဲ ကော့ကော့ခံနေတယ် ...။

နောက်ဆုံး၊ ရိုက်တဲ့ဘာယာတွေပဲ လက်အံသေလာတယ်။

ဖွာလန်ကြဲသွားတဲ့ ဝါးစိမ်းတုတ်တွေပဲ တစ်ချောင်းပြီးတစ်ချောင်း ကုန်သွားတယ်။

အီဆပ်ဆီကတော့ ဘာစကားမှ ထွက်မလာဘူး။

ဒါနဲ့ပဲ အီဆပ်ကို အရိုက်ရပ်ပြီး တိုက်ထဲထည့်လိုက်တယ်။

ရုံးချိန်းရက်၊ တရားရုံးထုတ်ချိန်ကလွဲပြီး တစ်လတိတိ တိုက်ပိတ်ထားလိုက်တယ် ...။

ဖြစ်ပွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ...

ကိုမြင့်ဝေလည်း ဘာကြောင့်ဖြစ်ရတယ်ဆိုတာ စဉ်းစားလို့မရဘူး။

အီဆပ်ကို သူတစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး။

ရန်ငြိုးရန်စလည်း မဖြစ်ဖူးဘူး။

ဘာကြောင့် သူ့အပေါ် ဒီလို ရိုင်းရိုင်းပျပျ စော်ကားရတာလည်း။





ပြီးတော့ သံသရာအဆက်ဆက်က မုန်းတီးရွံရှာလာတဲ့ မျက်လုံးတွေနဲ့ ဘာကြောင့် ကြည့်ရတာလည်း ...

အဖြေကတော့ မရှိဘူး။

နောက်ဆုံးမှာ အီဆပ်အကြောင်းနဲ့သက်သက် မိုက်ဂုဏ်ပြတာလို့ပဲ ကောက်ချက်ချလိုက်ကြတယ်။

အင်းစိန်ထောင်ရောက်ရင် ထောင်စည်းကမ်းနဲ့ နေရမယ်။

တန်းစီးတွေ ဘာယာတွေရဲ့ အနိုင်အထက်ပြုတာကို ခံရမယ်။

ဒါတွေကို တွေးပြီး သူ့ကို အနိုင်မကျင့်ရဲအောင်၊ 'ရှိန်'အောင်၊ 'တန့်'အောင်။

ထောင်အရာရှိရဲ့မျက်နှာကို တံတွေးနဲ့ ထွေးပြတာလို့ပဲ ကောက်ချက်ချလိုက်တယ် ...။

ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ထူးဆန်းအံ့သြစရာကောင်းတဲ့ နောက်ထပ်အချက်တစ်ချက် ရှိသေးတယ်။

အဲဒါကတော့ အီဆပ်ပဲ။

အီဆပ်ကို ဝါးစိမ်းတုတ်နဲ့ ရိုက်တယ်။

တစ်ချောင်း ဖွာလန်ကြဲသွားရင် နောက်တစ်ချောင်း၊ တစ်ချောင်းပြီးတစ်ချောင်း ရိုက်တယ်။

အီဆပ်ကျောပေါ်မှာ ဝါးစိမ်းတုတ်ချက်တွေ ပြင်းပြင်းထန်ထန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ပြီးတစ်ချက် ကျတယ်။

အပေါ်အင်္ကျီကျောတောင် စုတ်ပြတ်သွားတယ်။

တိုက်ထဲထည့်ကာနီးမှာ ဆေးလိမ်းပေးဖို့ ကျောကို လှန်လိုက်တယ်။

အီဆပ်ရဲ့ ကျောပြင်မှာ ဘာအရိုးရာမှ မရှိဘူး။

ဘာအညို၊ အမည်းမှ စွဲမနေဘူး။

အားလုံး အံ့အားသင့်သွားကြတယ်။

တစ်ချို့ဆို လန့်တောင် လန့်သွားတယ်။

ဘာယာတစ်ယောက်က အီဆပ်ကို ပါးစပ်ဟခိုင်းတယ်။ အံပွား ပါ/မပါ ကြည့်တယ်။

အံပွားပါရင် သူတစ်ပါးနှိပ်စက်လို့ မရဘူး။ တုတ်၊ ဓားပြီးတယ်ဆိုတဲ့ အစွဲအလန်း ရှိတာကိုး ...။

ဒါပေမယ့် အီဆပ်မှာ အံပွားမရှိဘူး။

အံပွားမရှိဘဲ ဘာလို့ စွမ်းနေရတာလဲ။

ဘယ်သူမှ မပြောနိုင်ဘူး။

ဘာပဲဖြစ်ဖြစ်၊ ဒီအကြောင်းကလည်း အင်းစိန်တစ်ထောင်လုံး ပျံ့နှံ့သွားတဲ့သတင်းတစ်ပုဒ် ဖြစ်ခဲ့ရပါတယ် ...။





## အလုပ်ကြမ်းနဲ့ ထောင်ဆယ်နှစ်

အီဆပ်အမှု ရက်၊ လအတန်ကြာ စစ်ဆေးပြီးမှ စီရင်ချက်ချတယ်။

"ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁၀)နှစ် ချမှတ်လိုက်သည်"လို့ တရားသူကြီးက အမိန့်ချလိုက်တယ်။

အီဆပ်တရားရုံးခန်းထဲမှာ သောင်းကျန်းတယ်။

တရားသူကြီးကို ဖိနဲ့ကိုင်တုတ်တယ်။ တစ်တစ်ခွခွ ဆဲရေးတယ်။

ရဲတွေက လက်ထိတ်သံကြိုး ဆောင့်ဆွဲပြီး အတင်းခေါ်သွားရတယ်။

အီဆပ်တစ်ယောက် အင်းစိန်ထောင်မှာ ထောင်သက် တော်တော်လေး ရလာပြီ။

အနေအထိုင်လည်း တော်တော်လေး အပိုးကျိုးလာတယ်။

ဒါပေမယ့် ထောင်မှူးလေး ကိုမြင့်ဝေနဲ့ကတော့ ငြိမ်းချမ်းရေး မရသေးဘူး။

ငြိမ်းချမ်းရေး မရတာက သူ့ဘက်က၊

ထောင်မှူးလေး ကိုမြင့်ဝေကတော့ နဂိုကတည်းက စိတ်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးအေးချမ်းတဲ့ သူတော်ကောင်းဆိုတော့ အငြိုးအတေး မရှိဘူး။

တာဝန်အတိုင်းပဲ အလုပ်ကိုပုံမှန်လုပ်တယ်။

အီဆပ်ကိုလည်း ပြဿနာဖြစ်ခဲ့ဖူးသူလို့ အမှတ်မရှိတော့ဘူး။

အီဆပ်ကတော့ ထောင်မှူးလေးလို မဟုတ်ဘူး။

ကိုမြင့်ဝေကို မြင်လို့မရဘူး။

မြင်လိုက်တာနဲ့ ကိုက်တတ်တဲ့ခွေးတစ်ကောင်လို ဖာန်တဗီဗီ၊ အံတကြိတ်ကြိတ်နဲ့ လုပ်တုန်း။

ဘာယာတွေ တန်းစီးတွေ အမျိုးမျိုးနှိပ်ကွပ်ထားလို့ ကိုယ်ထိလက်ရောက် မပြုမူပေမယ့်၊ အခွင့်သာရင်တော့ လုပ်ချင် လုပ်နိုင်တယ်လို့ ထင်ရတယ်။

ပြီးတော့ သူ့ဘဝက သေမထူး နေမထူးဘဝ။

မည်းမည်းမြင်ရာ ကိုက်ချင်နေတဲ့ ခွေးရူးတစ်ကောင်လိုတဝမျိုး လုံးဝ စိတ်မချရတဲ့ အနေအထားလည်း ဖြစ်နေတယ်။

ထောင်မှူးလေး ကိုမြင့်ဝေအဖို့တော့ ...

တစ်ကြိမ်တစ်ခါမျှ မဆုံမတွေ့ဖူးသူ ...

ရန်ငြိုးရန်စ လုံးဝမရှိသူတစ်ယောက်ရဲ့ သံသရာက ပါလာတဲ့ အမုန်းနဲ့ အကြောင်းမဲ့သက်သက်၊ မုန်းတီးခံနေရတဲ့ သူ့အဖြစ်သနစ်ကို အံ့ဩလို့မဆုံးနိုင်အောင် ဖြစ်နေရလေရဲ့ ...။





လှသတ်သမားဆိန်ရုံး

အီဆပ် ရဲဘက်ပါသွားတယ်။

ရဲဘက်ဆိုတာက အလုပ်စခန်းကို ပြောတာ။

တစ်ချို့ကလည်း ဝန်ဆောင်မှုစခန်းလို့ သုံးကြတယ်။

ရဲဘက်စခန်းအမျိုးမျိုး ရှိတယ်။ လမ်းဖောက်လုပ်ရေးစခန်း၊ ကျောက်ထုတ်စခန်း၊ ရာဘာစိုက်ပျိုးရေးစခန်း စသည်စသည်ပေါ့။

အီဆပ် သွားရတဲ့စခန်းက ကျောက်ထုတ်လုပ်ရေးစခန်း ...

တောထဲတောင်ထဲက ကျောက်တောင်ကြီးတွေကို မိုင်းနဲ့ ခွဲရတယ်။

ပြိုကျလာတဲ့ ကျောက်တုံး၊ ကျောက်ခဲကြီးတွေကို ပေါက်ချွန်းကြီးတွေ၊ တူကြီးတွေနဲ့ ခွဲရ၊ စိတ်ရ၊ ထုရ၊ ချေရတဲ့စခန်း။

ရဲဘက်စခန်းတွေက အလုပ်ပင်ပန်းပေမယ့် ထောင်ထဲမှာထက် အများကြီး အနေချောင်တယ်၊ လွတ်လပ်တယ်။

လေကောင်းလေသန့်ကို ဝဝလင်လင် ရှူရှိုက်ရတယ်။

သတ်မှတ်ထားတဲ့ နေ့တွက်ခ ငွေကြေးရတယ်။

ထောင်ဝင်စာမိသားစုနဲ့လည်း လွတ်လွတ်လပ်လပ် တွေ့ခွင့် ဆုံးထားတယ်။

အနေအထိုင်ကောင်းရင်၊ စည်းကမ်းလိုက်နာရင် ရှာပြန်ခွင့်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ခွင့်၊ ခွင့်ရက်ပေးသေးတယ်။

ဒါကြောင့် တစ်ချို့က သဘောကျတယ်။

ကိုယ်တိုင်ဆန္ဒပြုပြီး ရဲဘက်လိုက်တယ်။

တစ်ချို့ နှစ်ကြီးထောင်ကျတွေကတော့ ထွက်ပြေးချင်လို့ ရဲဘက်ကိုလိုက်တာ။

ဟုတ်တယ်၊ သေမထူး၊ နေမထူးလူမိုက်တွေရှိတယ်။

သူတို့က သေရင်မြေကြီး၊ ရှင်ရင်ရွှေထီးလို့ သဘောထားပြီး စိတ်ထင်ရာ လုပ်တတ်ကြတယ်။

ထောင်မှာက အုတ်နံရံလေးဘက် လေးတန်နဲ့၊ အဲခိုင်အမာ ကာရံထားတဲ့ အချုပ်ဆောင်နဲ့၊ တင်းကျပ်တဲ့စည်းကမ်းနဲ့ လုံခြုံရေး တွေနဲ့၊

ရဲဘက်မှာက သံဆူးကြိုးတစ်ထပ်၊ နှစ်ထပ်ပဲ ကာရံထား တယ်။ စည်းကမ်းပိုင်းကျတော့လည်း ဖြေလျှော့ပေးတယ်။ အစောင့် အကြပ်ကလည်း လျှော့ရဲတယ်။

ဒီလိုအားနည်းချက်တွေသိတဲ့အတွက် ထွက်ပြေးချင်လို့ ရဲဘက် လိုက်ကြတာ။

အရာရာတိုင်းမှာ အဆိုးနဲ့အကောင်း ဒွန်တွဲနေတယ်။

အားနည်းချက်နဲ့ အားသာချက်ရှိတယ်။





ရဲဘက်အလုပ်စခန်းဆိုတာကလည်း ဒီအတိုင်းပါပဲ။

ကောင်းတဲ့အချက်တွေရှိသလို ဆိုးတဲ့အချက်တွေလည်း အများ [illegible]ရှိတယ်။

တောတောင်ထဲက ငှက်များက သူတို့အတွက် အကြီးဆုံး [illegible]

ဒုတိယရန်သူက လုပ်ငန်းခွင်ကြောင့်ရတဲ့ ဒဏ်ရာ၊ အနာတရ [illegible] ...။

ကျောက်တောင်တွေကို မိုင်းခွဲတဲ့အခါ လုံခြုံရေးသတိနဲ့ ကြိုတင် [illegible]ရှားပုန်းအောင်းပြီးမှ မိုင်းကိုခွဲတယ်။

ဝုန်းခနဲ ပေါက်ကွဲသံကြီးနှင့်အတူ ကျောက်တုံး၊ ကျောက်ခဲ [illegible] အရပ်ဆယ်မျက်နှာ လွင့်စင်တယ်။

တံဆိုးတဲ့အခါ အခန့်မသင့်တဲ့အခါမျိုးမှာ ဘယ်လောက် [illegible] ပုန်းနေ လာမှန်တတ်တယ်။

ဒဏ်ရာအပြင်းအထန် ရတတ်တယ်။

ဒီအဖြစ်မျိုးက ဖြစ်ခဲပေမယ့် ဖြစ်တဲ့သမိုင်းကြောင်းရှိတယ်။

ကျောက်ထုတ်စခန်းမှာ လူတိုင်းလောက်နီးပါးဖြစ်တာက [illegible]တတ်စမှန့်တဲ့ အနာလေးတွေပါ။

ကျောက်ခဲကျောက်တုံးကြီးတွေကို တူကြီးတွေနဲ့ ထုခွဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ ကျောက်အစအနလေးတွေ လာမှန်တတ်တယ်။

အပွန်း၊ အပဲ့ဒဏ်ရာလေးတွေ ရတတ်တယ်။

ထိရောက်တဲ့ဆေးကုသမှု မရှိတာကြောင့် အနာတွေက တစ်စ တစ်စ ဆိုးဝါးလာတယ်။

တတိယရန်သူက ဆေးဝါးမပြည့်စုံမှုဘဲ။

ရဲဘက်စခန်းမှာရှိတာက ကျန်းမာရေးမှူးနဲ့ အဖွဲ့ပဲရှိတယ်။ ဒီကြားထဲ ပြည့်စုံလုံလောက်တဲ့ ဆေးဝါးမရှိဘူး။

တစ်ချို့ရဲဘက်စခန်းတွေက ဒေသခံတွေ အသုံးပြုတဲ့ သစ်ဥ သစ်ဖု၊ ဆေးမြီးတိုတွေနဲ့ ကုသကြတယ်။

ဒီအချက်သုံးချက်ကို ရဲဘက်တိုင်းလိုလို တစ်ခုမဟုတ်တစ်ခု တော့ တွေ့ကြုံခံစားရစမြဲပါ။

အီဆပ်ကတော့ သူပြုခဲ့တဲ့ အကုသိုလ်ကံအကြောင်းတရား တွေရဲ့ အကျိုးဆက်လို့ ပြောရမှာပါပဲ။

လုပ်ငန်းခွင်မှာရတဲ့ အနာလေးတွေက သူ့ခန္ဓာကိုယ် တစ်ကိုယ် လုံးမှာ မွစာကြနေတယ်။ ရောင်တဲ့နေရာကရောင်၊ ပြည်တည်တဲ့ နေရာက ပြည်တည်နဲ့ ကုလို့ကို မနိုင်ဘူး။ ယင်ကလည်း တလောင်းလောင်းနဲ့။

အနာညှည်းဆဲလို့ ကိုယ်ရောစိတ်ပါ ချည့်နဲ့ပိန်ချုံးနေတုန်း





ဒဏ်ရာများက တန်းဝင်လာတယ်။

ဆေးဝါးမလုံလောက်တဲ့အပြင် ထိရောက်တဲ့ကုသမှုလည်း ခံယူနိုင်တဲ့အတွက် အီဆပ်ရောဂါအခြေအနေက တဖြည်းဖြည်း ဆိုးဝါးလာတယ်။

အင်းစိန်ထောင်ရောက်စက လူဝံကြီးတစ်ကောင်လို သန်မာ ထွားကြိုင်းတဲ့ ခန္ဓာကိုယ်ဟာ ပြင်းထန်တဲ့ ငှက်ဖျားဒဏ်ကြောင့် ပျောက်ကွယ်သွားတယ်။

သုံးလေးလအတွင်း အရိုးပေါ်အရေတင်၊ ဗိုက်ပူနံကား၊ အသား ညိုးမည်း၊ အမွေးထူထူနဲ့ ကြောက်စရာသတ္တဝါတစ်ကောင်လို ဖြစ်သွားတယ် ...။

နောက်ဆုံးမှာတော့ အီဆပ်တစ်ယောက်၊ သူပြုခဲ့တဲ့ အကုသိုလ် အထုပ်အပိုးတွေ တစ်နပ့်တစ်ပိုးသယ်ဆောင်ပြီး လူ့ဘဝကို ကျောခိုင်း ထွက်ခွာသွားပါတယ်။

အီဆပ်သေတဲ့အချိန်မှာ ပြစ်ဒဏ်ဆယ်နှစ်ပြည့်ဖို့ ခုနစ်နှစ်တောင် ကျန်ပါသေးတယ်။

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမလား ...။

ထောင်မှူးလေး ကိုမြင့်ဓေအပေါ် ဖြစ်ပေါ်နေတဲ့ အီဆပ်ရဲ့ ပြင်းထန်လွန်းတဲ့ အမုန်းဝိညာဉ်ကြောင့်လို့ပဲ ပြောရမလား။

www.burmeseclassic.com



ရန်ကုန်မြို့နဲ့ မိုင်ပေါင်းများစွာ ကွာဝေးတဲ့ တောထဲ တော
ထဲက ကျောက်ထုတ်စခန်းတစ်ခုမှာ အီဆပ်သေပြီးလို့ နာ
အနည်းငယ်အကြာမှာပဲ ...၊

အင်းစိန်ထောင်၊ အမျိုးသားအပြစ်ကျ တရားခံတွေထား
အဆောင်အမှတ်(ကျားကျဆောင်)မှာ အမွေးထူထူနဲ့ လက်
တစ်ချောင်းပေါ်လာပြီး ခြောက်လှန့်လို့ အလန့်တကြား ဖြစ်
တစ်ခု ဖြစ်ပွားခဲ့ပါတယ်။

အဲဒီ ကျားကျဆောင် ... ဟာ အီဆပ်၊ ရဲဘာအလုပ်စ
မထွက်မီက နောက်ဆုံးနေသွားခဲ့တဲ့ အဆောင်တစ်ဆောင်ပဲ ဖြစ်
တယ်။

## အင်းစိန်ထောင်က ဝိညာဉ်ကောင်

ကျားကျ(-)မှာ သရဲခြောက်ခံရတဲ့သတင်း၊ နောက်
မနက်ကျ အင်းစိန်ထောင်တစ်ခုလုံး ပြန့်သွားတယ်။

မပြန့်ဘဲ ရှိပါ့မလား။

ကျားကျ(-)က ညနက်ပိုင်းအလှည့်ကျ ကင်းသမား ခါးလှ
ငယ်သံပါအောင် အော်လိုက်တဲ့အသံကြောင့် ထောင်လန့်မှုအ
စားလေး ဖြစ်သွားတယ်။





တာဝန်ကျတွေ အလျင်အမြန်သွားပြီး ထိန်းလိုက်ရတယ်။

ဝန်ထမ်းတွေရောက်လာတော့ ခါးလှထွန်းကို တန်းစီးက
ပုံစံထိုင်နိုင်းထားပြီးပြီ။

တင်ပျဉ်ခွေထိုင်၊ ခါးကိုမတ်မတ်ထား၊ လက်သီးဆုပ်ထားတဲ့
လက်နှစ်ဖက်က ဒူးနှစ်လုံးပေါ်မှာ တောင့်တောင့်မှောက်ထားတယ်။
မျက်စိနှစ်လုံးက ရှေ့တည့်တည့် ကြည့်နေတယ်။

ပုံစံထိုင်နေရင်းနဲ့ ခါးလှထွန်း တုန်နေတယ်။

လေထဲဝဲနေတဲ့ လက်ပြတ်ကြီးတစ်ချောင်းကို မြင်ယောင်
နေတုန်း။

ဒူးတွေ၊ ပေါင်တွေ တဆတ်ဆတ်တုန်နေတာကြည့်ပြီး ခါးလှထွန်း
ဘယ်လောက်ကြောက်လန့်နေလဲဆိုတာ ခန့်မှန်းလို့ရတယ် ...။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ..."

ထောင်အရာရှိက အပြေးရောက်လာပြီး အလောသုံးဆယ်
မေးတယ်။

"ဒီကောင် ခါးလှထွန်း သရဲခြောက်ခံရလို့တဲ့ ဆရာ ..."
တန်းစီးက ဖြေတယ်။

"သောက်အဓိပ္ပါယ် မရှိကွာ၊ ဒီအဆောင်မှာ သရဲခြောက်
သလို့ တစ်ခါမှ မကြားဖူးဘူး။ တော့ကောင် ခါးပိုက်နှိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း၊ သရဲဘယ်လို ခြောက်တာလဲ ...”

ထောင်အရာရှိ ဖေါက်ငမ်းမေးလိုက်တယ်။

ဒါးလှထွန်းက သူ့သရဲခြောက်ခံရတဲ့အကြောင်းကို အကြောက်မပြေသေးတဲ့အသံနဲ့ ပြောပြတယ်။

“ကျွန်တော်က ၁၂-၂ ကင်းပါဆရာ၊ ကင်းစောင့်ရင်း အိပ်နေတဲ့သူတွေကို ပုဆိုးတစ်ထည်နဲ့ ခြင်ယမ်းပေးနေပါတယ်။

အဲဒီတုန်းမှာ လက်ပြတ်ကြီးဆရာ၊ လက်ပြတ်ကြီးတစ်ချောင်း လေထဲမှာ ဝဲနေတယ်။

ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ အော်လိုက်ဟာပါ ဆရာ ...”

“သရဲခြောက်ခံရတာ တကယ်နော် တော့ကောင်၊ မင့်စကားကလည်း သုံးခွတ်တစ်ခွက်တင်ပဲ။ ယုံရတာ မဟုတ်ဘူး ... သရဲကိစ္စ မနက်ကျမှ ရှင်းမယ်။ တန်းစီး လူစစ်စမ်းဟေ့ ...”

ထောင်အရာရှိက တန်းစီးကို လူစစ်ခိုင်းတယ်။

ညနေ၊ ထောင်ပိတ်တုန်းကရှိတဲ့ လူဦးရေစာရင်းနဲ့ တိုက်ကြည့်တယ် ...၊

စာရင်းကိုက်ညီတာတွေ့မှ ပြန်သွားကြတယ် ...၊

သရဲသတင်းက နောက်နေ့မှာ ထူးခြားဆန်းကြယ် သတင်း





ဖြစ်သွားတယ် ...။

စောစောပိုင်းမှာ ထောင်အာဏာပိုင်တွေဟာ သရဲခြောက်တဲ့ကိစ္စကို အယုံအကြည်မရှိကြဘူး။

ဘာကြောင့်လည်းဆိုတော့ ဒီကျားကျ(-)မှာ သရဲခြောက်တယ်ဆိုတဲ့ ရာဇဝင်မရှိလို့ပဲ။

နိုင်ငံရေး၊ လူမှုရေးတစ်ခုခုအကြောင်းပြုဖို့ လုပ်လုပ်ရှားရှားဖြစ်အောင်လုပ်တဲ့သတင်းလားလို့ စိုးရိမ်မကင်း ဖြစ်ကြတယ် ...။

တစ်ခါကနှစ်ခါ၊ နှစ်ခါကသုံးခါ-လေးခါဆက်တိုက် ဖြစ်လာတော့မှ အမှန်တကယ် သရဲခြောက်တဲ့ ဖြစ်စဉ်ဆိုတာ လက်ခံလာကြတယ် ...။

ထူးခြားချက်က အခြားအဆောင်၊ အခန်းတွေမှာတော့ တစ္ဆေခြောက်လှန့်တာမျိုး မရှိဘူး။ ကျားကျဆောင်မှာပဲ အမျိုးမျိုးခြောက်လှန့်နေတယ်။

အမွေးအမှင်တွေနဲ့ လက်မည်းမည်းကြီးတစ်ချောင်း လေထဲဝဲနေတာကို မကြာခဏ တွေ့ကြရတယ်။

တစ်ခါတစ်ခါမှာတော့ နီရဲနေတဲ့ မျက်လုံးကြီးနှစ်လုံးကို ထောင်သားတွေ တွေ့ရပြန်တယ်။

နာနာဘာဝက သူရှိနေတာကို မြင်အောင်ပြတယ်။ ပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ပျောက်ကွယ်သွားတတ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျားကျဆောင်(–)မှာ နေခဲ့ဖူးတဲ့ ထောင်သားတစ်ယောက်သေပြီး အဆောင်ကို စွဲလန်းစိတ်နဲ့ ဝိညာဉ်လာပြီး တည်မှီနေတာ ဖြစ်မယ်လို့ တွေးတောမိကြတယ်။

ဒါပေမယ့် သေသွားတဲ့ထောင်သားဟာ ဘယ်သူဘယ်ဝါ ဆိုတာတော့ သဲသဲကွဲကွဲ မသိနိုင်ကြဘူး ...၊

ဒီလို အင်းစိန်ထောင်ထဲ သရဲခြောက်တဲ့ပြဿနာ ကြုံနေရချိန်မှာ ထောင်မှူးလေး ကိုမြင့်ဝေ အင်းစိန်ထောင်မှာပဲ ရှိနေပါသေးတယ်။

ရာထူးတက်ပြီး ထောင်မှူးကြီးတောင် ဖြစ်နေပါပြီ။

သူ့အနေနဲ့လည်း ဒီသရဲဟာ အီဆပ်ဆိုတာကို ဘယ်လိုမှ မသိနိုင်ပါဘူး။

ဘာကြောင့်လည်းဆိုတော့ အချိန်ကာလအားဖြင့် လေးနှစ်လောက်ကြာခဲ့ပြီ ဖြစ်တဲ့အပြင်၊

ကိုမြင့်ဝေရဲ့စိတ်ထဲမှာလည်း အီဆပ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်နေတဲ့အတွက်ပါ။

သူဟာ နေ့တစ်မှု များပြားတဲ့အလုပ်တာဝန်တွေ၊

အသစ်အသစ်သော လူတွေကိုပဲ နေ့စဉ် တွေ့ဆုံဆက်ဆံ





နေရတဲ့ အတွက်ကြောင့်ပါ။

ဒါပေမယ့် မမျှော်လင့်တဲ့ တစ်နေ့မှာတော့ ဒီသရဲခြောက်တဲ့ ကိစ္စက သူနဲ့ပတ်သက်စပ်ဆိုင်တဲ့ ကိစ္စတစ်ခုဆိုတာ ထောင်မှူးကြီး ဦးမြင့်ဝေ သိရှိလိုက်ရပါတော့တယ် ...။

## ခြောက်စရာ အမုန်းဝိညာဉ်

တစ်ညမှာ ထောင်မှူးကြီး ဦးမြင့်ဝေ အတွင်းတံခါးကြီး ဖွင့်ပြီး ထောင်ထဲဝင်ခဲ့တယ် ...။

လုံခြုံရေးဆောင်ရွက်မှု အခြေအနေနှင့် ထောင်သားတွေ သည်းကမ်းသေဝပ်မှု ရှိ၊ မရှိကို လျှပ်တစ်ပြက် ဝင်စစ်ခြင်းပါ ...၊

ထောင်ထဲမှာက အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ် နေတယ်။

တာဝန်ကျ ထောင်မှူးလေးတစ်ယောက်လည်း ဦးမြင့်ဝေ နောက်က ကပ်ပါလာတယ်။

သူတို့ဆရာတပည့်နှစ်ယောက် စီးထားတဲ့ရှူးဖိနပ်ခွာသံ တေါက်ဒေါက်က တိတ်ဆိတ်လွန်းတဲ့ညထဲမှာ စည်းချက်မှန်မှန် ထွက်ပေါ်နေတယ် ...။

လှည့်လည်စစ်ဆေးရင်း တစ္ဆေခြောက်တယ်လို့ နာမည်ကြီး

www.burmeseclassic.com



နေတဲ့ ကျားကျဆောင်ဘက် ရောက်လာတယ် ...။

သူတို့ခြေလှမ်းတွေ နည်းနည်းနှေးသွားသလိုပဲ။

ထောင်မှူးကြီးက တစ္ဆေခြောက်တဲ့ အခန်းအမှတ်(၁)ဘက်ကို လှည့်ကြည့်လိုက်တယ် ...။

“ဟာ ...”

ဘယ်တုန်းကတည်းက သူတို့ကို ကြည့်နေလဲမသိဘူး။

အနီမီးလုံးနှစ်လုံးလို ရဲရဲတောက်နေတဲ့ မျက်လုံးကြီးနှစ်လုံး။

ဦးမြင့်ဝေ သူ့နံဘေးမှာပါလာတဲ့ ထောင်မှူးလေးကို ကြည့်လိုက်တယ် ...။

ထောင်မှူးလေးလည်း သရဲမျက်လုံးနီနီရဲရဲကို မြင်ပုံရတယ်။

“ဟို ... ဟို ... ဟိုမှာ ...”လို့ အထစ်ထစ် အငေါ့ငေါ့နဲ့ ပြောနေတယ် ...၊

ဦးမြင့်ဝေကတော့ မကြောက်ဘူး။

အချုပ်ဆောင်သံတိုင်တွေကြားက သူတို့ကို စိုက်ကြည့်နေတဲ့ မျက်လုံးရဲရဲကြီးတွေကိုပဲ သူကလည်း ပြန်ပြီးစိုက်ကြည့်နေမိတယ်။

သူကြည့်နေတုန်းမှာပဲ မျက်လုံးကြီးနှစ်လုံးကနေ နားရွက်၊ နှာခေါင်း၊ ပါးစပ်စတဲ့ အစိတ်အပိုင်းတွေ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတယ် ...။





ပေါ်လာတာက အရမ်းမြန်တယ်။

ကင်မရာ ရိုက်ချက်တွေလို ချက်ချင်း၊ ချက်ချင်း၊ တစ်ခုပြီး တစ်ခု ပေါ်လာနေတာ ...၊

ကြည့်နေရင်းနှင့်ပဲ မျက်နှာပုံသဏ္ဍာန်တစ်ခု လျှပ်ပြက်သလို ဖြစ်သွားတယ်။

“အား ...”

ဦးမြင့်ဝေ လန့်အော်မိတော့မလို ဖြစ်သွားတယ်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့ ပါးမြိုင်မွေးတွေ ထူထူထဲထဲ ပေါက်နေတဲ့ ကြောက်စရာ မျက်နှာကြီး ...၊

ဒီမျက်နှာမျိုး မြင်ဖူးတယ်လို့ ဦးနှောက်မှတ်ဉာဏ်က သတင်းပို့တယ်။

ဦးမြင့်ဝေ သရဲခေါင်းပြတ်ရဲ့ မျက်လုံးတွေကို တုံ့ပြန် စိုက်ကြည့်ရင်း တစ်စုံတစ်ခုကို သတိရလိုက်တယ် ...၊

သံသရာအဆက်ဆက် မုန်းခဲ့တဲ့အမုန်းမျက်လုံးတွေ ...၊

ကမ္ဘာအဆက်ဆက်က မုန်းခဲ့တဲ့ အမုန်းမျက်လုံးတွေနဲ့ သူ့ကို ကြည့်ခဲ့ဖူးသူတစ်ယောက် ရှိခဲ့တယ် ...၊

အမုန်းမီးလျှံတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့ ထိတ်လန့်စရာ မျက်လုံးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဝေရဲ့ စိတ်အာရုံမှာ လွန်ခဲ့တဲ့လေးနှစ်လောက်က လူတစ်ယောက်ရဲ့ ရုပ်သွင်တစ်ခု ပေါ်လာတယ် ...၊

မိမိကို အကြောင်းမဲ့ မုန်းတီးနေတဲ့ ...၊

မိမိရဲ့ မျက်နှာကို တံတွေးနှင့်ထွေးခဲ့တဲ့ ...၊

လူဝံမည်းကြီးတစ်ကောင်လို အမွေးအမှင်တွေ ထူထပ်နေတဲ့ အီဆပ်ရဲ့ရုပ်သွင် ...

သူ သရဲမျက်နှာကြီးရဲ့ အဖြေကို သိလိုက်ချိန်မှာပဲ အီဆပ်ရဲ့ မျက်နှာကြီး ပျောက်သွားတယ် ...၊

အဲဒီညတစ်ညလုံး ဦးမြင့်ဝေ အိပ်မပျော်တော့ဘူး။

အီဆပ်ရဲ့အမုန်းဟာ ဝိညာဉ်ဘဝတိုင်အောင် ရှိနေတဲ့အဖြစ်ကို သူ့အရမ်း အံ့သြနေမိတယ် ...၊

တစ်ချိန်တည်းမှာပဲ မိမိနဲ့အီဆပ်တို့ သံသရာရဲ့ ဆုံမှတ်တစ်ခုမှာ ဆုံတွေ့ခဲ့နိုင်တယ်။

အဲဒီအချိန်က အီဆပ်အပေါ်မှာ ကမ္ဘာအဆက်ဆက် မုန်းတီးစေလောက်တဲ့ အပြစ်မျိုး သူကျူးလွန်မိနိုင်တယ်လို့လည်း တွေးမိတယ် ...၊

တွေးမိတဲ့အတွက် စိတ်မကောင်း ဖြစ်မိတယ်။

သူ့အပေါ် အကြောင်းမဲ့ မုန်းတီးနေတဲ့ အီဆပ်အပေါ်မှာလည်း





နားလည်ခွင့်လွှတ်တဲ့ စိတ်တွေ ရလိုက်တယ် ...။

နောက်နေ့မနက်မှာ ကျားကျဆောင် သရဲခြောက်တဲ့ကိစ္စနဲ့ တော်သက်ပြီး ထောင်ပိုင်ကြီးကို သတင်းပို့တယ်။

ထောင်ပိုင်ကြီးရဲ့အမိန့်တို့ နာခံပြီး၊ ကျားကျဆောင်မှာ ဆောင်းမှုကုသိုလ်လုပ်တယ်။ ရေစက်ချ တရားနာတယ်။

အီဆပ်ကို နာမည်တစ်ခေါ်ပြီး အမျှအတန်း ပေးဝေတယ်။

ပြီးတော့ အီဆပ်ကိုးကွယ်တဲ့ ဘာသာအရလည်း ကုသိုလ် ပြီး ဆုတောင်းပေးခဲ့တယ် ...။

အဲဒီအချိန်ကစပြီး ကျားကျဆောင်(–)မှာ သရဲခြောက်တယ် ဆိုတဲ့ အသံမကြားရတော့ဘူး။

တကယ်လည်း မခြောက်တော့ဘူး။

မြင့်မြတ်ရာဘုံဘဝကို တက်လှမ်းသွားလို့ မခြောက်တော့ သလား ...!

ဦးမြင့်ဝေအပေါ်မှာ အမုန်းတွေ သင်ပုန်းချေလို့ မခြောက်တော့တာလား ... ဆိုတာကတော့၊

အီဆပ်(ခေါ်)မောင်မောင်ဇင်ရဲ့ ဝိညာဉ်လိပ်ပြာကလွဲပြီး ဘယ်သူမှ သိနိုင်မှာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

# မမြင်ရတဲ့ အပိုင်စားတွေနဲ့ ပဲခူးရိုးမ

စာရေးသူတို့ကို ရေတံခွန်ချောက်ကြီးထဲ
မကျအောင် ကယ်တင်လိုက်တာ ဘယ်သူလဲ ?
လမ်းပြ ကရင်ဗထီးကြီးပြောသလို
မမြင်ရတဲ့ တောပိုင် တောင်ပိုင်
အစောင့်အရှောက် ပုဂ္ဂိုလ်တွေကပဲ
ကယ်တင်လိုက်တာလား ...
ဒီနေ့ထိ စာရေးသူ စဉ်းစားလို့မရ ...





၁၉၈၃ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊

မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေတဲ့ တောင်ကိုရီးယားသမ္မတ ချွန်ဒူးဝမ်နဲ့အဖွဲ့ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်မှာ ဗုံးဖောက်ခွဲ လုပ်ကြံတဲ့နေ့။

(လုပ်ကြံသူတွေက တောင်ကိုရီးယားနိုင်ငံနဲ့ စစ်ဖြစ်ခဲ့တဲ့ ပြည်ပနိုင်ငံတစ်ခုက ထောက်လှမ်းရေးအဖွဲ့ အရာရှိတွေပါ။

မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပြည်သူလူထု ပူးပေါင်းပါဝင်ပြီးအချိန်နှင့် တပြေးညီ ဆောင်ရွက်ခဲ့တဲ့အတွက် ရက်အနည်းငယ်အတွင်း လုပ်ကြံသူတွေကို ဖမ်းဆီးရမိပြီး အဖြစ်မှန်ကို တစ်ကမ္ဘာလုံးသိအောင် ဖော်ထုတ်နိုင်ခဲ့ပါတယ် ...)

အဲဒီအဖြစ်အပျက်ကြောင့် တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေတုန်းကာလ၊

နောက်တစ်နေ့ အောက်တိုဘာ(၁၀)ရက်နေ့မှာ

စာရေးသူအပါအဝင် ရဲတပ်ဖွဲ့ဝင်(၃၀)၊ ဌာနဆိုင်ရာ အင်အား (၁၀)ပါဝင်တဲ့ စစ်ကြောင်းဟာ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်ရဲ့ အနောက်ဘက်က ပဲခူးရိုးမကြီးပေါ်ကို စတင်ချီတက်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင် စစ်ကြောင်းမှူးက ကညွှတ်ကွင်းရဲစခန်းမှူး၊ အုရဲအုပ်(စခန်းမှူး)၊ ဦးမော်တင်(ယခု-ကွယ်လွန်၊ ညောင်ဦးမြို့နယ်မှူး) ဖြစ်ပါတယ်။

စစ်ကြောင်း ပဲခူးရိုးမပေါ်တက်ခဲ့ရတဲ့ ရည်ရွယ်ချက်က-

တရားမဝင်စိုက်ပျိုးထားတဲ့ မူးယစ်ဆေးဝါး(ဆေးခြောက်ခင်း) တွေ ရှာဖွေ၊ ဖော်ထုတ်၊ ဖျက်ဆီးဖို့ပါ။

အဲဒီ စစ်ဆင်ရေးကို ပေးထားတဲ့အမည်က

"ကောက်ရိုး၊ အဆင့်-၄"ဆိုတဲ့ အမည်ပဲဖြစ်ပါတယ်။

## အမောကြွယ်၊ တောအလယ်

အောက်တိုဘာဆိုတာက ချမ်းဆောင်းမြူ၊ နှင်းမှုန်ကျတဲ့ ပွင့်လင်းကာလပါ။

ဒါကြောင့်လည်း စစ်ဆင်ရေးကို ဒီရာသီ၊ ဒီဥတုမှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။

ဖြစ်ချင်တော့ မိုးနှောင်းကောင်းတဲ့နှစ် ဖြစ်နေတာကြောင့် စစ်ဆင်ရေးခရီးစဉ်တစ်လျှောက်လုံး မိုးနဲ့နပမ်းလုံးခဲ့ကြရပါတယ်။

နေ့ခင်းဘက် တစ်တောင်ဆင်း၊ တစ်တောင်တက် ခရီးဆက်ကြတဲ့အခါ ဒူးဆစ်နစ်တဲ့ ရွှံ့ဗွက်၊ နွံဗွက်တွေထဲ ရှန်းကြရပါတယ်။





ရွှံ့ဗွက်မရှန်းရအောင် ဆင်ခြေရာခွက်တွေထဲ နင်းပြီးသွားကြပါတယ်။

(ဒီလိုဆင်ခြေရာကိုနင်းပြီး အသွားကောင်းလို့ ဆင်ဖွေးတွေ ပေါက်ကြပါတယ်။ ခြေထောက်မှာ အနာတွေပေါက်ပြီး၊ ပြည် စိုစို၊ ယင်တလောင်းလောင်းနဲ့ တော်တော်လေး ကုလိုက်ကြ ရပါသေးတယ်။)

မိုးတွေရွာတဲ့အတွက် စမ်းချောင်းတွေ၊ တောင်ကျချောင်းတွေ မှာ ရေကြည်ရေသန့် မရတော့ပါဘူး။

သောက်ရေအတွက် ချောင်းရေနောက်ကျိကျိတွေကိုပဲ ရေနွေး ကျိုပြီး သောက်ကြရတယ်။

ရေနွေးပွက်ရင်လည်း ရွှံ့နွံတွေက အိုးတစ်ဝက်မို့ အပေါ် ကြည် စစ်သောက်ကြရပါတယ်။

ဒီထက် ပိုဆိုးတဲ့အဖြစ်က ညဘက်မှာ မိုးရွာခြင်းပါ။

ဝါးခုတ်၊ အရေးပေါ်တဲလေးတွေထိုး၊ တောငှက်ပျောရွက်၊ ဒန်းရွက်မိုးထားတဲ့ ယာယီတဲက သည်းကြီးမည်းကြီးရွာတတ်တဲ့ မိုးကို အံမတုနိုင်ပါဘူး။

အမိုးအကာတွေ စုတ်ပြတ်ပြီး မိုးရွာထဲမှာပဲ အိပ်ရာခင်း တစ်ခါစ်စ ခြုံပြီး နေကြရပါတယ် ...။ ရှေ့ရတ်ဖို့ တောင်ဆင်း၊



www.burmeseclassic.com

www.burmeseclassic.com



တောင်တက်တွေကြောင့် ပင်ပန်းရတဲ့အထဲ ကျောပိုးအိတ်ထဲက တစ်ပတ်စာရိက္ခာ၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ ကိုင်ထားရတဲ့ သေနတ်ကလည်း လွှင့်ပစ်ချင်လောက်အောင် လေးလံလာပါတယ်။

ကိုယ်စီရိက္ခာတစ်ပတ်စာ ပါလာပေမယ့် ရိုးမပေါ်မှာ (၂၂)ရက်တိတိ ကြာခဲ့ပါတယ်။

စစ်ကြောင်းအတွက် လိုအပ်တဲ့ရိက္ခာတွေကို လူမရောက်၊ သူမရောက်၊ ရိုးမထဲမှာ အခြေပြုနေတဲ့ အုတ်တွင်း ခ.လ.ရ(၄၈)က ဗိုလ်ကြီးနေဝင်းမြင့်က သူ့တပ်စိတ်အတွက် သိုလှောင်ထားတဲ့ ရိက္ခာတွေထဲက ထုတ်ချေးပါတယ်။

လျှို့ဝှက်ဆေးခြောက်ခင်းတွေ စိုက်ပျိုးထားကြောင်း အတိအကျ သတင်းရထားတဲ့အတွက်၊

မတွေ့ရင် မပြန်ဘူးဆိုတဲ့ စစ်ကြောင်းမှူး ဦးမော်တင်ရဲ့ ခွဲစိတ်ကြောင့် ဆေးခြောက်ခင်း တွေ့ရှိ ဖျက်ဆီးနိုင်ခဲ့တဲ့အဖြစ်၊ အပြန်ခရီးမှာ မျက်စိလည်၊ လမ်းမှားလို့ ထမင်းသုံးနပ်တိတ်ခဲ့ရတဲ့ စာရေးသူတို့အဖွဲ့ရဲ့အဖြစ်နဲ့ ရာသီဥတုဒဏ်၊ ပင်ပန်းမှုဒဏ်တွေကြောင့် အပြင်းဖျားလို့ ဆင်နဲ့တင်ဆေါင်ခဲ့ရတဲ့ ဗြူးရဲ့စခန်းတာတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားတဲ့အဖြစ်တွေက စာရေးသူတာယ်တော့မှ မမေ့တဲ့အဖြစ်အပျက်တွေပါ။





ဒီလိုမမေ့နိုင်တဲ့ အဖြစ်အပျက်တွေနဲ့အတူ

တစ်သက်လုံး သတိရနေမယ့် ထူးဆန်း အံ့ဩစရာ အဖြစ်အပျက်တွေကိုလည်း စာရေးသူတွေ့ကြုံခဲ့ရပါတယ်။

အဲဒီ ထူးဆန်းအံ့ဩစရာ ဖြစ်ရပ်တွေကတော့ ရိုးမပေါ်က မမြင်ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်တဲ့အကြောင်းအရာတွေပဲ ဖြစ်ပါတယ် ...။

**တရှင်မသေချောင်းတဲ့ ...**

လုံခြုံရေးနဲ့ ဆက်သွယ်ရေးအဆင်ပြေဖို့အတွက် ကြားစခန်းတွေမှာ အင်အားတွေ ခွဲထားခဲ့ပါတယ်။

ပထမမင်းလှစခန်းမှာ ညောင်ပင်သာရဲတင်းမှူး ဒုရဲအုပ်ဦးမြသင်း ဦးစီးရဲတပ်စိတ်တစ်စိတ်နဲ့ ဌာနဆိုင်ရာအချို့၊ ဒုတိယ ချောင်းလယ်နဲ့ မိုးဘုန်း(တစ်ချို့ကလည်း ရန်သူဝင်တိုက်လို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရတဲ့ မင်းတစ်ပါး ပုန်းအောင်းခဲ့တဲ့နေရာလို့ပြောပြီး မင်းပုန်းလို့ ပြောပါတယ်)မှာ ဖေယျဝတီရဲကင်းမှူး ဒုရဲအုပ် ဦးဖေလှိုင်နဲ့ တပ်စိတ်၊

တတိယမြောက်နဲ့ နောက်ဆုံးစခန်းဖြစ်တဲ့ ရွှေဝါမြင့်စခန်းကို ရောက်တော့ စစ်ကြောင်းမှူးနဲ့ စာရေးသူတို့ပါဝင်တဲ့ ရဲတပ်စိတ်

www.burmeseclassic.com



တစ်စိတ်နဲ့ ပါတီကောင်စီကိုယ်စားလှယ်၊ သစ်ထုတ်၊ သစ်တော၊ မြေစာရင်း၊ ကျန်းမာရေးမှူးနဲ့ ရဲမ်ိတ်ပုံဆရာ အပါအဝင် (၁၅)ယောက်လောက်ပဲ ကျန်ပါတော့တယ်။

ဗိုလ်ကြီးနေဝင်းမြင့်ရဲ့ ရှေ့ပြေးစခန်းက ကွန်းချောင်းဖျားက စခန်းတစ်ခုပါ။

ချောင်းဘေးတောင်ကုန်းမြင့်လေးပေါ်မှာ စခန်းတည်ထားပါတယ်။

ညနေ(၄)နာရီလောက်မှာ စာရေးသူတို့စစ်ကြောင်း ရှေ့ပြေးစခန်းအနီး ကပ်မိပါတယ်။

တပ်စခန်းကို ဆက်သားလွှတ်ပြီး စစ်ကြောင်းရောက်ကြောင်း သတင်းပို့ခိုင်းပြီး စစ်ကြောင်းမှူးက ဗိုလ်ကြီးနေဝင်းမြင့်နဲ့တွေ့ဖို့ တပ်စခန်းကို သွားပါတယ်။

စာရေးသူတို့အဖွဲ့တွေက တပ်စခန်းရဲ့အောက်ဘက် နှစ်ဖာလုံလောက်က ကရင်မသေချောင်းဝမှာ ညအိပ်စခန်းချတယ်။

ကရင်မသေချောင်းက ချောင်းလက်တက်တစ်ခုဖြစ်ပြီး ကွန်းချောင်းမထဲကို စီးဝင်တဲ့ချောင်းငယ်တစ်ခုပါ။

"ကရင်မသေချောင်းလို့ ဘာကြောင့်ခေါ်တာလဲ ..."

လမ်းပြလိုက်ပါလာတဲ့ ကရင်ဖထီးကြီးကို စာရေးသူ စပ်စု





ကြည့်ပါတယ်။

တိုတုန်းကတည်းက ဒီရိုးမကြီးရဲ့နေရာအနှံ့အပြားမှာ ကရင်ရွာတွေရှိတယ် ဗိုးခွားရဲ့ ....

ရိုးမထဲမှာ တောင်ယာခုတ်၊ ဥယျာဉ်စိုက်၊ အမဲလိုက်ပြီး အသက်မွေးကြတယ်။

လပြည့်နေ့တစ်နေ့ကျ စိုက်ထားတဲ့ တောင်ယာစပါးခင်းတွေ ပျက်စီးနေတာကို တွေ့ကြရတယ်။

ဆင်တစ်ကောင်ရဲ့ ခြေရာတွေလည်း တွေ့တယ်။ တောဆင်ရိုင်းဝင်ဖျက်တာဖြစ်မယ်ဆိုပြီး ရွာသားတွေစုပြီး ဆင်နောက်လိုက်ကြတယ်။ ဆင်ခြေရာက ကုတင်တစ်ခုအနီးမှာ ဆုံးသွားတယ်။ (အသခံတွေက ရေတံခွန်ကို ကုတင်လို့ခေါ်ခြင်းပါ)

ကုတင်ပတ်ဝန်းကျင်မှာ ကျောက်တုံးကြီးတစ်တုံးကလွဲပြီး ဘာဆင်မှ မတွေ့ရဘူး။ ဒါနဲ့ပဲ မကျေမနပ်ဖြစ်ပြီး ပြန်ခဲ့ကြရတယ်။

တစ်လလောက်ကြာတော့ စိုက်ထားတဲ့ သီးမွှေးနှက်ပျော ဥယျာဉ်တွေ ဖျက်ဆီးခံရပြန်ရော၊

အရင်တစ်ခါလိုပဲ ဆင်ခြေရာကြီးတွေ့လို့ လိုက်ကြပြန်တယ်။ အရင်လိုပဲ ရေတံခွန်ကြီးအနီးမှာ ခြေရာပျောက်သွားပြန်တယ်။

နောက်တော့ ဒီကျောက်တုံးကြီးအသက်ဝင်လာပြီး စိတ်ခင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖျက်ဆီးတာဖြစ်မယ်လို့ တွေးမိကြတယ်။ ကျောက်တုံးကြီးကလည်း ဆင်ကြီးတစ်ကောင် ဝပ်နေတဲ့ ပုံအတိုင်းပဲတဲ့။

ဒါနဲ့ နောက်တစ်ကြိမ်လပြည့်နေ့ကျတော့ တိတ်တဆိတ် ချောင်းမြောင်းကြည့်ကြသတဲ့။

အဲဒီတော့မှပဲ သူတို့ထင်တဲ့အတိုင်းဖြစ်နေတာကို တွေ့ကြရသတဲ့။

လမွန်းတည့်ချိန်မှာ ကျောက်တုံးကြီးအသက်ဝင်ပြီး လှုပ်လာတယ်။

ခဏနေတော့ နှာမောင်းတွေ၊ ဆင်စွယ်တွေထွက်လာပြီး ကျောက်ဆင်မကြီးတစ်ကောင် ဖြစ်သွားတယ်တဲ့။

ကျောက်ဆင်မကြီးဟာ တောင်ယာစပါးခင်းတွေ၊ ငှက်ပျော ဥယျာဉ်တွေကို ဖျက်ဆီးစားသောက်တယ်။ စားလို့ဝတော့ ရေတွင်းကြီးဆီပြန်လာပြီး ဝပ်လိုက်တယ်။ ချက်ချင်းဆိုသလို ကျောက်တုံးကြီး ပြန်ဖြစ်သွားတယ်။

ဒီအကြောင်းကိုလည်းသိရော ကရင်ရွာသူရွာသားတွေ ထွက်လာပြီး ကျောက်တုံးကြီးကို ထုခွဲဖျက်ဆီးလိုက်ကြတယ်။

နတ်ဆရာက ကျောက်တုံးကြီးကို မဖျက်ဆီးဖို့နဲ့၊ ဖျက်ဆီးရင် ဘေးဒုက္ခတွေ့လိမ့်မယ်လို့ ပြောသေးတယ်။





ဒီလိုနဲ့ လပြည့်နေ့ညကို ရောက်လာတယ်။

ညသန်းခေါင်တစ်ရွာလုံး အိပ်မောကျနေချိန်မှာ ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ ဆင်အော်သံကြီးကို ကြားကြရတယ်။

တစ်ရွာလုံး ချောက်ချောက်ချားချား ဖြစ်သွားကြတယ်။

နောက်နေ့လည်းကျရော နတ်ဆရာပြောတဲ့အတိုင်းပဲ ဘေးဒုက္ခဆိုးတွေ ရွာပေါ်ကျရောက်လာတယ်။

မဖြစ်စဖူး ထူးထူးခြားခြား သစ်ရွက်ကြွေတဲ့အတိုင်း လူတွေ တဖြုတ်ဖြုတ် သေတယ်။

နတ်ဆရာက ရွာပြောင်းမှ ဖြစ်မယ်လို့ဟောတယ်။

ဒီတစ်ကြိမ်တော့ နတ်ဆရာရဲ့စကားကို မယယ်ရှားရဲတော့ဘူး။

ရွာကို အခြားတစ်နေရာ ရွှေ့လိုက်ကြတယ်။

ရွာပြောင်းလို့ ပထမဦးဆုံးကြုံရတဲ့ လပြည့်ညမှာ ကြောက်စရာ ဆင်အော်သံကြီးကို ထပ်ပြီးကြားရပြန်တယ်။

နောက်နေ့ကျ ရွာသူရွာသားအချို့ ရုတ်တရက် နေထိုင်မကောင်းဖြစ်ပြီး သေကြပြန်ရော ...၊

ဒီလိုနဲ့ ဆင်အော်သံကြားလိုက်၊ လူသေလိုက်၊ ရွာပြောင်းလိုက် လုပ်ခဲ့ကြတာ ဒီချောင်းအနီးမှာ ရွာတည်မှ ဆင်အော်သံကြီးကို မကြားရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လူလည်း မသေတော့ဘူးတဲ့ ...။

ဒီကြောင့် ကရင်မသေချောင်းလို့ နာမည်တွင်ခဲ့တာလို့ ပြောပြပါတယ်။

နောက်ပိုင်းမှာ သူတို့ဖျက်ဆီးခဲ့တဲ့ ကျောက်တုံးကြီးဟာ သူ့နေရာမှာပဲ ကျောက်တုံးကြီး ပြန်ဖြစ်နေတာကို တွေ့ကြရသတဲ့ ...၊

စာရေးသူကိုယ်တိုင် အဲဒီကျောက်တုံးကြီးရှိတဲ့ ရေတံခွန်ကို သွားပြီး လေ့လာခဲ့ပါသေးတယ်။

ကျောက်တုံးကြီးက ဆင်ကြီးတစ်ကောင် နှာမောင်းဝှက်ပြီး ဝပ်နေတဲ့ပုံစံအတိုင်းပါ။

မျက်လုံးနေရာမှာ ချိုင့်ခွက်တွေရှိပြီး သဘာဝပန်းပုဆရာရဲ့ လက်ရာ နားရွက်ကလည်း တဖျတ်ဖျတ် ခတ်တော့မယ့်အတိုင်း ပါပဲ။

ကျောက်တုံးကြီးအနီးမှာရှိတဲ့ ရေတံခွန်က ပေ(၁၀၀)လောက် မြင့်ပါတယ်။

ဒေသခံတွေက အဲဒီရေတံခွန်ကို "ဆင်မကုတင်"လို့ ခေါ်ကြပါတယ်။

ပဲခူးရိုးမထဲမှာ ယနေ့ထက်တိုင်ရှိနေတုန်းပဲ ဖြစ်ပါတယ်။





## ထူးဆန်းသောအမှတ်အသားများ

ကရင်မသေချောင်းလို့ နာမည်တွင်ခဲ့တဲ့အကြောင်းကို လမ်းပြ ကရင်ဖထီးကြီးပြောလို့ သိခဲ့ရပါတယ်။

စာရေးသူတို့ဟာ ဗိုလ်ကြီးနေဝင်းမြင့်ရဲ့ တပ်မတော်သား တွေနှင့်ပါ ပူးပေါင်းပြီး ဆေးခြောက်စိုက်ခင်းတွေ ရှာဖွေခဲ့ကြပါ တယ်။

ဒီလို ရှာဖွေတဲ့နေရာမှာ ကွန်းချောင်းအတိုင်း ချောင်းဖျားထိ တက်သွားပြီး ပတ်ဝန်းကျင်အနှံ့ ဖြန့်ခွဲရှာဖွေကြပါတယ်။

ကရင်မသေချောင်းလိုပဲ ကွန်းချောင်းထဲကို စီးဝင်နေတဲ့ ချောင်းလက်တက်နှစ်ခု ထပ်ပြီး တွေ့ရပါတယ်။

ချောင်းတွေရဲ့နာမည်က 'လိပ်ပုတ်ချောင်း'နဲ့ 'အုတ်ပုံချောင်း' တို့ဖြစ်ပါတယ်။

လိပ်ပုတ်ချောင်းလို့ ဘာကြောင့်ခေါ်တာလဲလို့ မေးတော့ ကရင်ဖထီးကြီးက 'ရှေ့တစ်ဟို့ကျရင် တွေ့မယ်'လို့ ပြောပြ ပါတယ်။

တစ်ဟို့ဆိုတာ တစ်ခေါ်လောက်ကို ပြောတာပါ။

တော်တော်လေးသွားမိလို့ 'မရောက်သေးဘူးလား'မေးတော့ 'ရောက်တော့မယ်–တစ်ဟို့လောက်ပဲ ကျန်တော့တယ်'လို့ ပြောပြန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

သူပြောတဲ့ တစ်ဟို့ကတော့ မဆုံးနိုင်တဲ့ တစ်ဟို့ပါပဲ။ သုံးလေးကြိမ်လောက် တစ်ဟို့ပြီးမှ ဖထီးကြီးပြောတဲ့နေရာကို ရောက်ပါတယ်။

အံ့ဩစရာကောင်းတဲ့ မြင်ကွင်းပါ။

ကွန်းချောင်းနဲ့ လိပ်ပုတ်ချောင်း ဆုံတဲ့နေရာမှာ တဲအိမ် နီးပါးလောက်ကြီးမားတဲ့ လိပ်ကြီးတစ်ကောင်ကို တွေ့ရပါတယ်။

သေသေချာချာကြည့်မှ ကျောက်တောင်ကုန်းငယ်တစ်ခု ဖြစ်နေတာ တွေ့ရပါတယ်။

တကယ့်ကို လိပ်ကြီးတစ်ကောင် ဝပ်နေတဲ့အတိုင်းပါ။ လိပ်ခွံထဲကနေ ဦးခေါင်းထွက်ပြူနေပုံ၊ ခြေတွေ၊ လက်တွေအားလုံး လိပ်တစ်ကောင်အတိုင်းပါပဲ။

ဒီကျောက်လိပ်ကြီးကို အစွဲပြုပြီး လိပ်ပုတ်ချောင်းလို့ ခေါ်ကြောင်း ဖထီးကြီးက ပြောပြပါတယ်။

အုတ်ပုံချောင်းရောက်တော့လည်း ဒီအတိုင်းပါပဲ။

ကျောက်ကမ်းပါးကြီးနှစ်ခုကြားက စီးဆင်းနေတဲ့ အုတ်ပုံချောင်းအဲတိုင်း လိုက်ကြည့်တဲ့အခါ ကျောက်ကမ်းပါးတွေမှာ ရှေးဟောင်းဘုရားစေတီပျက်တွေ၊ တိုက်အိုတိုက်ဟောင်းတွေ





တွေ့ရတဲ့အတိုင်း အုတ်ထပ်၊ အုတ်လှာတွေ စီထားသလို တွေ့ရပါတယ်။

ဒီလိုထူးခြားထင်ရှားတဲ့ အမှတ်အသားတွေ ဘယ်လိုကဘယ်လို ဖြစ်လာကြတာလဲ ...။

နှစ်ပရိစ္ဆေဒများစွာ ချောင်းရေစီးကြောင်းရဲ့ တိုက်စားမှုကြောင့် ဖြစ်လာရတာဆိုတဲ့အကြောင်းကလွဲပြီး စဉ်းစားလို့မရပါဘူး။

ဘာပဲဖြစ်ဖြစ် သက်ရှိသတ္တဝါတစ်ကောင်နဲ့မခြား၊ တထေရာ တည်းတူအောင် ထုလုပ်နိုင်စွမ်းတဲ့ သဘာဝပန်းပုဆရာကြီးရဲ့ အနုညာစွမ်းကိုတော့ စာရေးသူ မအံ့ဩဘဲ မနေနိုင်တာ အမှန်ပါပဲ။

## မြောင်အုပ်နဲ့သီသီလေး လွဲခဲ့ရတဲ့အဖြစ်

စာရေးသူတို့စစ်ကြောင်းဟာ အဖွဲ့ငယ်လေးတွေခွဲ၊ လမ်းကြောင်းတစ်ခုစီဖြန့်ပြီး ဆေးခြောက်ခင်းရှာဖွေကြပါတယ် ...။

ရှာတဲ့ပုံစံက ပင်မစခန်းကနေ နံနက်(၈)နာရီစထွက်၊ သတ်မှတ်ပေးထားတဲ့လမ်းကြောင်းအတိုင်းရှာ၊ နေ့လည်(၁)နာရီထိုးတာနဲ့ ရောက်တဲ့နေရာကနေ လမ်းကြောင်းအတိုင်း ပြန်ဆုတ်၊ ညနေ(၆)နာရီ ပင်မစခန်း ပြန်ရောက်ရမှာပါ။

စာရေးသူနဲ့အဖွဲ့ဟာ စစ်သုံးမြေပုံတစ်ချပ်ကိုင်ပြီး သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းအတိုင်း ထွက်ခဲ့ကြပါတယ်။

လမ်းကြောင်းက မြေပုံမှာမပါတဲ့ ချောင်းငယ်လေးတစ်ခု အတိုင်း ဖြစ်ပါတယ်။

(စစ်သုံးမြေပုံရေးဆွဲတဲ့အချိန်မှာ ဒီချောင်းလေးမရှိသေးပါဘူး။ နောင်မှဖြစ်ပေါ်လာတဲ့ချောင်းမို့ မြေပုံထဲမှာ မပါတာပါ)

ချောင်းရဲ့ တစ်ဘက်တစ်ချက် ပတ်ဝန်းကျင်ကို တက်ပြီး ရှာဖွေရင်း နေ့လည်တစ်နာရီ ထိုးသွားပါတယ်။ လာခဲ့တဲ့လမ်းကြောင်း အတိုင်း စာရေးသူတို့အဖွဲ့ ပြန်ဆုတ်ခဲ့ကြပါတယ်။ ပြန်ဆုတ်လာလို့ ဆယ်မိနစ်လောက်အကြာမှာ အံ့အားသင့်စရာ အကြောင်းအရာတစ်ခု ကို တွေ့ကြရပါတယ်။

အဲဒါကတော့ စာရေးသူတို့သွားတဲ့လမ်းကြောင်းကို ကန့်လန့် ဖြတ်ပြီး သွားထားတဲ့မြောင်အုပ်ခြေရာတွေပါ။

မြောင်ဆိုတဲ့အကောင်က ကျွဲရိုင်းလိုအကောင်ကြီးတွေပါ။

ကျွဲကြီးတွေထက် အကောင်ကြီးပြီး တုတ်ခိုင်သန်မာတယ်။ ခွန်အားဗလကြီးတယ်၊ အနံ့ခံကောင်းပြီး လျင်မြန်တယ်၊ အုပ်စုဖွဲ့ နေတတ်တယ်။

ဘယ်သူ့မှ ဗိုလ်မထားတဲ့ ကျား/ကျားသစ်တွေတောင် မြောင် ကို ဝေးဝေးကရှောင်တယ်လို့ သိရပါတယ်။





ဒီလို အန္တရာယ်ကြီးမားတဲ့ မြောင်အုပ်ကြီးနဲ့ စာရေးသူတို့ အဖွဲ့ဟာ ဆုံမှတ်နေရာကို ဆယ်မိနစ်လေးပဲကွာပြီး ရောက်ခဲ့ကြ တာပါ။

စာရေးသူတို့အဖွဲ့၊ အဲဒီဆုံမှတ်နေရာကို ဆယ်မိနစ်နောက်ကျ ပြီး ရောက်ရင်ဖြစ်ဖြစ်၊ မြောင်အုပ်က ဆယ်မိနစ်လောက်စောပြီး ရောက်လာရင်ဖြစ်ဖြစ် မလွဲမသွေ ထိပ်တိုက်တိုးမိကြမှာ ဖြစ်ပါတယ်။

ထိပ်တိုက်တိုးရင်တော့ စာရေးသူတို့ကလည်း သေနတ် အားကိုးနဲ့၊ မြောင်ကြီးတွေကလည်း သူတို့ရဲ့ခွန်အားဗလ၊ လျင်မြန်မှု ဦးချိုတွေအားကိုးနဲ့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ အသေအချာ တိုက်ပွဲဝင်ရမှာ အသေအချာပါ။

ဒီအခါမှာ မျှော်လင့်မထားတဲ့အရာ ဘာမဆို ဖြစ်သွားနိုင် ပါတယ်။

စာရေးသူတို့အဖွဲ့ကတော့ မြောင်အုပ်ကြီးကိုမြင်ချင် တွေ့ချင် ပေမယ့် တွေ့လွဲ လွဲခဲ့ရတာကိုပဲ ကံကောင်းတယ်လို့ မှတ်ယူခဲ့ ကြပါတယ်။

လမ်းပြဗထီးကြီးကတော့ “လွဲချင်လို့ လွဲတာမဟုတ်ဘူး၊ သာတောင်ကို စောင့်ရှောက်နေတဲ့ အပိုင်စားတွေက မဆုံမတွေ့ အောင် လမ်းလွှဲလိုက်တာ”လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖထီးကြီးပြောတာ ဖြစ်နိုင်ပါတယ် ...။

ဘာကြောင့်လည်းဆိုတော့ ပြောင်အုပ်တွေ၊ ဆင်ရိုင်းအုပ်တွေ၊ ကျားတွေအခြားသားရဲတိရစ္ဆာန်တွေပေါ်တဲ့ ပဲခူးရိုးမတောကြီး၊ တောင်ကြီးထဲမှာ ရက်ပေါင်းတော်တော်ကြာ နေခဲ့ရပေမယ့် အဝေးက လှမ်းတွေ့ရတဲ့ မျောက်တွေကလွဲပြီး ဘာတောကောင်ကိုမှ မမြင် မတွေ့ခဲ့ရပါဘူး။

အမဲပစ်ဝါသနာပါတဲ့သူက စစ်ကြောင်းအတွက် ဟင်းစားရအောင် အမဲလိုက်သွားတော့လည်း တောကြက်တောင် မတွေ့ခဲ့တဲ့ ဖြစ်ရပ်ကတော့ ...

စာရေးသူတို့ စစ်ကြောင်းတစ်ခုလုံးအတွက် ထူးခြားဆန်းကြယ် ပြောစရာတစ်ခု ဖြစ်ခဲ့ရပါတယ်။

## ကံကောင်းလို့ကျားဆွဲမခံရ

မှတ်မှတ်ရရ သီတင်းကျွတ်လပြည့်နေ့ကြီးမှာ ဆေးခြောက်ခင်းတွေကို ရှာဖွေတွေ့ရှိပါတယ်။

ဆေးခြောက်ခင်းအကျယ်အဝန်းက (၇.၃၂)ဧကရှိပြီး ဆေးခြောက်ပင်တွေက အမြင့် ၂-ပေကနေ ၇-ပေအထိ ရှိနေပါပြီ။

လပြည့်ကျော် ၁-ရက်နေ့မှာ ဧရိယာတိုင်းတာ၊ အပင်ရေတွက်





။ ဓာတ်ပုံမှတ်တမ်းတင်တာ ဆေးခြောက်ပင်နမူနာရယူတာတွေ လုပ်ပြီး လပြည့်ကျော် ၂-ရက်နေ့မှာ ဆေးခြောက်ပင်တွေကို ။ စုပုံမီးရှို့ဖျက်ဆီးပြီး နောက်နေ့မှာပဲ စစ်ကြောင်းပြန်ဆုတ်ခဲ့ ကြပါတယ် ....။

အပြန်လမ်းကြောင်း ညနေခင်းတစ်ခုမှာ ရှေ့က သွားနေသူ တွေကို မျက်ခြေပြတ်ပြီး စာရေးသူအပါအဝင် ရဲတပ်ဖွဲ့ဝင်သုံးဦး လမ်းမှားသွားခဲ့ပါတယ်။

ဘယ်လိုပဲ လူစုကွဲကွဲ၊ ဆုံရပ်ဖြစ်တဲ့ မင်းလှစခန်းကို ရောက် အောင်သွားရမှာပါ။

ကွန်းချောင်းအတိုင်းသွားရင် လမ်းလွဲစရာ မရှိတဲ့အတွက် ဖောင်ဖွဲ့ပြီး စုန်ဆင်းဖို့ ဝါးခုတ်၊ ဖောင်ဖွဲ့ကြပါတယ်။

ပြီးတာနဲ့ ဖောင်ပေါ်တက်ပြီး ကွန်းချောင်းအတိုင်း စုန်ဆင်း ကြပါတယ်။

ညနေမှောင်ရီပျိုးတာနဲ့ ဖောင်ကို ကမ်းကပ်ပြီး သောင်ပြင် ပြန့်တဲ့နေရာမှာ ညအိပ်ကြပါတယ်။

လက်နက်ကိုင်ထိုးစံ ကင်းအလှည့်ကျ စောင့်အိပ်ပေမယ့် သူမရှိတဲ့နေရာမို့ ပေါ့ဆပြီး အားလုံးအိပ်သွားကြပါတယ်။

မနက်လင်းတော့မှ စာရေးသူတို့ အိပ်နေတဲ့သောင်ပြင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



တောတိရစ္ဆာန်ကောင်တွေရဲ့ ခြေရာတွေကိုကြည့်ပြီး အံ့သြကြောက်လန့်မိခဲ့ပါတယ် ...။

တောတိရစ္ဆာန်တွေဟာ စာရေးသူတို့ရဲ့ အိပ်ရာအနားကနေ ဖြတ်ပြီး ချောင်းထဲရေသောက်ဆင်းကြပုံ ရပါတယ်။

တောဝက်ခြေရာ၊ သမင်နှင့် ချေခြေရာတွေအပြင် ကျားတစ်ကောင်ရဲ့ခြေရာပါ တွေ့ရတဲ့အတွက်ကြောင့်ပါ။

စာရေးသူတို့အဖွဲ့ ဘာကြောင့်ဒီလောက်ထိ အိပ်မောကျသွားရတာလဲ ...၊

မမြင်ရတဲ့အပိုင်စားတွေက သူတို့ရဲ့တောတိရစ္ဆာန်လေးတွေ အန္တရာယ်မဖြစ်အောင် စာရေးသူတို့အဖွဲ့ကို အိပ်ငွေ့ချထားလိုက်တာလား ...၊

စာရေးသူတို့အဖွဲ့ အန္တရာယ်မကျရောက်စေဖို့ ကျားကြီးကို မျက်စိမှောက်အောင် လုပ်လိုက်တာလား။ တောကိုစောင့်တဲ့ မမြင်အပ်သော ပုဂ္ဂိုလ်တွေပဲ သိနိုင်မှာ ဖြစ်ပါတယ် ...။

## မရဏဖောင်ဖျက်နဲ့ လက်တစ်ကမ်း

စာရေးသူတို့အဖွဲ့ဟာ သောင်ပြင်ပေါ်မှာပဲ ထမင်းချက်ပြုတ်စားသောက်ပြီး ဖောင်နဲ့ဆက်လက်စုန်ဆင်းခဲ့ကြပါတယ်။ နေ့လည်





တစ်နာရီလောက်မှာ စာရေးသူတို့ရဲ့ ဖောင်ကို ကမ်းစပ်က လှမ်းကြည့်နေတဲ့ လူတစ်ယောက်ကို အဝေးကနေ လှမ်းမြင်ရပါတယ်။

အောက်ဘက်တော်တော်လေးရောက်လာတော့ ရပ်ကြည့်နေတဲ့လူကို မတွေ့ရတော့ပါဘူး။

လူကိုမြင်လိုက်ရတာကလည်း စာရေးသူတို့အားလုံး ဖြစ်တဲ့အတွက် မျက်စိမှားစရာ၊ ထင်ယောင်ထင်မှားဖြစ်စရာ မရှိပါဘူး။

စာရေးသူတို့သုံးယောက်တိုင်ပင်ပြီး ဖောင်ကို ကမ်းကပ်လိုက်ပါတယ်။

ပြီးတော့ ကွန်းချောင်းရဲ့အခြေအနေ ရောက်နေတဲ့နေရာဒေသကို မေးမြန်းစုံစမ်းနိုင်ဖို့ တွေ့လိုက်တဲ့လူကို ဆင်းရှာကြအော်ခေါ်ကြပါတယ်။

အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့အသံကြီးကို စာရေးသူတို့အဖွဲ့ ကြားလိုက်ကြရပါတယ်။

ရေတွေ စီးကျနေတဲ့အသံကြီး ...၊

တဝုန်းဝုန်း ... တဝေါဝေါနဲ့ ကြားလိုက်ရပါတယ်။

စာရေးသူတို့အားလုံး တအံ့တသြနဲ့ အသံကြားတဲ့ဆီကို ငေးကြည့်ကြပါတယ်။ ရှေ့တစ်ဖာလုံလောက်မှာ အလွန်မြင့်မားတဲ့ ရေတံခွန်ကြီးတစ်ခုကို တွေ့ကြရပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... ဘုရား ..."

အခြားသူတွေတော့ မသိဘူး၊ စာရေးသူကတော့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကိုပဲ အောက်မေ့လိုက်မိပါတယ်။

စာရေးသူတို့သာ တွေ့မြင်လိုက်ရတဲ့ လူတစ်ယောက်ကို ဆင်းပြီး မရှာမိရင် ...

တစ်မိနစ်၊ နှစ်မိနစ်အတွင်း မြင့်မားတဲ့ ရေတံခွန်ချောက်ကြီးထဲ ပြုတ်ကျပြီး အသက်ဆုံးရှုံးကြရမှာ ဖြစ်ပါတယ်။

တစ်စုံတစ်ယောက်က စာရေးသူတို့အဖွဲ့ကို ချောက်ကြီးထဲ ကျမသွားအောင် ကယ်တင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

အရိပ်အယောင်ပြပြီး စာရေးသူတို့ကို ကယ်တင်လိုက်သူဟာ ဘယ်သူလည်း ...။

လမ်းပြလိုက်လာတဲ့ ကရင်ဖထီးကြီးပြောသလို၊ မမြင်ရတဲ့ တောပိုင်တောင်ပိုင်၊ အစောင့်အရှောက်တွေကပဲ ကယ်တင်လိုက်တာလား။

ဘာကြောင့် ကယ်တင်လိုက်တာလည်း ...။

ဒီနေ့ထိ စာရေးသူ စဉ်းစားလို့မရ ရှိနေဆဲပဲ ဖြစ်ပါတယ်။



# အင်းသုံးလုံးတစ္ဆေ

အဲဒီနေရာမှာ ကိုဝင်းမြင့်မှ မဟုတ်ဘူး ...
ဘယ်သူမဆိုလည်း
ခံနိုင်ရည်ရှိမှာမဟုတ်ပါဘူး ...
ထိတ်လန့်ချောက်ချားကြမှာပဲ၊
ဘာကြောင့်လည်းဆိုတော့ ...
ကိုဝင်းမြင့်နောက်က
ဓာတ်မီးတစ်လက်ကိုင်ပြီး
ထပ်ချပ်မကွာ လိုက်နေတာ ...
ဦးခေါင်းတွေ ပြုတ်နေတဲ့ ...၊
ခေါင်းပြတ်သရဲသုံးကောင် ဖြစ်နေလို့ပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



## ထစ်

"မိုးတောင် တော်တော်ချုပ်နေပြီ သူငယ်ချင်း ...
ဒီလမ်းနဲ့ ဒီခရီး မင်းမပြန်သင့်တော့ဘူး ...
ဒီတို့ဆီမှာပဲ ညအိပ်လိုက်၊
မနက်ကျမှ စောစောထပြန်ပေါ့ ..."

ကိုဝင်းမြင့်ကို မိတ်ဆွေသူငယ်ချင်းတွေအားလုံး ဝိုင်းတား ကြတယ်။

ဟုတ်တော့ ဟုတ်တယ်၊ အချိန်က တော်တော်လင့်နေပြီ မှောင်နေပြီ။

သူပြန်ရမယ့်ခရီးကလည်း မော်ဘီမြို့နယ်၊ ဖူးကြီးကနေ ရွှေပြည်သာမြို့နယ် ကျောင်းကုန်းရွာအထိ တစ်ညလုံး လမ်းလျှောက် သွားရမယ့်ခရီး။ ဘယ်လောက်ခရီးပြင်းနှင်နှင်၊ မနက်လင်းမှ ရောက် မယ့်ခရီး ...။

နောက်ပြီး၊ သူက လက်လွတ်ခြေလွတ် သွားရမှာမဟုတ်ဘူး ဝယ်ထားတဲ့နွားတစ်ကောင်ကိုလည်း မောင်းရှိုးမှာမို့ ထင်တာ ထက်တောင် ခရီးဖင့်နိုင်တယ်။





သွားရမယ့်အချိန်က မှောင်နဲ့မည်းမည်း ...
သွားရမယ့်ခရီးက လူသူပြတ်တဲ့တောလမ်းခရီး ...
တစ်ယောက်တည်း နွားမောင်းလာတာတွေ့ရင် လူကို အန္တရာယ် ပေးပြီး နွားကိုလုယူနိုင်တယ်။

လုရုံလောက်ဆို ကိစ္စမဟုတ်သေးဘူး။ အသက်သေတဲ့အထိ ကိစ္စတုံးလုပ်လည်း ဘာမှမတတ်နိုင်ဘူး။

ပြီးတော့ ရှိသေးတယ်။

မော်ဘီအလွန်မှာ သူဖြတ်ရမယ့် အင်းသုံးလုံးနယ်မြေ၊ အင်း သုံးလုံးဆိုတာက ဒေသအခေါ်ပါ။

အမှန်က တစ်ဆက်တည်းရှိနေတဲ့ အင်းသုံးအင်းကို ပြောတာ၊ မိုးတွင်းကာလဆိုရင် အင်းတွေအားလုံး ရေပြည့်ရေလျှံ ရှိနေ တတ်တယ်။

အင်း ပတ်ပတ်လည်မှာရော၊ အင်းတွေထဲမှာပါ လူလက်ခုပ် တစ်ဖောင်မကမြင့်မားတဲ့ ကိုင်းပင်ကိုင်းတောကြီးတွေ အရမ်းထူထူ ထပ်ထပ် ပေါက်ရောက်နေကြတယ်။

ရန်ကုန်နဲ့ပြည်သွားတဲ့ မီးရထားလမ်းတာ အဲဒီအင်းတွေ အလယ်ကနေဖြတ်ပြီး ဖောက်လုပ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းရဲ့ ဟိုဘက်၊ ဒီဘက် ရေစီးရေလာကောင်း အင်းတစ်အင်းမှာ ပြွန်ပေါက်တစ်ပေါက်စီ ဖောက်ထားတယ်။

အဲဒီ အင်းသုံးလုံးကွင်းဟာ ဟိုတုန်းကတည်းက အလွ နာမည်ကြီးတဲ့ ကွင်း ...၊

ဘယ်ကလာမှန်းမသိတဲ့ လူဆိုး၊ ဓားပြတွေ ခိုအောင်း ဓားပြတိုက်၊ လုယက်ရာနေရာ၊ ဒီထက်ဆိုးတာက သရဲအလွ ခြောက်တဲ့ကွင်းလို့ နာမည်ကြီးနေတာပဲ။

ညဘက်ဖားရှာ၊ ငါးရှာထွက်သူအချို့ သရဲအလိုက်ခံရ အကြောင်း၊ ငါးတွေလိုက်လုတဲ့အကြောင်း၊ ဘာကောင်မှန်း အည မတပ်နိုင်တဲ့ သရဲလိုလို၊ ဘီလူးလိုလို အမွေးရှည်ရှည်၊ အရပ်အ ကြီးတွေနဲ့အကောင်တွေ ကိုင်းတောထဲကထွက်လာပြီး၊ ငါးတွေ ဖမ်းစားနေတဲ့အကြောင်း၊ တစ်ယောက်တစ်မျိုးပြောတဲ့အကြော တွေက စုံနေတာပါပဲ။

"တတ်နိုင်လို့တစ်ည ငါးအချိန်တစ်ရာ ရတောင်မသွားဘူး" လို့တောင် ဒေသခံအချို့က ပြောတယ်။ အင်းသုံးလုံးကို ရှောင် တယ် ...။

ဒါ့ကြောင့်လည်း ကိုဝင်းမြင့်ကို မိတ်ဆွေ၊ အပေါင်းအသ တွေက တားကြတာပါ။





ဘယ်သူတွေ ဘယ်လိုပြောပြော၊ ဘယ်လိုတားတား၊ ကိုဝင်းမြင့်ကတော့ "မဖြစ်ဘူး၊ ညအိပ်လို့ မဖြစ်ဘူး" တဲ့။

ဟုတ်တော့လည်းဟုတ်တယ်။ ရွာမှာ ကျန်ရစ်တဲ့မိန်းမက နေ့စဉ်လစဉ် ကိုယ်ဝန်ကြီးနဲ့၊ နေ့မွေးမလား၊ ညမွေးမလားပဲ။ ကိုယ်ဝန်ဆောင်သည်ဆိုတာက သင်္ချိုင်းကုန်းကို တစ်နေ့သုံးခါ မျက်စောင်းထိုးနေရတဲ့သူတွေ။

သူရွာမပြန်ဘဲ ဖုံးကြီးမှာ ညအိပ်နေပါပြီတဲ့၊ သူမရှိတဲ့အချိန်မှ မိန်းမက ဗိုက်နာပါပြီတဲ့ ဘယ်လိုလုပ်မလဲ ...။

သူ့ဘက်၊ ကိုယ့်ဘက် မိဘဆွေမျိုးသားချင်းတွေ ရွာမှာ ရှိပေမယ့် ... ဒီအချိန်မှာ မိန်းမတွေအလိုအပ်ဆုံးက ခင်ပွန်း ယောက်ျားပဲ။

"ဘာမှ လုပ်ပေးနိုင်သူ မဟုတ်ပေမယ့် ခင်ပွန်းယောက်ျား ရှိနေရင် အားရှိတယ်" လို့ သူ့မိန်းမကလည်း ပြောဖူးတယ်။

ဒီညအဖို့တော့ လမ်းခရီးမှာ လူဆိုး၊ သူခိုးမကလို့ သူပုန် ဓားပြပဲရှိရှိ သူသွားရမယ်။

သရဲ၊ တစ္ဆေမကလို့ ဘီလူး၊ သဘက်ကြီးတွေပဲစောင့်နေ၊ စောင့်နေ သူရင်ဆိုင်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေအပေါင်းအသင်းတွေ ဝိုင်းပြီးတားနေတဲ့ကြားက ကိုဝင်းမြင့်စိတ်ကို တုံးတုံးချလိုက်တယ်။

"ပြန်မယ်၊ ပြန်မှဖြစ်မယ်၊ ပြန်ဆို ခုပဲပြန်မယ် ..."

ပါလာတဲ့ ငွေတွေကို ပလတ်စတစ်မိုးကာစနဲ့ သေသေချာချာ ထုတ်ပိုးတယ်။

ဘယ်လိုနည်းနဲ့မှ ထွက်မကျနိုင်အောင် လွယ်အိတ်ထဲထည့်ပြီး စလွယ်သိုင်းလိုက်တယ်။

နွားလည်းမောင်းလို့ရအောင်၊ မိမိကိုယ်မိမိ ကာကွယ်ရာမှာ လည်း လက်နက်အဖြစ် သုံးလို့ရအောင် ဝါးစိမ်းတုတ်ကောင်းကောင်း တစ်ချောင်းယူတယ်။

မိတ်ဆွေသူငယ်ချင်းတွေကို နှုတ်ဆက်တယ်။ ပြီးတာနဲ့ နွား တစ်ကောင်မောင်းရင်း ညဉ့်ဦးယံရဲ့အမှောင်ထဲကို တိုးဝင်လိုက် တော့တယ်။

၂၈

ညက တစတစ နက်လာတယ်။

အမှောင်က ပိုပြီးပိုပြီး ထူထပ်သိပ်သည်းလာတယ်။





ကိုဝင်းမြင့်ရဲ့ နွားဖေါက်သံ၊ နွားမောင်းသံကလွဲပြီး တစ်လောက လုံး ကြောက်စရာကောင်းအောင် ငြိမ်သက်တိတ်ဆိတ်နေတယ်။ ကိုဝင်းမြင့်နဲ့ ဒီလမ်းက မစိမ်းဘူး။ မကြာခဏဆိုသလို သွားနေရတဲ့ လမ်း ...။

သူက နွားအရောင်းအဝယ်သမား၊ နွားရောင်းဖို့ ဝယ်ဖို့ ဒီလမ်းခရီးကို တစ်လနှစ်ခေါက်၊ သုံးခေါက်တော့ အနည်းဆုံး သွားနေရတယ်။

ဒါပေမယ့် သူသွားဖူးတာက နေ့ခင်းဘက်ပဲ။ နေ့ခင်းနေ့လယ် မျက်စိမှိတ်သွားနိုင်တဲ့လမ်းပေမယ့် အခုသွားနေရတာက ညဘက် မှောင်မဲ့မည်းမည်းကြီးမှာ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး သတိကြီးကြီး ထား၊ သွားနေရတယ်။

သူသွားနေတာက မီးရထားလမ်းဘေး၊ လှည်းလမ်းကြောင်း အတိုင်း သွားနေတာ။ ရေနည်းတဲ့ချောင်းတွေ့ရင် ဖြတ်ကူးတယ်။ တံတားချောက်နက်နက်တွေ့ရင်တော့ နွားကို ရထားလမ်းပေါ် တက်မောင်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လမ်းမှားစရာအကြောင်းတော့ လုံးဝမရှိဘူး။

သူ့မှာ လက်နှိပ်ဓာတ်မီးမပါပေမယ့် ကောင်းကင်ပေါ်မှာ ကြယ်တွေ မိုးလုံးပြည့်အောင် လင်းလက်နေကြတယ်။ ကြယ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



မှုန်မှုန်မွှားမွှားတွေက လရောင်လို မထွန်းလင်းပေမယ့် ကျင့်သားရနေတဲ့ သူ့မျက်လုံးတွေကို အကူအညီပေးနေကြတယ်။

လက်ပန်းတန်းစု၊ ဝါးနက်ချောင်း၊ ဝါးနက်ချောင်းလေး၊ မှော်ဘီစတဲ့ မြို့တွေ၊ ရွာတွေကို သူကျော်ဖြတ်လာခဲ့တယ်။ ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးကတော့ တရှုးရှုးနဲ့ အိပ်မောကျကောင်းတုန်း။

အမှောင်ထဲလယ်ကြီးအလယ်မှာ ကိုဝင်းမြင့်နဲ့ နွားတစ်ကောင်ဟာ တက်သုတ်ရိုက် ခရီးသွားနေကြတယ် ...။ ရှေ့မှာ အင်းသုံးလုံးကိုရောက်တော့မယ်။

သူ့စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ ကြောက်တာ လန့်တာတော့မဟုတ်ဘူး။ တစ်မျိုးတော့ တစ်မျိုးကြီးပဲ။ ကိုဝင်းမြင့် ညာဘက်လက်မှာ ကိုင်ထားတဲ့ ဝါးစိမ်းတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်တယ်။ ဘယ်ဘက်လက်က နွားနဖားကြိုးကိုလည်း ပိုပြီးတင်းတင်းဆုပ်ကိုင်တယ်။

စလွယ်သိုင်းထားတဲ့ လွယ်အိတ်ကို ရှေ့ဘက်ရောက်အောင် ဆွဲယူလိုက်တယ်။ ပြီးတာနဲ့ သတိကြီးကြီးထားပြီး အင်းသုံးလုံးကွင်းထဲ တိုးဝင်လိုက်တယ် ...။

အဲဒီအချိန်မှာပဲ ...

"ဝုန်း ... ဖလပ် ... ဖလပ်"





ရုတ်တရက် သူလန့်သွားတယ်။ ရင်တွေ "ဒိန်း"ခနဲ ခုန်သွားတယ်။

ဒါပေမယ့် သူ့ဘေးကိုင်းဗုတ်ထဲက ငှက်တစ်ကောင် ပျံသွားတာကို ချက်ချင်းသိလိုက်လို့ အမှောင်ထဲမှာပဲ သူပြုံးလိုက်မိတယ်။

ငှက်က တစ်တီတူး၊ ခေါင်းအထက်မှာပဲ ပတ်ချာလည်ဝဲပြီး တစ်တီတူး၊ တစ်တီတူးနဲ့ အော်မြည်နေတယ်။

ငှက်အော်သံက မှောင်မိုက်ည သန်းခေါင်ယံထဲမှာ ကြောက်စရာ၊ လန့်စရာကောင်းအောင် ပဲ့တင်ထပ်နေတယ်။

ဒီငှက်ကို တစ်ချို့က ငှက်ဆိုးလို့ပဲ အမင်္ဂလာငှက်လို့ သတ်မှတ်ကြတယ်။ ခရီးသွားနေတုန်း တစ်တီတူးငှက်အော်သံကြားရင် နိမိတ်မကောင်းဘူးလို့ အယူရှိပြီး ရှေ့ဆက်မသွားတော့ဘူး။ နောက်ကြောင်း ပြန်လှည့်တယ် ...။

ကိုဝင်းမြင့်ကတော့ တောသူတောင်သားမို့ တစ်တီတူးငှက်အကြောင်း သိတယ်။

သူ့အသိုက်၊ သူ့သားသမီးတွေကို အရမ်းခင်တွယ်တတ်တဲ့ငှက်၊ အသက်ပေး ကာကွယ်တတ်တဲ့ငှက်။ သူအသိုက်ရှိတဲ့နေရာ၊ သူ့ကလေးတွေရှိတဲ့နေရာအနီးမှာ တောမီး၊ အမှုမဟုတ် လူသူမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လောင်ရင် အတောင်နဲ့ရိုက်ပြီး မီးငြိမ်းတတ်တယ်။ အသက်အသေခံပြီး မိခင်မေတ္တာကို ပြတတ်တယ်။

ဒါကြောင့် မကြောက်တဲ့အပြင် ချစ်တောင်ချစ်တယ်။

သူ ... အသိုက်ရှိတဲ့နေရာကို တော်တော်လေးလွန်သွားတော့ တစ်တီတူးငှက်အော်သံ ပျောက်သွားတယ်။

သူ့ကလေးတွေရှိတဲ့ အသိုက်ဆီ ပြန်ဆင်းသွားပုံရတယ်။

အမှောင်ထဲမှာ နွားမောင်းရင်း၊ သွားရင်းနဲ့ ပထမပြွန်ပေါက်လွန်လာတယ်။ အလယ်အင်းစပ်အရောက်မှာ သူ့တစ်ကိုယ်လုံး ဖျန်းခနဲ ကြက်သီးတွေ ထသွားတယ်။

"ဘာဖြစ်တာလဲဟ"

သူ ရုတ်တရက် ခေါင်းနပန်းကြီးသွားတယ်။

ကြောက်စရာ လန့်စရာဘာမှ မတွေ့ဘူး။

ဘာအနံ့မှလည်း မရဘဲနဲ့ ကြက်သီးထသွားတာ။

"ဒီ၊ ဒီအနီးမှာ တစ္ဆေတစ်ကောင်ကောင် ရှိနေလို့များလား"

တစ္ဆေသရဲတွေ နာနာဘာဝတွေရှိတဲ့ နေရာရောက်ရင် အလိုလို ကြက်သီးထတတ်တယ်။ ခေါင်းနပန်းကြီးတတ်တယ်လို့ ပြောကြဆိုကြတာကို ဖျတ်ခနဲ အမှတ်ရလိုက်တယ် ...။



အဲဒီအချိန်မှာပဲ ရှေ့တည့်တည့် ခပ်လှမ်းလှမ်းဆီက သစ်ပင်ကြီးတစ်ပင် ကျီးပြိုသံကြားလိုက်ရတယ်။

ကျီးပြိုတယ်ဆိုတာက သစ်ပင်မှာ အိပ်တန်းတက်နေတဲ့ ကျီးတွေ ရုတ်တရက်လန့်ဖျပ်ပြီး အော်ကြမြည်ကြတာကို ပြောတာပါ။

တိတ်ဆိတ်နေတဲ့အချိန်မှ အလန့်တကြား ထအော်တာမို့ အသဲငယ်သူဆိုရင် လိပ်ပြာစင်သွားတတ်တယ်။

*ကျီးပြိုတယ်ဆိုတာလည်း အကြောင်းမဲ့တော့မဟုတ်ဘူး။ တစ္ဆေသရဲကောင်၊ နာနာဘာဝကောင်ဆိုတာက ညအချိန်မှာမှ အစာထွက်ရှာလေ့ရှိတဲ့အကောင်တွေ၊

အင်းသုံးလုံးမှာနေတဲ့ နာနာဘာဝကောင်တွေရဲ့အစာက ဖားတွေ ငါးတွေနဲ့ အင်းထဲမှာနေတဲ့ ငှက်တွေအပြင် ဘာမှမရှိဘူးလေ။

သရဲတစ်ကောင်ကောင်က ကျီးငှက်တွေကို ဖမ်းစားတာဖြစ်နိုင်တယ်။ ကျီးဆိုတာက နှစ်ဆယ့်လေးနာရီ အမြဲတမ်းသတိရှိနေတဲ့အကောင်တွေ၊ အကုန်လုံးလန့်နိုးပြီး တဝုန်းဝုန်း ထပျံကြပြီး အားအား အာကြအော်ကြတာဖြစ်မယ် ...။

ကိုင်းမြင့်ခြေလှမ်းတွေ တုန့်ခနဲဖြစ်သွားတယ်။ နွားကြီး တင်းပြီး နွားဦးခေါင်းတောင် လှည့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းက တစ်တီတူးငှက် ထပျံလို့ တုန်သွားတဲ့ ရင်တောင် ပုံမှန်ပြန်မငြိမ်သေးဘူး ...။

အထိတ်တလန့် ကျီးပြုံသံကြောင့် နှလုံးတွေ တဒုန်းဒုန်း ခုန်သွားပြန်တယ် ...။

ကျီးပြုံတဲ့သစ်ပင်က ရှေ့ခပ်လှမ်းလှမ်းမှာ ...

ညအမှောင်ထဲပေမယ့် ကောင်းကင်ရောင်ကြောင့် ထီးတည်း ကြီး မြင်နေရတယ်။

ကျီးတွေကလည်း မရပ်မနား၊ သစ်ပင်ကြီးရဲ့အပေါ်ကနေ လှည့်ပတ်ဝဲပျံပြီး တအားအား အော်မြည်ဆူညံနေတယ် ...။

လူတွေပြောကြသလို ဘာမှန်းမသိရတဲ့ အမွေးအရှည်ကြီး တွေနဲ့ အကောင်ကြီးများ ရှေ့မှာ စောင့်နေလား ...။

"နောက်ပြန်လှည့်ရရင် ကောင်းမလား ...၊ ဘာပဲဖြစ်ဖြစ် ရှေ့ဆက်သွားရရင် ကောင်းမလား"

ကိုဝင်းမြင့်ရောက်နေတဲ့ နေရာမှာတင်ရပ် စဉ်းစားရင်း တွေဝေ နေမိသေးတယ်။

ခဏနေမှ "ယောက်ျားပဲ"လို့ မာန်ကိုတင်းပြီး နွားတို့ [illegible]မောင်းလာတယ်။ အရင်ကထက်ပိုပြီး မျက်စိဖွင့်၊ နားစွင့် ထားတယ်။ သတိကို ပိုပြီးထားတယ်။ ဝါးစိမ်းတုတ်ကို ပိုပြီး





တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်တယ်။ နွားကို အပြေးတပိုင်း သုတ်သုတ်မောင်းနေရာကနေ အနည်းငယ် တုံ့ဆိုင်းတုံ့ဆိုင်း မောင်း သွားတယ်။

သူ့ပုံက ရှေ့မှာ ဘာတွေ့ရမလဲလို့ သတိကြီးကြီး ထား သွားနေတဲ့ပုံ ...။

တဖြည်းဖြည်းနဲ့ ကျီးတွေပြုံတဲ့ သစ်ပင်နဲ့ နီးကပ်လာတယ်။ ကျီးတွေကတော့ ထိတ်စရာ၊ လန့်စရာ၊ တအားအား ဆူဆူညံညံ အော်မြည်နေကြတုန်းပဲ။

အဲဒီအချိန်မှာပဲ သူမောင်းနေတဲ့နွားက ရှေ့ဆက်မသွားဘဲ နှာတရှူးရှူးမှုတ် ကြောက်လန့်နေတာ သူသတိထားမိလိုက်တယ်။

ခွေးတွေ၊ နွားတွေစတဲ့ တိရစ္ဆာန်တွေဟာ တစ္ဆေသရဲတွေ လိုပဲ အပါယ်လေးဘုံသားတွေဖြစ်တယ်။

ဒါကြောင့် သူတို့အချင်းချင်း မြင်ကြရတယ်လို့ သူကြားဖူး တယ် ...။

အခု နွားလန့်နေတာလဲ တစ္ဆေသရဲကို မြင်လို့ပဲ ဖြစ်မယ်လို့ ကိုဝင်းမြင့် တွေးလိုက်မိတယ်။ နွားကို ဝါးတုတ်နဲ့ရိုက်ပြီး ဆက် မောင်းတယ်။ စောစောကတည်းက ကြက်သီးမွေးညင်းတွေထပြီး ချွေးပြန်နေတဲ့အတွက် သူ့နှလုံးခုန်နှုန်းတွေ ပိုမြန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျိုးပြိုသစ်ပင်ကြီးနံဘေး ရောက်လာတယ်။

"ဟာ ဘာကောင်ကြီးလဲဟ"

သူ ရုတ်တရက် လန့်အော်မိတယ်။

သူ့ခေါင်းကဆံပင်တွေ ထောင်ထသွားတယ်။

သူမြင်လိုက်တာက သစ်ပင်ပေါ်ကဆင်းလာတဲ့ မည်းမည်း အကောင်ကြီးတစ်ကောင်၊

မည်းမည်းအကောင်ကြီးရဲ့အရပ်က သူ့အရပ်ထက် နှစ်ဆ လောက်မြင့်မယ်၊

ကိုယ်လုံးကလည်း သူ့ထက် သုံး လေးဆလောက်ရှိတယ်။ တစ်ကိုယ်လုံး အမွေးအမှင်တွေနဲ့ ဖုံးနေသလိုပဲ။

ထင်ထင်ရှားရှား တွေ့နေရတာက နီရဲနေတဲ့ မျက်လုံးကြီး နှစ်လုံး။

ကိုဝင်းမြင့် ဘာမှ တွေးမနေတော့ဘူး။

လက်ထဲက ဝါးစိမ်းတုတ်နဲ့ နွားတင်ပါးကို တဖုံးဖုံး ရိုက် မောင်းတယ်။ နဂိုတည်းက လန့်နေတဲ့နွား၊ တဖုံးဖုံးရိုက်မောင်း တာနဲ့ ကြောက်လန့်တကြား၊ ကမူးရှူးထိုး ပြေးတယ်။

ကိုဝင်းမြင့်လည်း နောက်လှည့်မကြည့်စတမ်း နွားနောက် ကနေ အတင်းပြေးလိုက်သွားတယ်။



ဘယ်လောက်ထိ ထိတ်လန့်တကြား ပြေးနေမိလဲမသိဘူး။ နွားမော၊ လူမောဖြစ်တော့မှ ပြေးတာကိုရပ်ပြီး မှန်မှန်လေးပဲ မောင်းတယ်။

ကျိုးပြိုတဲ့သစ်ပင်ကြီးရော၊ မည်းမည်းအကောင်ကြီးရော ဘယ်မှာ ကျန်ခဲ့မှန်းတောင် မသိရတော့ဘူး။

ကျီးအော်သံတွေတောင် မကြားရတော့ဘူး။

ညက အရင်လိုပဲ ပြန်ပြီးမှောင်မည်းတိတ်ဆိတ်သွားတယ်။

ကိုဝင်းမြင့်ပတ်ဝန်းကျင်ကို လေ့လာပြီး သူ တတိယပြွန်ပေါက် အနီး ရောက်နေပြီဆိုတာ သတိပြုမိလိုက်တယ် ...။

ဒီပြွန်ပေါက်က အင်းသုံးလုံးနယ်မြေရဲ့ နောက်ဆုံးပြွန်ပေါက်၊ တတိယပြွန်ပေါက်ကနေ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်သွားရင် အင်းသုံးလုံးကွင်းကိုကျော်ပြီ၊

အင်းသုံးလုံးကွင်းကျော်ရင် ကြောက်စရာ၊ လန့်စရာ ဘာမှ မရှိတော့ဘူး။

ကိုဝင်းမြင့်အားတက်သွားတယ်။ စိတ်သက်သာရာ ရသလို ခံစားလိုက်ရတယ်။

"ဟော၊ ရှေ့မှာ တတိယပြွန်ပေါက်ရောက်ပြီ ..."

တုတ်တယ်၊ ရှေ့ခပ်လှမ်းလှမ်းမှာ တတိယပြွန်ပေါက်ကို

www.burmeseclassic.com

www.burmeseclassic.com



သူ့လှမ်းတွေ့လိုက်ရတယ် ...။

အဲဒီအချိန်မှာပဲ ...

"အူဝဲ ... အူဝဲ ... အူဝဲ ... အူဝဲ ..."

ဆုံး

မွေးကာစကလေးငိုသံ ...။

အမှောင်ထဲက ပျံ့လွင့်လာတယ် ...။

ကိုဝင်းမြင့် ခေါင်းနပန်းကြီးသွားတယ်။

ကြက်သီးမွေးညင်းတွေလည်း အလိုလိုနေရင်း တဖျန်းဖျန်း ထလာတယ် ...။

ပြန်ပေါက်နဲ့နီးလေ ကလေးငိုသံက ပိုပြီးကျယ်လောင်လာ လေပဲ။

တက်မတတ်၊ ချက်မတတ်ကို ရှူရှူးဝါးဝါး ငယ်သံပါအောင် ငိုနေတဲ့အသံ။

ကိုဝင်းမြင့်စိတ်ထဲမှာ ကြောက်တဲ့စိတ်ရော၊ အံ့ဩသံသယစိတ် ရော ရောထွေးနေတယ်။

"ဒီနေရာက ရွာနဲ့သိပ်မဝေးဘူး၊

စစ်ယောက်ယောက်ကများ၊ မွေးကင်းစကလေး လာ





ထားသလား ..."လို့ တွေးမိတယ်။

တစ်ဆက်တည်းမှာပဲ "လာပစ်ထားတဲ့ကလေးသာ ဖြစ်နေရင် သေသွားမှာပဲ"လို့လည်း ကရုဏာအတွေးဝင်လာတယ်။

ဒီလိုတွေးမိတဲ့အတွက် သူ့လျစ်လျူရှုမနေနိုင်တော့ဘူး။

ဥပေက္ခာပြုပြီးလည်း ကလေးကိုထားပြီး မသွားရက်နိုင်ဘူး။

ဒါကြောင့် နွားကို လမ်းဘေးသစ်ပင်ငယ်မှာ ခဏချည်ပြီး အသံကြားတဲ့နေရာကို သွားကြည့်တယ် ...။

တဖြည်းဖြည်း ကလေးငိုသံက ပိုပြီးဆူညံလာတယ်။

ဒါပေမယ့် ရှိမယ်ထင်တဲ့နေရာအရောက် ကလေးငိုသံ ရုတ်ခြည်း တိတ်သွားတယ်။

ကိုဝင်းမြင့် မသင်္ကာစိတ်တွေနဲ့ နွားချည်ထားတဲ့ဆီ ပြန်လာ တယ်။ နွားချည်ကြိုးကိုဖြည်နေတုန်း ကလေးငိုသံ ထပ်ပေါ်လာ တယ်။

ငိုသံထွက်ပေါ်တဲ့နေရာဟာ ခုနသွားကြည့်တဲ့နေရာ မဟုတ် တော့ဘဲ တစ်နေရာပြောင်းသွားတယ်။

"ဒါ တစ္ဆေခြောက်တာပဲဖြစ်မယ် ..."

ကိုဝင်းမြင့် စိတ်ကိုတုံးတုံးချလိုက်တယ်။

ကလေးငိုသံကြားတဲ့ဆီကို သွားမကြည့်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်တယ်။

"ငါ့ကို မခြောက်ကြနဲ့ ...

နင်တို့လည်း နင်တို့ဘဝနဲ့နင်၊ ငါလည်း ငါ့ဘဝနဲ့ငါ၊ ငါ့ကို အနှောင့်အယှက် မပေးကြနဲ့၊ ငါလည်း နင်တို့ကို အနှောင့်အယှက် မပေးဘူး။

ငါပြုသမျှကုသိုလ်အဝဝကို နင်တို့ကို အမျှအတန်းပေးဝေပါတယ်။ သာဓုခေါ်ကြပါ ..."လို့ပြောပြီး အမျှပေးဝေလိုက်တယ်။

ပြီးတော့ နွားကို ဆက်မောင်းလာတယ်။

သူ့နောက်ဘက်မှာတော့၊ တက်မတတ် ချက်မတတ် ရှုးရှုး ရဲရဲ၊ ရှူးရှူးဝါးဝါး အော်ဟစ်ငိုကြွေးနေတဲ့ ကလေးငိုသံက တဖြည်းဖြည်းနဲ့ ဝေးပြီး၊ ဝေးပြီး ကျန်နေရစ်ပါတယ်။

ဓေး

ကိုဝင်းမြင့်တစ်ယောက် အမှောင်ထုထဲကို နွားမောင်းရင်း တိုးဝင်နေတုန်းပဲ ...၊

မှိတ်တုတ်မှိတ်တုတ် ကြယ်လေးတွေက မိုးကောင်းကင်ကြီး အပြည့် စိန်ပွင့်တွေ ကြဲပက်ထားသလို တလက်လက်တောက်ပ နေကြတယ် ...။





ကသုတ်ကရက် တိုက်ခတ်သွားတဲ့လေနုအေးကြောင့် သူ တစ်ကိုယ်လုံး အေးမြသွားတယ် ...။

အမောပြေသလို ခံစားလိုက်ရတယ်။ စောစောတုန်းက ဖြတ်သန်းခဲ့ရတဲ့ ကြောက်စရာ ထိတ်လန့်စရာအဖြစ်တွေကိုတွေးပြီး သူ့ကျောထဲ စိမ့်ခနဲ ဖြစ်သွားတယ်။

အင်းသုံးလုံးကွင်းကိုလည်း ကျော်လွန်တော့မယ်။

ခပ်ဝေးဝေးမှာ ကျောက်ကုန်းရွာ အုပ်အုပ်ကို ကြယ်ရောင်နဲ့ လှမ်းတွေ့နေရပြီ ...။

ကျောက်ကုန်းရောက်ရင်တော့ ဘာမှမှုစရာ မလိုတော့ဘူး။

ကျောက်ကုန်းမှာက မိတ်ဆွေအပေါင်းအသင်းတွေ အများကြီး၊ ကိုယ့်ဆီလာလာ၊ သူတို့ဆီပဲ သွားသွား၊ စားရေးနေရေး၊ ကြောင့်ကြစရာမလိုတဲ့ အပေါင်းအသင်းတွေ။ အပေါင်းအသင်းတွေကို တွေးမိပြီး ကိုဝင်းမြင့် အားတက်သွားတယ်။

ခပ်သွက်သွက်သွားဖို့ နွားကို ရိုက်မောင်းလိုက်တယ်။

အဲဒီအချိန်မှာပဲ သူ့ဆီရောက်လာတဲ့အလင်းရောင်တစ်စကို မျက်လုံးထောင့်မှာ လှစ်ခနဲ မြင်လိုက်ရတယ်။

"ဘယ်ကလာတဲ့ အလင်းရောင်လဲ ..."

အံ့ဩစိတ်နဲ့ ပတ်ဝန်းကျင်ကို တိုသည်ကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား၊ လူသုံးယောက် ..."

ဟုတ်တယ်၊ သူ့နောက်ဘက်ဝဲ လေး၊ ငါးပြန်အကွာလောက်မှာ လူသုံးယောက် သူ့နောက်က လိုက်လာတယ်။

သူတို့မှာ ဓာတ်မီးတစ်လက် ပါလာတယ်။

အဲဒီ ဓာတ်မီးအလင်းရောင်က သူ့ဆီရောက်လာတာ။

ကိုဝင်းမြင့် စဉ်းစားလိုက်တယ်။

"ဒီလူသုံးယောက်ဟာ သူ့နောက်ကို လိုက်နေတာလား"

ဒီအချိန် ဒီနေရာမှာတွေ့တာ လူကောင်းတော့မဖြစ်နိုင်ဘူး။

သူ့နွားကိုလုချင်လို့များ လိုက်နေတာလား ...၊

ပြီးတော့၊ ဒီလူတွေ ဘယ်အချိန်ကတည်းက သူ့နောက်ဘက်က လိုက်နေကြတာလဲ ...၊

သူ ဘာကိုမှ စဉ်းစားလို့မရဘူး။

ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာတော့ သူသတိဝီရိယရှိရတော့မယ်။

တုတ်ကို တင်းတင်းဆုပ်ကိုင်ပြီး နွားကို ခပ်သွက်သွက်မောင်းတယ် ...၊

တော်တော်လေးကြာတော့ သူနောက်ကို လှည့်ကြည့်တယ်။

သူ့နောက်မှာ လူသုံးယောက် ရှိနေတုန်းပဲ။

ထူးခြားတာက နွားတစ်ကောင် အပြင်းမောင်းပြီး အပြေးသွားနေတဲ့သူ့ကို နောက်က ခပ်ဖြည်းဖြည်းလမ်းလျှောက်လိုက်နေတဲ့ သူတို့သုံးယောက်က တဖြည်းဖြည်းနီးကပ်လာတာပဲ။

ကိုဝင်းမြင့် အံ့ဩသွားတယ်။

"ဘာဖြစ်တာလဲဟ ..."လို့လည်း စိတ်ထဲက ရေရွတ်မိလိုက်တယ်။

ဒါပေမယ့် ဘာမှ တွေးမနေအားဘူး။

နွားကို အပြင်းမောင်းပြီး အပြေးသွား၊ သွားတယ်။

ခဏနေတော့ သူလှည့်ကြည့်လိုက်ပြန်တယ်။

"အား ..."

လန့်အော်လိုက်တယ်။

ခေါင်းမွေးတွေ ထောင်ကြွသွားတယ်။ ကြက်သီးမွေးညင်းတွေ အဖျန်းဖျန်း ထသွားတယ်။

ကြောက်လန့်ခြင်းက သူ့တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားသွားစေတယ် ...၊

အဲဒီနောက်မှာတော့ ကိုဝင်းမြင့်တစ်ယောက် ကျောက်တုန်းဘူတို ဘယ်လိုကဘယ်လို ရောက်သွားတယ်ဆိုတာ မပြောနိုင်တော့ဘူး ...။

သတိရတဲ့အချိန်မှာ သူ့မိတ်ဆွေတစ်ယောက်အိမ်ကို သူရောက်







www.burmeseclassic.com

www.burmeseclassic.com



နေပြီ ...။

သူက ဖြစ်သမျှအကြောင်းစုံ ပြန်ပြောပြတယ် ...။

ဟုတ်တယ်၊ သူ နောက်လှည့်လိုက်တဲ့အချိန်မှာ နောက်က လိုက်လာတဲ့ လူသုံးယောက်က အရမ်းနီးကပ်နေပြီ။ ငါးတစ်ရိုက် လောက်အကွာထိ ရောက်နေတယ်။

သူတို့ထိုးလာတဲ့ ဓာတ်မီးရောင်ကြောင့် သူတို့ကို ပြန်မြင် နေရတယ် ...။

အဲဒီမှာ ကိုဝင်းမြင့် ခေါင်းမွေးတွေ ထောင်ထသွားတာ။

အဲဒီနေရာမှာ ကိုဝင်းမြင့်မှ မဟုတ်ဘူး၊ ဘယ်သူမဆိုလည်း ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူး။ ထိတ်လန့် ချောက်ချားကြမှာပဲ။

ဘာကြောင့်လဲဆိုတော့ ...

ကိုဝင်းမြင့်နောက်က ဓာတ်မီးတစ်လက်ကိုင်ပြီး ထပ်ချပ် မကွာလိုက်နေတာ ဦးခေါင်းတွေ ပြတ်နေတဲ့ ခေါင်းပြတ်သရဲ သုံးကောင်ဖြစ်နေလို့ပါပဲ။

## ၉း

ကိုဝင်းမြင့်ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေက ကိုဝင်းမြင့်ကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ပေးတယ်။





ကိုဝင်းမြင့်ရဲ့ နွားကိုလည်း ညတွင်းချင်းလူစုပြီး လိုက်ရှာ ပေးကြတယ်။

ကံအားလျော်စွာ သစ်ပင်တစ်ပင်မှာ ဘူးလည်သီး ခတ်ချည် ထားတာ တွေ့တယ်။

ကိုဝင်းမြင့် သေသေချာချာမေးကြည့်တော့ အလယ်အင်းဘေးက ကျီးပြိုတဲ့သစ်ပင်ကြီး ဖြစ်နေတယ် ...။

အမှန်တကယ်က သူနွားမောင်းလာတာ အလယ်အင်းကို ကျော်လို့ နောက်ဆုံးအင်းတောင် လွန်တော့မယ်။ ခေါင်းပြတ်သရဲ တွေနဲ့ အတွေ့၊ သူက ကျောက်ကုန်းရွာဆီ စွတ်အပြေး၊ နွား ကလည်း လန့်ပြီး ပြေးချင်ရာပြေးနဲ့ ရောက်သွားတာများလား။

ရောက်တယ်ပဲထားဦး၊ ဘယ်သူက နွားကို သစ်ပင်မှာ ချည် ထားခဲ့တာလဲ။ ချည်ထားတာက ဘူးလည်သီးခတ်ချည်နည်းနဲ့ သေသေချာချာ ချည်ထားတာ။

နွား ပြေးရင်း၊ လွှားရင်း သစ်ပင်ကို ပတ်မိနေတဲ့ပုံမျိုး မဟုတ်ဘူး။

ဒီလိုအချိန်၊ ဒီလိုနေရာမှာ လူတစ်ယောက်က ချည်ထားခဲ့တာ ဖြစ်အောင်လည်း ...

မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ဘယ်သူ ချည်ထားတာလဲ။

ဘယ်သူဖြစ်နိုင်လဲ ...။

ဒါလည်း ကိုဝင်းမြင့် မပြောတတ်ဘူး။

ကိုဝင်းမြင့်မှမဟုတ်ဘူး၊ နွားတွေ့လာတဲ့ လူတွေကိုယ်တိုင်လည်း ဘယ်လိုပြောလို့ ပြောရမှန်းမသိဘူး။ စဉ်းစားမရကြဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ အဲဒီညက ကိုဝင်းမြင့် ကျောင်းကုန်းရွာက ဇနီးသည်ဆီ မပြန်ဖြစ်ခဲ့ဘူး။

ကျောက်ကုန်းက မိတ်ဆွေအိမ်မှာပဲ ညအိပ်ခဲ့ရပါတယ်။

ကံအားလျော်စွာပါပဲ၊ သူ့ရဲ့ဇနီးသည်ကလည်း သူပြန်ရောက်တဲ့ နေ့ခင်းမှ သမီးလေးတစ်ယောက် ဖွားမြင်ခဲ့ပါတယ်။

ကိုဝင်းမြင့်က အင်းသုံးလုံးကွင်း တစ္ဆေသရဲတွေအကြောင်း နိဂုံးချုပ်လိုက်တဲ့အခါမှာ စာရေးသူက ...

"အဲဒီလို ထိတ်လန့်ချောက်ချားစရာတွေ ကြုံတွေ့ပြီးနောက်မှာရော အင်းသုံးလုံးကွင်းကနေ ဘယ်နှစ်ခေါက်လောက် ဖြတ်သွားရသေးလဲ ..."လို့ မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

ကိုဝင်းမြင့်က တဟဲဟဲ ရယ်တယ်။

ပြီးတော့မှ ...

"ညဘက်မပြောနဲ့၊ နေ့ခင်းတောင် မသွားရဲတော့ဘူး





အစ်ကိုရေ ...၊

ဒီလောက်ကြမ်း၊ ဒီလောက်ကြောက်စရာကောင်းတဲ့ကွင်း၊ တစ်ခါတည်းနဲ့ တစ်သက်မှတ်သွားပါပြီ။

အခု၊ သမီးအသက်(၂၅)နှစ်ထဲ ရောက်နေပြီ။

အိမ်ထောင်ကျလို့ ကလေးတောင် ကျောင်းထားရတော့မယ်။

ကျွန်တော်တစ်ခေါက်မှ မသွားရဲတော့ဘူး၊ သွားရင်လည်း သေမှာပဲ"ဟု ရှက်ရယ် ရယ်ရင်း စာရေးသူရဲ့အမေးကို ဖြေလိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# သရဲခြောက်ခံရသူများ

### ငလျင်ကြာက ဗီညာခြံဆီး

လူတွေအကုန်လုံးလာန့်ပြီး အိမ်ပေါ်ကနေ

တဝုန်း ဝုန်း တဒိုင်းဒိုင်းနဲ့

ဆင်းပြေးကြတယ် …။

ခုန်ချသူကလည်း ခုန်ချပေါ့ …။

ထူးခြားတာက …။





### မျက်လုံးပြူးသရဲမ

အမျိုးသမီးရဲ့ စိမ်းဝန့်ဝန့် အရောင်တောက်နေတဲ့

မျက်လုံးနှစ်လုံးက

သက်ဖက်ရည်ပန်းကန်လုံးလောက်ကြီး အပြင်ကို

ပြူးထွက်လာတယ်။

"အမလေး … ကယ်ကြပါဦး …"

ကျော်မိုးအလန့်တကြားအော်လိုက်တယ်။

### ကြူးဗာဇာတားပေါ်ကသရဲလေး

စက်ဘီးနောက်ထိုင်ခုံမှာ ငှငှကြီးထိုင်နေတယ်။

ဖျတ်ခနဲ မျက်နှာလှည့်လာတယ်။

ပြီးတော့

ကိုထွန်းလွင်ကို ငှငှကြီးကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ငလိုင်ရွာက ဗိညာဉ်ဆိုး

ချင်းတိုင်းရင်းသားတွေနေတဲ့ ငလိုင်ရွာလေးဟာ မတူပီမြို့နယ်ထဲမှာ ရှိပါတယ်။

မတူပီ–ဟားခါးသွား ကားလမ်းမကြီးပေါ်မှာ တည်ရှိပြီး မတူပီမြို့နဲ့ (၈)မိုင်ပဲ ဝေးတဲ့ရွာလေးပါ။

အိမ်ခြေတစ်ရာကျော်၊ လူဦးရေ လေး၊ ငါးရာလောက် ရှိတာကြောင့် ချင်းတောင်တန်းမှာတော့ ရွာကြီးတစ်ရွာလို့တောင် ဆိုနိုင်ပါတယ်။ ရေမြေသဘာဝကောင်းတဲ့နေရာမှာ တည်ရှိတဲ့အတွက် ရွာသူရွာသားအားလုံး စိုက်ပျိုးရေးနဲ့ အသက်မွေးကြတယ်။

အများစုကြီးက တောင်ယာလုပ်ကိုင်ကြပြီး၊ လက်ဖက်ခင်း လိမ္မော်ခြံစိုက်သူတွေလည်း ရှိကြတယ်။

ငလိုင်ရွာလေးကို အလွန်ကြီးမားတဲ့ ဝမ်လုန်းပင်ကြီးတွေ၊ ယူကလစ်ပင်ကြီးတွေက အုပ်မိုးထားပြီး စည်ကားသာယာလှတဲ့ ရွာလေးလည်း ဖြစ်ပါတယ်။

(ဝမ်လုန်းပင်တာ မြန်မာပြည်အနှံ့အပြားမှာ တွေ့ရတတ်တဲ့ ဗန်ဒါပင်ကြီးတွေနဲ့ အပွေး၊ အဝင်၊ အသီး၊ အရွက်အားလုံးတူပြီး အပင်တွေက လူကြီးနှစ်ဖက်စာ သုံးဖက်စာ အရွယ်အစားကြီးမားတဲ့ အပင်ကြီးတွေ ဖြစ်ပါတယ်။





ဝမ်လုန်းပင်ကြီးတွေကို ခွဲစိတ်ပြီး အိမ်ဆောက်လုပ်ရာမှာ သုံးစွဲကြပါတယ်။)

ရွာသူရွာသားအားလုံးလိုလို ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြတယ်။ ရွာမှာ ဘုရားရှိခိုးကျောင်းလည်း ရှိပါတယ်။

အဲဒီရွာလေးမှာ ဗိညာဉ်ဆိုးရဲ့ ခြောက်လှန့်တာကို ခံခဲ့ရတယ်လို့ ငလိုင်ရွာသူ၊ ချင်းအမျိုးသမီး ဒေါ်ယူရီး(မြန်မာအမည် ဒေါ်ရီ)က စာရေးသူကို ပြောပြခဲ့ပါတယ်။

× × × × ×

"အဲဒီအချိန်က မိုးတွင်းကာလပါ။

မိုးဖွဲဖွဲရွာတဲ့ နေ့တစ်နေ့မှာ ငလိုင်ရွာက အသက်(၁၃/၁၄)နှစ်အရွယ် ကလေးမလေးတစ်ယောက် အဖျားရောဂါနဲ့ အသက်ဆုံးပါး သွားခဲ့ပါတယ်။

ရပ်ရွာဓလေ့ထုံးစံအတိုင်း အိမ်မှာ သုံးရက်ထားတယ်။

သုံးရက်ပြည့်တဲ့နေ့မှာ သုသာန်ကိုထုတ်ပြီး ဂူသွင်းသင်္ဂြိုဟ်မှာပါ။

ဂူဆိုတာက အခြားဒေသတွေမှာလို အုတ်၊ ဘိလပ်မြေစတဲ့ အရာတွေနဲ့ ဆောက်လုပ်တဲ့ ဂူမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းနေရာက ကျောက်တောင်ကို အခေါင်းထည့်လို့ရအောင် ထွင်းဖောက်ပြုလုပ်ထားတဲ့ ကျောက်ဂူစစ်စစ်ပါ။

နှစ်ကာလကြာမြင့်လို့ အရိုးကျသွားရင်၊ အဲဒီကျောက်ဂူထဲမှာပဲ မိသားစုဝင် ဆွေမျိုးသားချင်းတွေရဲ့ အလောင်းကို ထပ်ပြီး ဂူသွင်းသင်္ဂြိုဟ်လို့ ရပါတယ်။

ကလေးမလေးရဲ့ အလောင်းကိုလည်း ရပ်ရွာရဲ့ အတိုင်း သင်္ဂြိုဟ်မှာ ဖြစ်ပါတယ်။

သေဆုံးတဲ့နေ့ကစပြီး ရွာဘုရားရှိခိုးကျောင်းက 'သင်းအုပ်ဆရာနှင့် အဖွဲ့ရောက်လာပြီး ဝတ်ပြုဆုတောင်းကြပါတယ်။ ဓမ္မသီချင်းတွေ သီဆိုကြပါတယ်။

ထူးထူးဆန်းဆန်း ကြုံရတာက ကွယ်လွန်ပြီး နှစ်ရက်မြောက်တဲ့ ညမှာပါ။ ည(၈)နာရီလောက်မှာ သင်းအုပ်ဆရာနဲ့အဖွဲ့ အသုဘအိမ်ကို ရောက်လာတယ်။

သေသူအတွက် ဝတ်ပြုဆုတောင်းကြဖို့ နှီးနှောလိုက်တယ်။ အဲဒီအချိန်မှာပဲ အိမ်ကလှုပ်သွားတယ်။ ခြေတံရှည်အိမ်ဆိုတော့ လှုပ်တာ သိလိုက်ပေမယ့် အိမ်ပေါ်မှာ လူများလို့ထင်ပြီး ဘာသိဘာသာပဲ ကြောက်တာ လန့်တာ မဖြစ်သေးဘူး။





ဒါပေမယ့် ခဏနေတော့ အိမ်က ဗိုလှုပ်လာတယ်။ လှုပ်တာမှ သွက်သွက်ကို ယမ်းခါလှုပ်နေတာ။

ဒီတော့မှ လူတွေ အကုန်လုံးလန့်ပြီး အိမ်ပေါ်ကနေ တရုန်းရုန်းတနိုင်းနိုင်းနဲ့ ဆင်းပြေးကြတယ်။ ခုန်ချသူကလည်း ခုန်ချပေါ့။

ထူးခြားတာက ...

အိမ်ကြီးက မမြင်ရတဲ့ တစ်စုံတစ်ယောက် ကိုင်လှုပ်နေသလို ဆောင့်ဆောင့်ကြာကြာ ယိမ်းထိုးလှုပ်ခါနေတာကို အိမ်ပေါ်မှာရှိတဲ့ သူတွေပဲ သိကြ၊ ခံစားကြရတယ်။

အိမ်အောက်မှာရှိနေတဲ့သူတွေက လုံးဝမသိကြ၊ မခံစားကြရတဲ့ အချက်ပါပဲ"လို့ စာရေးသူကို ပြောပြပါတယ်။

ဒီဖြစ်ရပ်က ဗုဒ္ဓဘာသာဝင်တွေ ကြုံတွေ့ခဲ့တဲ့ ဖြစ်စဉ် မဟုတ်ပါဘူး။

ခရစ်ယာန်ဘာသာဝင်တွေ ကြုံတွေ့ခဲ့ရတဲ့ ထူးခြားဖြစ်စဉ်ပါ။

ဗုဒ္ဓဘာသာအယူအဆနဲ့ တွေးမယ်ဆိုရင်တော့

သေသူဟာ ယခုဘဝ(ဒါမှမဟုတ်)ဘဝအဆက်ဆက်က ပြုခဲ့တဲ့ ကံအကြောင်းတရားကြောင့် ပြိတ္တာဘုံသား၊ တစ္ဆေ သရဲဘဝကို ရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လာတဲ့ပရိသတ်ကို သူရှိနေတဲ့အကြောင်း အိမ်တို့ လှုပ်ယမ်းပြီးပြတယ်၊ ဒီလိုပဲ ပြောရမှာပါ။

ဒါပေမယ့် ဒေါ်ယူရီးကတော့ သူယုံကြည်တဲ့ ဘာသာရေး အယူအဆအရ ...

လူသေရင် ...

ဘုရားသခင်ကို ယုံကြည်သူက ကောင်းကင်ဘုံကို ရောက် တယ်။ မယုံကြည်သူက ငရဲဘုံကိုသွားတယ်။

ဒီတာ မကောင်းတဲ့ဝိညာဉ်ဆိုး လာရောက်ပူးကပ်ခြောက်လှန့် တာသာ ဖြစ်တယ်လို့ ပြောပြပါတယ် ...၊

စာရေးသူ ပြောချင်တာက

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုအယူအဆနဲ့ပဲ တွေးတွေး

လောကကြီးထဲမှာ မမြင်ရတဲ့ နာနာဘာဝကောင်တွေ ရှိနေတယ် ဆိုတာ မှန်ကန်တဲ့အကြောင်းခြင်းရာတစ်ခု ဖြစ်တယ်ဆိုတာပါပဲ။

## မျက်လုံးပြူးသရဲမ

ကျော်မိုးက ဦးပိန်တံတားအနီးမှာ နေတယ်။

ဦးပိန်တံတားဆိုတာက မန္တလေး၊ အမရပူရ တောင်သမ အင်းက ဦးပိန်တံတားတော့ မဟုတ်ဘူး။





ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့ခြောက်ဘက်အထွက်မှာရှိတဲ့ တံတားပါ။

ဟိုးတုန်းက ဦးပိန်ဆိုတဲ့ လူတစ်ယောက် ဒီတံတားအနီးမှာ အးသောက်ဆိုင် လာဖွင့်ဖူးတယ်။

ဒါကြောင့် ဦးပိန်တံတားလို့ အမည်တွင်သွားတာ။

ခုတော့ ဦးပိန် ဆုံးသွားတာလည်း ကြာပြီ၊ သူမိသားစု တွေလည်း ပြောင်းသွားကြပြီ။

နောင်းလူတွေက ဦးပိန်တံတားအမည်ကိုတောင် မသိကြ တော့ဘူး။

ကညွတ်ကွင်းအနောက်ဘက်၊ မြင်ပင်ရွာသွားတဲ့ မြေသား လမ်းပေါ်မှာရှိလို့ မြင်ပင်တံတားလို့ပဲ ခေါ်ကြတယ်။

ဒါ့ကြောင့် ကျော်မိုး၊ မြင်ပင်တံတားအနီးမှာ နေတယ်လို့ ပြောမှ ခုလူတွေ သိကြမယ်ထင်တယ်။

ကျော်မိုးအမေက ဈေးထဲမှာ ကြက်သားရောင်းတယ်။

ကျော်မိုးက သူ့အမေရောင်းဖို့ "ကြက်ကောက်"ပေးရတယ်။ ကြက်ကောက်တယ်ဆိုတာ ကြက်လိုက်ဝယ်ရတာကို ပြော တာပါ။

ကညွတ်ကွင်းက "မြို့"ဖြစ်လာတာ မကြာသေးဘူး၊ ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မှ အရင်ကဆို ကျေးရွာအုပ်စုတွေနဲ့ ဖွဲ့စည်းထားတဲ့ တိုက်နယ် အဆင့်ရွာကြီးပဲ။

ပြောချင်တာက မြို့ကြီးပြကြီးတွေလို အသားတိုး ကြက်မွေး မြူရေးခြံတွေ မရှိဘူး။

ဥစားကြက်မွေးတဲ့သူ ရေတွက်ကြည့်ရင်တောင် လက်တစ်ဖက် တည်းနဲ့ လုံလောက်တယ်။

ဒါ့ကြောင့် ကညွတ်ကွင်းဈေးထဲက ကြက်သားရောင်းသူတွေ ဟာ အိမ်တွေမှာ ဝါသနာအရ မွေးထားတတ်တဲ့ အိမ်ကြက်ကိုပဲ အားပြုရောင်းကြရတယ်။

ကြက်တွေဝယ်ပြီး အိမ်မှာ ခြံထဲထည့်လှောင်၊ ဆောင်းနဲ့ အုပ်လှောင် ထားတတ်ကြတယ်။

ကြက်ရောင်းသူတွေက ပတ်ဝန်းကျင်ရွာတွေက လာကြတား အိမ်မှာမွေးထားတဲ့ကြက်လေးတွေဖမ်းလာ၊ ကြက်ကောက်သူတွေ ဆီရောင်း၊ ရတဲ့ပိုက်ဆံလေးနဲ့ လိုတာလေးတွေဝယ်ကြတယ်။ ကျော်မိုးက ဒီလိုလာရောင်းတဲ့သူတွေဆီက ကြက်ကောက်တား

သူ ကြက်ကောက် ကြက်ဝယ်တဲ့နေရာက အရှေ့ဘက် မြို့ဝင်လမ်းပေါ်က နေဆန်းချောင်း တံတားထိပ်မှာ ...

မြို့နဲ့ဆို တစ်မိုင်ကျော်ကျော်လောက် ဝေးသေးတယ်။





ရွာတွေက လူတွေဟာ မြို့ကို စောစောလာလေ့ရှိတာကြောင့် ကျော်မိုးကလည်း သူကြက်ကောက်တဲ့နေရာကို စောနိုင်သမျှ စောအောင် သွားရတယ်။

အမြဲတမ်း မနက်စောစော(၃)နာရီနဲ့ (၄)နာရီကြား၊ မှောင် နေသေးတဲ့အချိန်၊

အရုဏ်ရောင်နီတောင် မသမ်းသေးတဲ့အချိန်မှာ ကျော်မိုး အိမ်ကနေ ထွက်လာလေ့ရှိတယ်။

အဲဒီနေ့ကလည်း သူ့ထုံးစံအတိုင်း မနက်(၃)နာရီ ထိုးတာနဲ့ သူ့စက်ဘီးကိုဆွဲပြီး ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။

သူ့အိမ်က မြို့ရဲ့ မြောက်ဘက်အစွန်ဆိုတော့၊ သူ့လမ်း ကြောင်းက မြို့ထဲကို ရန်ကုန်၊ မန္တလေး ကတ္တရာလမ်းမကြီးအတိုင်း ဝင်လာရတယ်။

လမ်းမီးတိုင်တွေ အနီးတစ်ဝိုက်မှာ မှိန်ဖျော့ဖျော့ အလင်း ရောင်ရှိပေမယ့် ညကတော့ မှောင်မည်းတိတ်ဆိတ်နေတုန်းပဲ။

သူ့ဘေးကနေ အဝေးပြေးကုန်တင်ကားကြီးတစ်စင်း ရန်ကုန် ဘက် မောင်းသွားတယ်။ ကားအင်ဂျင်စက်သံကြောင့် တစ်ခဏ ဆူညံသွားပေမယ့် ချက်ချင်းဆိုသလို ပြန်ပြီး တိတ်ဆိတ်သွားတယ်။

သစ်တောဂိတ်လမ်းကွေ့ရောက်တော့ ကျော်မိုးက စက်ဘီးကို



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ဆေးရုံလမ်းထဲ ချိုးကွေ့လိုက်တယ်။ ရထားလမ်းကုန်းကျော်ကို ဖြတ်ကျော်ပြီး ဆက်နင်းတယ်။

ဒီဆေးရုံလမ်းက ရှေ့တည့်တည့် သုံးဖာလုံလောက်မှာ ဆေးရုံဝင်းထဲ ဝင်သွားတယ်။

ဆေးရုံရှေ့မှာပဲ တောင်ဘက်ကို တစ်လမ်း၊ မြောက်ဘက်ကို တစ်လမ်း ဖြာထွက်သွားတယ်။

မြောက်ဘက်သွားတဲ့လမ်းက ကွင်းရှေ့သုသာန်သွားလမ်း ဖြစ်ပြီး၊

တောင်ဘက်သွားလမ်းက ဆေးရုံအုတ်တံတိုင်းအတိုင်း အရှေ့ဘက် ချိုးကွေ့ပြီး မိသလင်လမ်းမကြီးနဲ့ သွားပေါင်းတယ်။

ကျော်မိုးသွားမယ့်လမ်းက တောင်ဘက်ချိုးကွေ့တဲ့လမ်း။

အဲဒီကနေ မိသလင်လမ်းအတိုင်း အရှေ့ဘက် ထောင်တက်သွားပြီး နေဆန်းချောင်းတံတားထိပ် ရောက်တာနဲ့ သူကြက်ကောတ်တဲ့နေရာရောက်ပြီ။

ကျော်မိုးက သူ့စက်ဘီးကို ရထားလမ်းကုန်းကျော်ပေါ်ဆင်းပြီး ဆေးရုံလမ်းအတိုင်း စီးလာတယ် ...၊

အဲဒီအချိန်မှာပဲ ဟိုးရှေ့ခပ်လှမ်းလှမ်း၊ ဆေးရုံဝင်ပေါက်အသလောက်မှာ ရပ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို လှမ်းတွေ့





လိုက်တယ်။

ထင်ထင်ရှားရှား မဟုတ်ပေမယ့် ဆေးရုံဝင်းထဲက လျှပ်စစ်မီးရောင်တွေ နောက်ခံထားတာကြောင့် အမျိုးသမီးတစ်ယောက်ရဲ့ ပုံပန်းသဏ္ဍာန်ကိုတော့ ပေါ်ပေါ်လွင်လွင် မြင်နေရတယ်။

အမျိုးသမီးတစ်ယောက်ရဲ့ သဘာဝခန္ဓာကိုယ်ကောက်ကြောင်းနဲ့ ရှည်လျား ဖြန့်ချထားတဲ့ ဆံနွယ်ပုံရိပ်ကို သိသိသာသာ တွေ့နေရတယ်။

"ဆေးရုံထဲကထွက်လာတဲ့ လူနာစောင့်အမျိုးသမီးတစ်ယောက်များလား ..."

ကျော်မိုး စက်ဘီးစီးရင်း တွေးလာတယ်။

တွေးရင်း အကဲခတ်ကြည့်လာတယ်။

သူ့စက်ဘီးက အမျိုးသမီးနဲ့ တဖြည်းဖြည်း ပိုပိုပြီး နီးကပ်လာတယ်။

စက်ဘီးမှာပါတဲ့ ရှေ့မီးလုံးကြောင့် အမျိုးသမီးကို ပိုပြီး ထင်ထင်ရှားရှား မြင်လာရတယ်။

အဲဒီအချိန်မှာ ကျော်မိုးတာ အမျိုးသမီးရဲ့ ထူးခြားချက်ကို သတိပြုမိလိုက်တယ်။

ဇာတ်တယ်၊ ထူးခြားတယ်။ အမျိုးသမီးရဲ့ မျက်လုံးနှစ်လုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာ ပြူးကျယ်နေတယ်။ ဝိုင်းစက်နေတယ်။

ပြီးတော့ စိမ်းဖန့်ဖန့်အရောင်တောက်နေတယ်လို့လည်း ကျော်မိုးစိတ်ထဲက ထင်နေတယ်။

သူက အရှိန်မပျက် စက်ဘီးကို နင်းလာတယ်။

တဖြည်းဖြည်းအမျိုးသမီးနဲ့ ပိုပြီး နီးလာတယ်။

နီးလာလေလေ အမျိုးသမီးရဲ့ မျက်လုံးနှစ်လုံးဟာ ပိုပြီး ကြီးလာနေတယ် ...။

"ဘာဖြစ်တာလဲဟ၊ ငါအမြင်မှားနေတာလား၊ တကယ် ဖြစ်နေတာလား ..."

ကျော်မိုးစိတ်တွေ ဒွိဟဖြစ်နေတယ်။

မသင်္ကာစိတ်ကြောင့် မအီမလည်ကြီး ခံစားနေရတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း နီးလာတယ်။

ပိုပြီး၊ ပိုပြီး နီးလာတယ် ...၊

သူ သတိပြုပြီး ကြည့်လာတဲ့ အမျိုးသမီးရဲ့မျက်လုံးတွေကလည်း ပိုပြီး ကြီးလာနေတယ်။

သူ အမျိုးသမီးနဲ့ လက်တစ်ကမ်းလောက်အထိကို နီးနီးကပ်ကပ် ရောက်လာတယ် ...။

ကျော်မိုးတစ်ကိုယ်လုံး တုန်သွားတယ်။





ကြက်သီးမွေးညင်းတွေ တဖျန်းဖျန်း ထသွားတယ်။

ခေါင်းနပန်းတွေ ကြီးသွားတယ်။

ဘာကြောင့်လည်းဆိုတော့ ...၊

အမျိုးသမီးရဲ့ စိမ်းဖန့်ဖန့်အရောင် တောက်နေတဲ့ မျက်လုံးနှစ်လုံးက ...

လက်ဖက်ရည်ပန်းကန်ပုံးလောက်ကြီး အပြင်ကို ပြူးထွက်လာလို့ပါ။

**"အာမေး ... ကယ်ကြပါဦး ..."**

ကျော်မိုးအလန့်တကြား အော်လိုက်မိတယ်။

စက်ဘီးပေါ်က ခုန်ဆင်းတယ်။

လူရော၊ စက်ဘီးရော၊ အလဲလဲ အပြိုပြို ဖြစ်သွားတယ်။

ကျော်မိုးစက်ဘီးကို ပစ်ထားခဲ့ပြီး ခြေဦးတည့်ရာကို သွေးရူးသွေးတန်း ထွက်ပြေးတယ်။

ကံကောင်းတာက သူ ကယောင်ကတမ်း ထွက်ပြေးတဲ့ လမ်းက ကွင်းရှေ့သုသာန်သွားတဲ့လမ်း မဖြစ်တာဘဲ။

ကျော်မိုး သူလာခဲ့တဲ့လမ်းအတိုင်း နောက်ကြောင်း ပြန်လှည့် ပြေးမိခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်း ပြေးလာတဲ့ ကျော်မိုးတစ်ယောက် ရထား လမ်းကုန်းကျော်အရောက်မှာ ကင်းသမားတွေနဲ့ တွေ့တယ်။

ဒီတော့မှ ကျော်မိုး အပြေးရပ်သွားတယ်။

ကင်းသမားတွေကို ဆေးရုံရှေ့လမ်းပေါ်မှာ သရဲခြောက်ခံရတဲ့ အကြောင်း ပြောပြတယ် ...။

ကျော်မိုးတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေတယ်။

မောကြီးပန်းကြီးဖြစ်ပြီး အသက်ကို ဝအောင်မနည်းရှူ[...] ရတယ်။

"ကျွန်တော့်စက်ဘီးလည်း အဲဒီနေရာမှာ ကျန်ရစ်တယ်[...] စက်ဘီးသွားယူချင်လို့ လိုက်ခဲ့ပေးကြပါဦးဗျာ ..."

ကျော်မိုးတောင်းပန်တာကြောင့် မျက်လုံးပြူးသရဲမနဲ့ တွေ့[...] နေရာကို ကင်းသမားတွေ လိုက်လာတယ် ...။

ဆေးရုံရှေ့လမ်းပေါ်မှာပဲ လဲကျနေတဲ့ ကျော်မိုးရဲ့ စက်ဘီး[...] တွေ့ရတယ် ...။

ကျော်မိုးပြောပြတဲ့ သရဲခြောက်ခံရတဲ့အကြောင်းကို အချို့[...] မယုံဘူး။

သရဲမရှိဘူး၊ ယုတ္တိမရှိဘူး လို့ပြောတယ်။ တချို့ကတော့ ဖြစ်နိုင်တယ်၊ ယုံတယ်လို့ ပြောတယ်။





ဒီအချိန်ဟာ သရဲတစ္ဆေ နာနာဘာဝတွေ အစာရှာထွက်တဲ့ အချိန်၊ ကွင်းရှေ့ သုသာန်မှာနေတဲ့ သရဲမအစာရှာထွက်တုန်း ကျော်မိုးနဲ့တွေ့တာ ဖြစ်မယ်လို့ ထင်ကြေးပေးတယ်။

တချို့ကလည်း ဆေးရုံရှေ့ လမ်းတစ်ဘက်မှာရှိတဲ့ ဆန့်ခက် ပင်ကြီးထဲက နာနာဘာဝ သရဲမ အပြင်ထွက်လာတာဖြစ်မယ်လို့ ပြောကြတယ်။

ဘယ်သူတွေယုံယုံ မယုံယုံ ကျော်မိုးရဲ့ အမေကတော့ ယုံတယ်။

ဘာကြောင့်လည်းဆိုတော့ ကျော်မိုး လုံးဝမလိမ်တတ်တာ သူသိလို့တဲ့။

ပြီးတော့ အလုပ်ကို ဝီရိယစိုက်ပြီး ကြိုးကြိုးစားစား လုပ် တတ်တဲ့ သူ့သားကျော်မိုး။

အဲဒီ သရဲခြောက်ခံရတဲ့နေ့ကစပြီး အတော်ကြီး သွားနိုင်းလို့ကို မရတော့ဘူးတဲ့။

ဒါကြောင့် ကျော်မိုး သရဲခြောက်ခံရတယ်ဆိုတာကို ယုံတယ် [...] တရေးသူကို ပြောပြပါတယ်။

ကျော်မိုးကိုယ်တိုင်ကလည်း ...

အဲဒီနေ့ကစပြီး ကြက်ကောက်တဲ့နေရာကို မနက်မိုးစင်စင်



www.burmeseclassic.com

www.burmeseclassic.com



လင်းမှပဲ သွားရဲတော့တယ်ဆိုတဲ့ အကြောင်းနဲ့၊ သူသရဲခြောက်ခံရတဲ့ ဆေးရုံရှေ့လမ်းခွဲနေရာကို ရောက်တိုင်း ဆံပင်တွေ ဖားလျားချထားတဲ့ လက်ဖက်ရည်ပန်းကန်လုံးလောက်ရှိတဲ့ အစိမ်းရောင်မျက်လုံးကြီးနှစ်လုံး ပြူးပြူး၊ ခြောက်လှန့်တတ်တဲ့ သရဲမကို မြင်ယောင်ပြီး ကြက်သီးဖျန်းဖျန်းထ ကြောက်လန့်နေတုန်းပဲလို့ စာရေးသူကို ပြောပြခဲ့ပါတယ်။

## ကြိုးတံတားပေါ်က သရဲလေး

စာရေးသူတင်ပြမယ့် ဒီဇာတ်လမ်းမှာ သရဲခြောက်ခံခဲ့ရသူ (အမှန်ဟုတ်) ကြိုးတံတားပေါ်က သရဲလေးနဲ့ တွေ့ဆုံခဲ့ရသူဟာ အင်းစိန်ထောင်က ထောင်မှူးတစ်ယောက်ပါ။

သူနဲ့စာရေးသူဟာ အင်းစိန်ပေါက်တောဝက် မိတ်ဆွေစာပေမှာ မကြာခဏ တွေ့ဆုံရာကနေ သိကျွမ်းခင်မင်ခဲ့ကြတာ ဖြစ်ပါတယ်။

သူက ထူးခြားဆန်းကြယ်ဖြစ်စဉ်တွေနဲ့ ဖြစ်ရပ်မှန် ကမ္ဘာ့ခြောက်ခံရသူတွေအကြောင်း ရှာဖွေရေးသားနေတဲ့ စာရေးသူကို ကြိုးတံတားပေါ်မှာ သရဲခြောက်ခံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ပြောပြခဲ့ပါတယ်။



သူ့နာမည်ကိုတော့ ကိုထွန်းလွင်ဆိုတဲ့အမည်လွှဲနဲ့ပဲ စာရေးသူ ရေးသားတင်ပြချင်ပါတယ်။

× × × × ×

ကိုထွန်းလွင်က လှိုင်သာယာမြို့နယ်၊ × × × ရပ်ကွက်မှာ နေသူဖြစ်ပါတယ် ...။

သူနေတဲ့ရပ်ကွက်က အင်းစိန်နဲ့ လှိုင်သာယာဆက်သွယ်ထားတဲ့ မြစ်ကူးကြိုးတံတားကြီးနဲ့ နီးတယ်။

သူ့အိမ်ကနေ ကြိုးတံတားကြီးကို ဖြတ်ကျော်လိုက်တာနဲ့ အင်းစိန်ပေါက်တောဝကို ရောက်သွားတယ်။

ပေါက်တောဝရောက်ရင်၊ အင်းစိန်ထောင်ကို ရောက်တာနဲ့ အတူတူပဲ။

ဒီလို သွားရေး၊ လာရေးလွယ်တာကြောင့် ကိုထွန်းလွင် အကျဉ်းဦးစီးဌာနက ပေးတဲ့လိုင်းခန်းမှာ မနေဘူး။

မိသားစုရှိတဲ့ လှိုင်သာယာမှာ နေတယ်။

ဂျူတီရှိရင် အိမ်ကနေ စက်ဘီးစီးပြီး အင်းစိန်ထောင်ကို သွားတယ်။ ဂျူတီဝင်တယ်။

ဂျူတီမရှိတဲ့နေ့ကျ အိမ်ပြန်လာတယ်။

ဒါက ကိုထွန်းလွင် အလုပ်သွား၊ အလုပ်ပြန်သွားနေကျ





www.burmeseclassic.com

www.burmeseclassic.com



လာနေကျပုံစံ။

အဲဒီသရဲခြောက်ခံရတဲ့ မနက်ကလည်း သူသွားနေ၊ လာနေကျ လမ်းအတိုင်း လာတာပါ။

တစ်ခုတော့ရှိတယ်၊ စောတယ်၊ တော်တော်လေး စောသေးတယ်။

အရေးကြီးတာဝန်တစ်ခု ပေါ်လာတာကြောင့် အိမ်ကနေ မနက်လေးနာရီထလာခဲ့တယ်။

မနက်လေးနာရီဆိုတာ အမှောင်ကြီးစိုးတဲ့ ညအချိန်ပဲ ရှိသေးတယ်။

ဒါပေမယ့် ရန်ကုန်ထုံးစံအတိုင်း လမ်းမီးတိုင်တွေ စူးရှလင်းထိန်နေတဲ့ ဆိုဒီယမ်မီးလုံးတွေ၊ ကြိုးတံတားကြီးမှာ တပ်ဆင်ထားတဲ့ ဖန်ချောင်းတွေ၊ မီးလုံးတွေကြောင့် လမ်းတစ်လျှောက်လုံး အလင်းရောင်ထွန်းလင်းနေတယ်။

ဘာပဲဖြစ်ဖြစ် ညဆိုတဲ့အသိစာတော့ သူ့အာရုံကို ကြီးစိုးနေတယ်။

ဖျတ်ခနဲ၊ ဖျတ်ခနဲ တွေ့လိုက်တာနဲ့ မျက်လုံးက အလိုလိုရောက်သွားတယ်။

ရိပ်ခနဲ တွေ့လိုက်ရင် ကစ်ခါတစ်ခါ ကြက်သီးမွေးညင်းထောင်





ထသွားတယ်။

ဒီကြားထဲ လူခြေတိတ်လွန်းတာကလည်း အံ့သြစရာကောင်းကောင်းတယ်။

လူမပြောနဲ့ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးတောင် လမ်းမှာ တွေ့ရဘူး။

ဖြတ်သွားဖြတ်လာ ကားလည်းတစ်စီးမှ မရှိဘူး။

လမ်းတစ်လျှောက်လုံးမှာ စက်ဘီးနင်းလာတဲ့ သူတစ်ယောက်ထဲပဲရှိတယ်။

ဒီလိုနဲ့ ကြိုးတံတားကြီးအတက် ချဉ်းကပ်လမ်းကို ရောက်လာတယ်။

ကြိုးတံတားကြီးမှာ မီးတွေထိန်ထိန်လင်းနေတယ်။ တံတားထိပ်ထုံးဖြူရေး ရဲဂိတ်ဆီက လှုပ်ရှားနေတဲ့ ပုံသဏ္ဌာန်တွေကို လှမ်းတွေ့နေရပြီ။

ကိုထွန်းလွင် အားတက်သွားတယ်။

တံတားကုန်းအတက်ကို အားစိုက်နင်းမယ်အလုပ်မှာ ...

"နေပါဦး၊ နေပါဦး ခဏစောင့်ပါဦး ..."

ရုတ်တရက်မို့ သူတုန်လှုပ်သွားတယ်။

ကြည့်လိုက်တော့ ဆယ့်သုံးနှစ်၊ ဆယ်လေးနှစ်အရွယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ကောင်လေးတစ်ယောက်ကို တွေ့ရတယ်။

ဆံပင်က စုတ်ဖွားဖွား ဒူးဆစ်ဖုံးတဲ့ ဘောင်းဘီကို ခပ်ပွပွကို ဝတ်ထားတယ်။

အင်္ကျီကလည်း အစွန်းအကွက်တွေနဲ့၊

ယေဘုယျကြည့်ရင် ညစ်ထေးထေးကောင်လေးတစ်ယောက် ဆိုတာ မြင်တာနဲ့ သိသာတယ်။

ဒီလိုကောင်လေးတွေကို ထောင်ထဲမှာ မကြာခဏတွေ့နေကျ။ တွေ့တဲ့အခါတိုင်း ကြင်နာသနားစိတ်နဲ့ သူစောင့်ရှောက်နေကျ။

ကောင်လေးကို စောစောက မမြင်မတွေ့မိဘူး။

"အမှောင်ထိုပ်ကနေ ထွက်လာတာနဲ့တူတယ်"လို့ ကိုထွန်းလွင် တွေးလိုက်မိတယ်။

ကောင်လေးက

"သား၊ တိုဘက်ထိပ် လိုက်ချင်လို့ပါ ..."လို့ ခယယ ပြောတယ်။

ကိုထွန်းလွင်က "အေး၊ အေး၊ စက်ဘီးပေါ်တက်"လို့ ပြောလိုက်တယ်

သူ့စကားတောင် မဆုံးဘူး၊ ကောင်လေးက နောက်ထိုင်ခုံ ပေါ်ရောက်နေပြီ။ ဘယ်လိုကနေ ဘယ်လိုတက်လိုက်တာလဲ မသိ





ဘူး။ တက်တာလည်း မမြင်ဘူး။

ကိုထွန်းလွင် အံ့အားသင့်သွားတယ်။

အံ့အားသင့်ပေမယ့် စဉ်းစားမနေတော့ဘူး၊ ဇဝေဇဝါစိတ်နဲ့ပဲ ကလေးကိုတင်ပြီး စက်ဘီးနင်းလာခဲ့တယ်။

နင်းရုံပဲရှိသေးတယ်။ နှာခေါင်းထဲကို ညှီပုပ်ပုပ်အနံ့ တိုးဝင် လာတယ်။

"တစ်လမ်းလုံး တစ်ယောက်ထဲ နင်းလာတာ၊ ဘာအနံ့မှ မရဘူး။ ကောင်လေးစက်ဘီးပေါ်ရောက်မှ အနံ့ရတာ၊ ကောင်လေး ကိုယ်က ထွက်တဲ့အပုပ်နံ့ပဲ ဖြစ်မယ်"

ကိုထွန်းလွင် တွေးလိုက်တယ်။

ဒါပေမယ့် မတတ်နိုင်ဘူး၊ ဒီလို ညစ်ထေးထေးကောင်လေး တွေဆိုက ဒီလိုအပုပ်နံ့ရတာ ထောင်အရာရှိတစ်ယောက်အဖို့ ထူးခြား ဆန်းကြယ်ဖြစ်ရပ်မဟုတ်ဘူး။

ကိုထွန်းလွင်စက်ဘီးကို ကြိုးတံတားပေါ်က ကားလမ်းအတိုင်း အားနဲ့နင်းတယ် ...။

ပုပ်အဲ့အဲ့အနံ့က တစ်လျှောက်လုံး သူနဲ့အတူ ပါလာတယ်။

သူ့စက်ဘီးက ဝယ်ထားတာ မကြာသေးတဲ့အပြင် နေ့စဉ်လိုလိုက် သန့်ရှင်းရေးလုပ်၊ ဆီထည့်ထားတာမို့ ကောင်လေးကို တင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မပင်ပန်းဘူး။

သက်သောင့်သက်သာနဲ့ပဲ နင်းလာခဲ့တယ်။

ကြိုးတံတားကြီးရဲ့ အရှေ့ဘက်ထိပ်ရောက်တော့ ထိုင်ပြီး စကားပြောနေတဲ့ ရဲနှစ်ယောက်ကိုတွေ့ရတယ်။

ရဲတစ်ယောက်က သူ့ကို လှမ်းနှုတ်ဆက်တယ်။

"ထောင်မှူးကြီး၊ ဒီနေ့ စောလှချည်လား ..."

ဒီနေရာက ဖြတ်သွားဖြတ်လာလုပ်နေကျမို့ ကိုထွန်းလွင်၊ သူတို့နဲ့ခင်နေပြီ။

သူက ရဲတွေကို ပြန်နှုတ်ဆက်ပြီး စက်ဘီးဆက်နင်းလာတယ်။

တံတားချဉ်းကပ် လမ်းဆုံးကာနီးမှာ ...

"ရှေ့နားမှာ ဆင်းမယ် ဦး ..."တဲ့၊ ကောင်လေးဆီက အသံ ထွက်လာတယ်။

ကိုထွန်းလွင်စက်ဘီးကို ရပ်ပေးလိုက်တယ်။

ကောင်လေးဆီက လှုပ်ရှားသံ မကြားဘူး။

"ဆင်းလေ ..."

ကိုထွန်းလွင် နောက်လှည့်မကြည့်ဘဲ ပြောလိုက်တယ်။ ကောင်လေးဆီက ဘာသံမှ ထွက်မလာဘူး။





ကိုထွန်းလွင် ခေါင်းနဲ့ကိုယ်တစ်ခြမ်းလှည့်ပြီး စက်ဘီးကယ်ရီယာခုံပေါ် ကြည့်လိုက်တယ် ...၊

ကောင်လေး မရှိတော့ဘူး။

"ဟင် ..."

ကိုထွန်းလွင် အံ့ဩသွားတယ်။

ကောင်လေးဘယ်တုန်းက ဆင်းသွားတာလဲ။

သူ လုံးဝ မသိလိုက်ဘူး။

ပြီးတော့ ဘယ်ရောက်သွားတာလဲ။

ကောင်လေးဘယ်ရောက်သွားတာလဲ။

သူ လုံးဝ မမြင်လိုက်ဘူး။

ကိုထွန်းလွင် ပတ်ချာလည် ဟိုဟိုဒီဒီ လှည့်ပတ်ပြီး ကောင်လေးကို ရှာကြည့်တယ်။

မရှိဘူး၊ ဘယ်မှာမှ မတွေ့ဘူး။

ချက်ချင်းကြီး ဘယ်ပျောက်သွားရတာလဲ ...၊

သူ မျက်စိလည်သွားတယ်၊ စဉ်းစားလို့ မရဘူး။

အဖြစ်နိုင်ဆုံးက တံတားလုံခြုံရေးရဲကင်းထဲ ဝင်သွားတာပဲ။ သွားမေးကြည့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလွင် စက်ဘီးနောက်လှည့်ပြီး ရဲကင်းကို ပြန်သွားတယ်။ ရဲနှစ်ယောက်က ထိုင်နေကြတုန်းပဲ။

"ဆရာတို့၊ ကောင်လေးတစ်ယောက်ကို မြင်မိလိုက်သေးလား ..."

ကိုထွန်းလွင် မေးလိုက်တယ်။

"ဘယ်က ကောင်လေးလည်း ထောင်မှူးကြီးရဲ့ ကျွန်တော်တို့ မတွေ့လိုက်ပါလား ..."

ရဲတစ်ယောက်က ပြန်ပြောတယ်။

"အသက် ဆယ့်သုံး၊ ဆယ့်လေးလောက်ရှိတဲ့ ကောင်လေးတစ်ယောက်လေ။ ခုန ဆရာတို့နဲ့ နှုတ်ဆက်တုန်းကတောင် စက်ဘီးနောက်မှာ ထိုင်လိုက်လာတယ်၊ အဲဒီကောင်လေးပါ"

"မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ နှုတ်ဆက်တုန်းက ထောင်မှူးကြီးတစ်ယောက်ထဲ စက်ဘီးနင်းလာတာပါ ..."

ရဲနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြောတယ်။

"မဟုတ်ဘူးဗျ၊ ကောင်လေးတစ်ယောက်ပါတယ်၊ တံတား အတက်မှာ တွေ့တာ၊ ဒီဘက်ထိပ်ကို လိုက်ပါရစေဆိုလို့ ကျွန်တော် တင်လာတာ၊ ရှေ့နားမှာ ဆင်းမယ်ပြောလို့ စက်ဘီးရပ်ပေးတော့





ကောင်လေး မရှိတော့ဘူး၊ ပျောက်သွားတယ် ...၊ အဲဒါကြောင့် ဆရာတို့ကို လာမေးကြည့်တာ ..."

"ဟာ ဒီလိုဆိုရင်တော့ ထောင်မှူးကြီး ဖိုးသံလုံးနဲ့တွေ့လာတာပဲ ဖြစ်မယ်"

ရဲတစ်ယောက်က အလန့်တကြား ထအော်ရင်း ပြောတယ်။

"ဖိုးသံလုံး၊ ဖိုးသံလုံးဆိုတာ ဘယ်သူလဲဗျ ..."

"ဖိုးသံလုံးဆိုတာ အင်းစိန်ကမ်းနားတဲစုက ကောင်လေးတစ်ယောက်ပါ။ မိသားစုက ဆင်းရဲတော့ ကျောင်းမနေရရှာဘူး။ အမှိုက်ပုံတွေမှာ ပလတ်စတစ်တို့၊ ကော်စုတ်ကော်ပြတ်တို့ လိုက်ရှာရတယ်။

လွန်ခဲ့တဲ့တစ်လလောက်က ဟိုဘက်တံတားထိပ်မှာ ကားပေါ်က ပြုတ်ကျပြီး သေသွားတယ်။

ကောင်လေးက မကျွတ်မလွတ်ဘူးနဲ့ တူပါတယ်။

တံတား ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ကူးနေတယ်။

ကျွန်တော်တို့လည်း မကြာခဏဆိုသလို ဖျတ်ခနဲ ဖျတ်ခနဲ တွေ့တွေ့နေကြတယ်။

သူ့ကိုတွေ့ရင် ကားပေါ်က ပြုတ်ကျသေတုန်းက အဝတ်အစား၊ ဘောင်းဘီတို ခပ်ပွပွနဲ့ သွေးကွက်တွေ ပေနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျိုနဲ့ပဲ တွေ့ရတယ်။

ထောင်မှူးကြီးနဲ့တွေ့တာလည်း ဒီအတိုင်းပဲလား ...၊

ကိုထွန်းလွင် ရုတ်တရက် ပြန်မဖြေနိုင်သေးဘူး။

ရဲဆရာပြောတဲ့အကြောင်းကိုပဲ အံ့ဩတကြီး နားထောင်ပြီး

မှင်တက်မိနေတယ်။

သူ သူ့ရဲခြောက်ခံလိုက်ရတာပါလားဆိုတာလည်း ဒီတော့မှ

သိတယ်။

ခဏနေတော့ သူ့သတိပြန်ဝင်လာတယ် ...။

“ဟုတ်တယ်ဗျ၊ ကျွန်တော်နဲ့တွေ့တော့လည်း ဘောင်း

တိုနဲ့ ညစ်ထေးနေတဲ့အကျိုနဲ့ပဲ။

ဒါ့ကြောင့် သူ့စက်ဘီးပေါ်တက်တော့ အပုပ်နံ့ရတာကိုး

ကိုထွန်းလွင်ဟာ ရဲနှစ်ယောက်နဲ့ကောင်လေးရဲ့ အကြောင်း

ခေတ္တခဏ ပြောတယ်။

ပြီးမှ စက်ဘီးတွန်းပြီး ရဲကင်းကနေ ထွက်ခဲ့တယ်။

ကောင်လေး စက်ဘီးပေါ်က ဆင်းတဲ့နေရာရောက်တော့

သူ ကြက်သီးတွေ ထသွားတယ်။

အဲဒီအချိန်မှာပဲ သူ့နှာခေါင်းထဲ အနံ့တစ်ခု ဝင်လာတယ်

အပုပ်နံ့၊ ကောင်လေးကိုယ်က ထွက်တဲ့ ပုပ်အဲ့အဲ့အနံ့



ကိုထွန်းလွင် ဘာမှ စဉ်းစားမနေတော့ဘူး။ ကြောက်အားလန့်အားနဲ့

စက်ဘီးအသားကုန်နင်းပြီး တံတားပေါ်ကနေ ဆင်းလာခဲ့တယ်။

ပေါက်တောလေမ်းဆုံ မီးပွိုင့်ရောက်တော့ သူ့တစ်ကိုယ်လုံး

ချွေးတွေ ရွှဲနစ်နေပြီ၊ အရမ်းလည်း မောနေပြီ။

ဒီတော့မှ သတိရပြီး စက်ဘီးအရှိန်လျှော့လိုက်တယ်။

ချောက်ချားထိတ်လန့်နေတဲ့စိတ်ကို တည်ငြိမ်အောင် ထား

လိုက်တယ်။ အသက်ကို ဝအောင် ရှူလိုက်တယ် ...။

“တင် ...”

သူ အလန့်တကြား ဖြစ်သွားတယ်။

ဟုတ်တယ်၊ အပုပ်နံ့၊ ပုပ်အဲ့အဲ့အနံ့၊

သူ့နှာခေါင်းထဲ ဝင်လာတယ်။

မသက်မသာဖြစ်ပြီး စက်ဘီးကို ထိုးရပ်လိုက်တယ်။

နောက်ကို လှည့်ကြည့်လိုက်တယ်။

“အား ...”

သူ အလန့်တကြား အော်လိုက်မိတယ်။

ခေါင်းမွေးတွေလည်း ထောင်ထသွားအောင် ကြောက်လန့်

မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး၊ ကြိုးတံတားပေါ်မှာ တွေ့ခဲ့တဲ့ ကောင်လေး စက်ဘီးနောက် ထိုင်ခုံမှာ သားဖောင်းထိုင်နေတယ်။

ကိုထွန်းလွင် လှည့်အကြည့်မှာ ကောင်လေးမျက်နှာက ဖျတ်ခနဲ လှည့်လာတယ်။

ပြီးတော့ ကိုထွန်းလွင်ကို ငူငူကြီး ကြည့်နေလေရဲ့။

အဲဒီနောက်မှာတော့ ...

ကိုထွန်းလွင်တစ်ယောက် ...။ ။

## မတွေ့သော နာနာဘာဝများ

နာနာဘာဝတွေဟာ လူတွေအနားယူချိန်၊
တိတ်ဆိတ်တဲ့ညအချိန်တွေမှာ
အစာရှာထွက်လေ့ရှိပါတယ် ...
သူရောက်နေတာက ရွာမဟုတ်ဘူး ...
ဗုန်းဆိုးကုန်းတစ်ခု ဖြစ်နေတယ် ..
သူအိပ်နေတာကလည်း ကုတင်ပေါ်မှာ
မဟုတ်ဘူး ...
ချုံဗုတ်တစ်ခုပေါ်မှာ ....။

www.burmeseclassic.com

www.burmeseclassic.com



## မတူသောနာနာဘာဝများ

သတ္တလောကကြီးမှာ သတ္တဝါတွေအမျိုးမျိုး၊ အစားစား ရှိကြသလိုပဲ ...

နာနာဘာဝလောကမှာလည်း နာနာဘာဝတွေ မတူခြားနား အမျိုးမျိုးအထွေထွေ ကွဲပြားကြပါတယ်။

သူတို့ဟာ မကောင်းတဲ့ကံအကျိုးပေးနဲ့ ပြိတ္တာဘုံကို လားရောက်ကြရသူတွေပါ။

သူတို့ကို လူတွေက ကျတ်၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ဥစ္စာစောင့်၊ မြေဖုတ်ဘီလူး၊ မှင်စာ၊ သရဲသဘက် စသည်ဖြင့် အမျိုးအစားခွဲပြီး သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။

သူတို့မှာ ထိတ်လန့်ခြောက်ခြားဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန်တွေ ရှိကြတယ်။ ခန္ဓာကိုယ်ကလည်း မကောင်းတဲ့ ညှီပုပ်အနံ့တွေ ထွက်နေတယ်။

ဒါကြောင့် မမြင်အပ်တဲ့ သတ္တဝါတွေအဖြစ် ပုန်းကွယ်နေကြရ လူတွေနဲ့ဝေးရာမှာ နေကြရတဲ့ဘဝကို ဆင်းရဲ၊ ပင်ပန်းကြီးစွာ ရပ်တည်နေကြရသူတွေပါ။

လူသားတွေမှာ ဘဝအဆင့်အတန်းတွေ အခြေအနေတွေ တစ်ယောက်နဲ့တစ်ယောက် မတူသလို၊ နာနာဘာဝတွေမှာလည်း



ကံအကျိုးပေးကြောင့် တန်ခိုးပါဝါ၊ ဘုံဗိမာန်စသည်ဖြင့် ခြားနားကြတာကို လေ့လာသိရှိရပါတယ်။

## ကျတ်ကုန်းမြေကို ဖြတ်သန်းခြင်း

ကိုယ်တွေ့ကြုံခဲ့ဖူးသူတွေကို စာရေးသူမေးမြန်းကြည့်တဲ့အခါမှာ "ကျတ်" နာနာဘာဝတွေက စုပေါင်းပြီး အစုအဝေးနဲ့ နေတတ်ကြောင်းသိရပါတယ်။

သူတို့နေတဲ့နေရာကို "ကျတ်ရွာ"၊ သူတို့နေတဲ့ကုန်းကို "ကျတ်ကုန်း" စသည်ဖြင့် ခေါ်ကြပါတယ်။

ကျတ်တို့ဟာ တန်ခိုးပါဝါ အသင့်အတင့်ရှိသော **နာနာဘာဝများ** ဖြစ်ပါတယ်။

အံ့ဩစရာ၊ ထူးခြားဆန်းကြယ်တွေ ပြုလုပ်ပြတတ်တယ်။

ညအချိန်၊ ကျတ်ကုန်းမြေအတွင်း ဖြတ်သန်းမိသူများဟာ မီးရောင်တလက်လက်နဲ့ ရွာတစ်ရွာကို တွေ့ကြရတယ်။

ရွာရဲ့သဘာဝအတိုင်း ဝပ်းထောင်းသူ၊ ဆန်ပြာသူ စသည်ဖြင့် တွေ့ရတယ်။ တစ်အိမ်နှင့်တစ်အိမ် စကားလှမ်းပြောနေကြတယ်၊ အိမ်တစ်အိမ်မှာ ထမင်းစားနေတဲ့ မိသားစုကို တွေ့ရတယ်။

စားသောက်နေသူတွေတာ သူ့ကိုပင် ထမင်းစားလှမ်းခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးပါတယ်။

အဲဒီကျတ်ရွာကို ကျော်ဖြတ်ပြီး သူသွားလိုတဲ့ ရွာကို ရောက်သွားတယ်။ လမ်းခရီးမှာတွေ့ရတဲ့ ရွာအကြောင်းပြောပြတော့ အားလုံးအံ့အားသင့်သွားကြတယ်။

ဟုတ်တယ်လေ၊ လမ်းခရီးမှာ ဘာရွာမှ မရှိတာ။ ရှိတာက ကျတ်တွေနေတဲ့ ကျတ်ကုန်းမြေကြီး၊ ကျတ်ရွာထဲက အဖြတ်မှာ ကျတ်တွေနဲ့ တွေ့ခဲ့တာလို့ပဲ မှတ်ချက်ချလိုက်ကြတယ်။

ကျတ်ရွာထဲရောက်ခဲ့ရတဲ့ အခြားတစ်ယောက် စာရေးသူကို ပြောပြရမှာတော့ ...

သူဟာ "ကြေးနောင်ကုန်း"လို့ခေါ်တဲ့ ကျတ်ကုန်းမြေကို ဖြတ်ပြီး ခရီးသွားမိခဲ့တယ်။

"ကြေးနောင်ကုန်း"ဆိုတာက ကျတ်တွေနေတဲ့ ကုန်းပါ။

ကျတ်တွေက သူတို့နေတဲ့ ပိုင်နက်နယ်မြေထဲမှာ သူတို့ မကြိုက်တဲ့ အပြုအမူတွေလုပ်ရင် ခွင့်မလွှတ်တတ်ပါဘူး။

ဥပမာ အဝတ်ဗလာနဲ့ ရေချိုးတာတို့၊ ခွင့်မတောင်းဘဲ သစ်ပင်ခုတ်တာ၊ အပေါ့အလေးစွန့်တာကအစ သတိထားရပါတယ်။

သူတို့မကြိုက်ရင် လူကို ထိခိုက်အောင်ရအောင်၊ ဖျားအောင်၊ နာအောင်လုပ်တတ်ပါတယ်။



အပြင်ကြီးလွန်းရင်တော့ သေအောင်ထိ လုပ်တတ်ကြတယ်။ ကျတ်တွေမကြိုက်လို့ ဖျားနာခံနေရတဲ့အခါ ကြက်ဖို၊ ကြက်မ၊ ထမင်း၊ အရက်တွေနဲ့ တင်မြှောက်ပသပြီး တောင်းပန်ရပါတယ်။

ဒီလို တောင်းပန်တဲ့အခါ "ကြေးမောင်း"လေးကို တနောင်နောင်တီးပြီး ကျတ်တွေကို လာရောက်ပြီး စားသောက်ကြဖို့ ဖိတ်ခေါ်ရပါတယ်။

ဒါ့ကြောင့် အဲဒီကုန်းကို "ကြေးနောင်ကုန်း"လို့ ခေါ်ကြတာပါ။

ခရီးသွားဟာ အဲဒီကြေးနောင်ကုန်းကို ရောက်လာတယ်။ ရေချိုးဆိပ်မီးခွက်မီးရောင် တလက်လက်နဲ့ ရွာထဲကို ရောက်သွားတယ် ...။

ရွာထဲဝင်တာနဲ့ ဆိုင်းသံ၊ မှိုးသံ တမြိုင်မြိုင် တီးမှုတ်နေသံတွေ ကြားရတယ်။

ရွာသူရွာသားတစ်ချို့လည်း ဆိုင်းသံကြားတဲ့ဘက် သွားနေတာ တွေ့ရတယ်။

ခရီးသွားကလည်း "ပွဲတနေတာ ဖြစ်မယ်"ဆိုပြီး ရွာသူရွာသားတွေနဲ့ ရောလိုက်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲခင်းရောက်တော့ မီးတလက်လက်နဲ့ ပွဲဈေးတန်းကြီးကို တွေ့တယ်။

ပွဲကြည့်ပရိသတ်တွေကလည်း ပွဲခင်းအပြည့်ပဲ။ ဇာတ်စင်ပေါ်မှာ မင်းသား၊ မင်းသမီးတွေ ကနေတယ်။ လူရွှင်တော်တွေကလည်း ပြက်လုံးတွေထုတ်လို့ ...

ပရိသတ်ကြီးကလည်း တအုန်းအုန်းရယ်လို့၊ ခရီးသွားလည်း ပွဲကို စိတ်ဝင်တစား ရပ်ကြည့်နေမိတယ်။

တော်တော်လေးကြာတော့ အမျိုးသမီး လေး၊ ငါးယောက် ရောက်လာပြီး သူ့ကို ခေါ်သွားတယ်။

အစားအသောက်တွေနဲ့ ဧည့်ခံကျွေးမွေးတယ်။

စားသောက်ပြီးတော့ "ဒီည ရွာမှာပဲ ညအိပ်ပြီး၊ မနက် လင်းမှ ခရီးသွားပို့" ပြောတယ်။

ခရီးသွားလည်း အိမ်ရှင်တွေ ပြောတဲ့အတိုင်း အိပ်ခန်းထဲက ကုတင်မွေ့ရာပေါ်မှာ အိပ်ပစ်လိုက်တယ်။

မနက်လင်းတော့ သူနိုးလာတယ်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။

ထိတ်လန့်တကြား ဖြစ်သွားတယ်။





သူ့ပတ်ဝန်းကျင်မှာ ဘာအိမ်မှ မရှိဘူး။ သစ်ပင်ချုံနွယ် တွေပဲ ရှိတယ်။

သူရောက်နေတာက ရွာမဟုတ်ဘူး။

ဗုန်းဆိုးကုန်းတစ်ခု ဖြစ်နေတယ်။

သူအိပ်နေတာကလည်း ကုတင်ပေါ်မှာ မဟုတ်ဘူး။

ချုံပုတ်တစ်ခုပေါ်မှာ ...

ဒီတော့မှ ညက သူရောက်သွားတာ ကျတ်ရွာပါလားဆိုတာ သိပြီး ကြောက်လန့်တကြား ထပြေးခဲ့ရတယ်လို့ ပြောပါတယ်။

## ...ယာများတဲ့ ဖုတ်တစ္ဆေ

ဖုတ်တစ္ဆေဆိုတာလည်း နာနာဘာဝတစ်မျိုးပါပဲ။

နာနာဘာဝတွေဟာ လူတွေ အနားယူချိန်၊ တိတ်ဆိတ်တဲ့ ...အချိန်တွေမှာ အစာရှာထွက်လေ့ရှိပါတယ်။

ဖုတ်တစ္ဆေတွေကတော့ နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန် ...သန်းခေါင်အချိန်တွေနဲ့ အရုဏ်တက် လင်းအားကြီးအချိန်တွေမှာ ...ကျက်စားသွားလာတတ်တယ်လို့ ဆိုပါတယ်။

သူတို့ဟာ နာတာရှည် လူမမာတွေနဲ့ ရုတ်တရက်သေဆုံးတဲ့ ...အိမ်းထောင်တွေဆီကို ဝင်ရောက်ပူးကပ်၊ စားသောက်တတ်တယ်။

www.burmeseclassic.com



သူတို့သွားလာနေတုန်း နာတာရှည်လူမမာ၊ အဖိုးသေ သေသူတွေ့တာနဲ့ တစ်ပြိုင်နက် ပူးဝင်လိုက်ပါတယ်။

ပြီးတော့၊ လူမမာတန်ဆောင်ပြီး သူတို့စားချင်တဲ့ သားငါးတွေ ချက်ခိုင်းတော့တာပါပဲ။

နေ့ခင်းနေ့လယ်မှာ မထနိုင်တဲ့ လူမမာလိုနေတယ်။

ညကျတော့ ဘယ်သူမှ မသိအောင် တိတ်တိတ်လေးထပြီး မီးဖိုထဲဝင် ဟင်းတွေ၊ ထမင်းတွေ ခိုးစားတယ်။

တစ်ချို့ ဖုတ်တစ္ဆေက မီးဖိုထဲမှာ စားစရာ ထမင်းဟင်း မတွေ့ရင် အိမ်မှာ မွေးထားတဲ့ကြက်တွေကို အိပ်တန်းကနေ ဆွဲချ၊ အစိမ်းကိုက်စားတတ်ပါတယ်။

တစ်ချို့ ဖုတ်တစ္ဆေကျတော့လည်း ကိုယ့်အိမ်တင်မက ရွာထဲပါ လျှောက်သွားတယ်။

တွေ့တဲ့အိမ်ကကြက်ကို ခိုးစားတယ်။

ပြီးတော့မှ တိတ်တဆိတ် အိမ်ပြန်လာ လူမမာလို ပြန်နေတတ်ပါတယ်။

၂၀၀၄၊ အောက်တိုဘာလက စာရေးသူဟာ မိတ်ဆွေ စာရေးဆရာ ကျော်ဆွေဝင်း(ရွှေအင်း)နဲ့ တွဲဖက်ပြီး "ဖုတ်ဝင်တဲ့သူနှင့် သရဲခြောက်တဲ့ည"အမည်ရှိ ဖြစ်ရပ်မှန်တစ္ဆေဝတ္ထုစာအုပ်တစ်အုပ်





ရေးသားထုတ်ဝေခဲ့ပါတယ်။

အဲဒီစာအုပ်မှာ ဖုတ်တစ္ဆေ ပူးကပ်ဝင်ရောက်ခံရတဲ့ နာတာရှည်လူမမာတစ်ယောက်အကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ပြောပြသူက ဖုတ်တစ္ဆေ ပူးဝင်ခံရတဲ့ နာတာရှည်လူမမာအဒေါ်ကြီးရဲ့သမီးကိုယ်တိုင်ပါ။

သမီးဖြစ်သူရဲ့ ပြောပြချက်အရဆိုရင် သူ့မိခင်ဟာ နာတာရှည်ရောဂါနဲ့ သေဆုံးခဲ့ပြီးပါပြီ။

သေဆုံးချိန်က နေဝင်ရီတရောအချိန်ပါ။

အဲဒီအချိန်မှာ မိခင်ကြီးရဲ့ ဝိညာဉ်ဟာ အခြားတစ်နေရာဖြစ်တဲ့ သာရကန်ရွာက ဆွေမျိုးတွေအိမ်ကို သွားရောက်၊ ခြောက်လှန့်နေပါတယ်။

ဒါပေမယ့် သမီးဖြစ်သူရဲ့အိမ်မှာရှိတဲ့ နာတာရှည်မိခင်ကြီးကတော့ မသေသေးပါဘူး။

မေ့မြောသွားရာကနေ သတိပြန်ရလာတယ်လို့ ပြောပါတယ်။

"အမှန်က အဲဒီအချိန်မှာ အမေက သေပြီ။ အသင့်ရောက်နေတဲ့ ဖုတ်က အမေ့ကို ပူးကပ်ဝင်ရောက်သွားတာပါ"လို့ သမီးဖြစ်သူက ပြောပါတယ်။

ဖုတ်ဝင်နေတဲ့ မိခင်ဖြစ်သူဟာ ဖုတ်ဝင်သူတို့ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်မဟုတ်တဲ့ ထူးခြားမှုတွေ လုပ်ဆောင်လာပါတယ်။

ဘယ်တုန်းကမှ မစားတဲ့ ဖားတို့ကြွက်တို့ ဝယ်ချက်ခိုင်းတယ်။ အမဲသားချက်ခိုင်းတယ်၊ အခြားအညှီအဆောက်သား၊ ငါးတွေကိုလည်း စားချင်တယ်ပြောတယ်။ ဝယ်ချက်ကျွေးရတယ်။

တစ်ခါတလည်း သမီးဖြစ်သူက ဈေးကပြန်လာပြီး မောလို့ ဈေးခြင်းချပြီး ခဏလှဲတယ်။

လှဲရင်း အိပ်ပျော်သွားတယ်။

ဖျတ်ခနဲ လန့်နိုးလို့ ကြည့်လိုက်တော့ စောစောက အိပ်နေတဲ့ လူမမာက ဈေးခြင်းတောင်းနားရောက်နေတယ်။

ဈေးခြင်းထဲက ငါးတွေကို နှိုက်ယူနေတာ တွေ့ရတယ်။

သမီးလုပ်သူသာ နိုးမလာရင် ငါးတွေကို စားတော့မယ့်ပုံပဲ။

နောက်ထူးခြားတာတစ်ခုက သမီးဖြစ်သူ လူမမာစောင့်ရင်း မိခင်ကြီးနဲ့ အတူအိပ်တယ်။

တစ်ရေးနိုးလို့ ကြည့်လိုက်ရင် လူမမာမိခင်ကြီးဟာ သမီး ကိုယ်ပေါ် အမြဲတမ်းလက်တင်ထားတယ်။ ဒါဟာ ညတိုင်းလိုလိုပဲ။

ဒီလိုနဲ့ အရိုးပေါ်အရေတင် လူမမာက ဝဖြိုးဖြိုး ဖြစ်လာတယ်။

ဝဖြိုးဖြိုးသမီးကတော့ လူမမာရုပ်ပေါက်ပြီး အရိုးပေါ် အရေ



တင် ပိန်ချုံးလာတယ်။

ဒီလို ထူးထူးခြားခြား အဖြစ်အပျက်တွေကြောင့် ဖုတ်ဝင်တယ်လို့ သတိပြုမိလာကြတယ်။

သုံးလလောက်ကြာမှ ဖုတ်ထုတ်တယ်။

ဖုတ်တစ္ဆေက တင်းခံနေသေးပေမယ့် သုံးရက်လောက်အကြာမှာ ဖုတ်ထွက်သွားတယ်။

အဲဒီတော့မှ လူမမာလည်း သေသွားတယ်။

ဖုတ်ဝင်တာကို ပိုပြီး ထင်ရှားစေတာက လူမမာတာ သေတာနဲ့တစ်ပြိုင်နက် ဝဖြိုးဖြိုးကနေ ချက်ချင်းကြီး ပိန်ကျ၊ အရိုးပေါ်အရေတင်ပြန်ဖြစ်သွားတယ်။

ချက်ချင်း အပုပ်နံ့တွေ မခံနိုင်အောင် ထွက်လာတယ်။

ရုပ်တလည်း ခုနစ်ရက်လောက်ထားတဲ့ အသုဘကောင်လို ချက်ချင်း ပျက်စီးသွားတယ်။

ဒါကြောင့် ချက်ချင်း သုသာန်ပို့ ချက်ချင်းမီးသဂြိုဟ်ပစ်လိုက်ရတယ်လို့ သမီးဖြစ်သူကိုယ်တိုင် ပြောပြခဲ့ပါတယ်။

သမီးဖြစ်သူဟာ ယခုတိုင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ဆောင်းကုန်း(န)ရပ်ကွက်မှာ နေထိုင်လျက် ရှိပါတယ်။

ဖုတ်တစ္ဆေနဲ့ပတ်သက်ပြီးနောက်ဖြစ်စဉ်တစ်ခုကို ပြောပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



သူက

ပဲခူးတိုင်း၊ တောင်ငူမြို့အရှေ့ဘက်၊ ပေါင်းလောင်းတိန်ရွာက ဦးလေးညာဏ်ဖြစ်ပါတယ်။

သူက ရဲဝန်ထမ်းတစ်ဦးဖြစ်ပြီး စာရေးသူနဲ့ ကညွတ်ကွင်း ရဲစခန်းမှာ ဆုံမိတာပါ။

သူပြောပြတာက ထန်းသမားဖိုးလှ ဖုတ်ဝင်တဲ့အကြောင်းပါ။ မကြာခဏ ကြားဖူးနေတဲ့ ဇာတ်လမ်းအတိုင်းပါပဲ။

ဖိုးလှ ထန်းတက်ရင်း ထန်းပင်ပေါ်က လိမ့်ကျတယ်။ ချက်ချင်း သေသွားတယ်။

ဒါပေမယ့် ဖုတ်က ချက်ချင်းဝင်လိုက်တဲ့အတွက်ကြောင့် ဖိုးလှ မသေသေးဘူးလို့ပဲ ထင်ကြတယ်။ မိတ်ဆွေတွေက ဖိုးလှကို အိမ်ပြန်ပို့လိုက်ကြတယ်။

ဖိုးလှကို ဝင်ပူးနေတဲ့ ဖုတ်တစ္ဆေဟာ ဖုတ်တို့ထုံးစံအတိုင်း နေ့လယ်နေ့ခင်းကျ လူမမာဟန်ဆောင်လိုက်၊ ညဘက်လူခြေ တိတ်ချိန်ကျ ခိုးစားလိုက်နဲ့ လုပ်နေတယ်။

ဒါပေမယ့် ဖုတ်တစ္ဆေက အပါးဝတဲ့ဖုတ်ဖြစ်မယ်။ ဘယ်သူမှ ဖုတ်ဝင်နေတယ်လို့ မရိပ်မိဘူးဆိုပဲ။

ဒီကြားထဲ ဖိုးလှရဲ့မိန်းမနဲ့ပါ ပေါင်းသင်းပြီး ကလေးတစ် ယောက်တောင် ရလိုက်သေးသတဲ့။



အဲဒီအချိန်ကျမှ ရွာကို ဆရာကြီးတစ်ယောက် ရောက်လာ တယ်။ ဖုတ်ဝင်နေတဲ့ ဖိုးလှနဲ့ ရွာလယ်မှာ ဆုံမိတယ်။

ဆရာကြီးက ဖိုးလှကိုမြင်တာနဲ့ ဖုတ်ကစ္ဆေ ဝင်ပူးနေတာ သိတယ်။

ဖုတ်တစ္ဆေကလည်း ဆရာကြီးကို မြင်တာနဲ့ အထက်လမ်း ဆရာကြီး၊ သူ့နကွရောက်တော့မယ်ဆိုတာ သိတယ်။ ရှောင်ပြေးဖို့ လုပ်တယ်။

ဒါပေမယ့် ဆရာကြီးက သူ့ရဲ့ဆေးကြိမ်လုံးနဲ့ တို့လိုက် တာနဲ့ ဖိုးလှရဲ့ကိုယ်ကနေ ဖုတ်ထွက်ပြေးရတယ်။

ရွာအလယ်၊ လူတွေရှေ့မှာပဲ ဖိုးလှ လဲကျသွားတယ်။ ချက်ချင်း မျက်လှည့်ပြလိုက်သလို အရိုးစုပဲ ကျန်တော့တယ်တဲ့။

ဒီတော့မှ ဖိုးလှတစ်ယောက် လွန်ခဲ့တဲ့ သုံးနှစ်ကျော် ထန်းပင် ပေါ်က ကျကတည်းက သေပြီး ဖုတ်ဝင်နေတယ်ဆိုတာကို တစ်ရွာ လုံး သိကြရတယ်တဲ့။

ဖုတ်တစ္ဆေနဲ့ ရထားတဲ့ကလေးတွေကလည်း နာနာဘာဝ လေးတွေပဲ ဖြစ်ပြီး၊

ဆရာကြီးရဲ့ ဆေးကြိမ်လုံးအစွမ်းနဲ့ သေသွားကြတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဦးလေးညာဏ်က သူ့ဇာတ်လမ်းကို အဆုံးသတ်ခဲ့ပါတယ်။

သူက စကားပြော ကောင်းတယ်။

ပြောရင်လည်း သူတကယ်တွေ့ခဲ့၊ ကြုံခဲ့တဲ့ အဖြစ်အပျက်တွေပဲ ပြောပြလေ့ရှိပါတယ်။

ဒါပေမယ့် ဒီဗုတ်တစ္ဆေဇာတ်လမ်းကိုတော့ စာရေးသူမှာ ယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်ခဲ့ရပါတယ်။

## လူမှင်စာနဲ့ ကြောင်မှင်စာ

မှင်စာဆိုတာကိုလည်း နာနာဘာဝကောင်တစ်မျိုးအဖြစ် လက်ခံထားကြပါတယ်။

ထူးခြားမှုက မှင်စာကို သေးငယ်တဲ့နာနာဘာဝကောင်အဖြစ် သတ်မှတ်ကြခြင်းပါ။ မြင်ဖူးလို့ တွေ့ဖူးလို့ ပြောရာဆိုရာကနေ အားလုံး သိရှိလက်ခံသွားကြတာလို့ ထင်ပါတယ်။

ရပ်ကွက်ထဲမှာ ညစ်ပေနေတဲ့ ကလေးငယ်ကို "မှင်စာလေး" လို့ ပြောကြဆိုကြတာ မကြာခဏ ကြားဖူးပါတယ်။

လူကြီးတွေ ညစ်ပေမည်းသည်းနေရင်တော့ ဘယ်သူကမှ မှင်စာလေး၊ မှင်စာကြီးလို့ မပြောကြပါဘူး။



သရဲကြီး၊ သဘက်ကြီး၊ တာစေကြီးလို့ပဲ ပြောလေ့ရှိပါတယ်။

ဒါတို့ကြည့်ခြင်းအားဖြင့် မှင်စာဆိုတာကို နာနာဘာဝအကောင်ငယ်လေးတစ်မျိုးလို့ လက်ခံကြကြောင်း သိရပါတယ်။

စာရေးသူ သရဲခြောက်ခံရဖူးပေမယ့်၊ မှင်စာကိုတော့ တစ်ကြိမ်တစ်ခါမှ မကြုံမတွေ့ဖူးပါဘူး။

ဒါပေမယ့် တစ်နေ့မှာတော့ ငြိမ်းငြိမ်းဆိုတဲ့ကလေးမလေး တစ်ယောက်နဲ့ တွေ့ရပါတယ်။

သူမက မှင်စာနဲ့တွေ့တဲ့အကြောင်း စာရေးသူကို ပြောပြပါတယ်။ သူမနေတဲ့အိမ်က ကညွတ်ကွင်းမြို့၊ ရွာမရပ်ကွက်ရဲ့ မြောက်ဘက်ပိုင်းမှာပါ။

ရွာမရပ်မြောက်ပိုင်းမှာ လူတော်တော်များများ အဝီစိတွင်းတူးထားကြပေမယ့် အနက်ပေ နည်းတဲ့အတွက် ချိုးရေ၊ သုံးရေလောက်ပဲ ကောင်းပါတယ်။

သောက်ရေကို ဗိုလ်တဲပိုင်း၊ ဦးကြီးမဲခြံထဲမှာ အစိုးရက တူးပေးထားတဲ့ ဘုံဝိုင်တွင်းကပဲလာပြီး တုံကင်နှိပ်ယူကြရပါတယ်။

ရွာမရပ်ကနေ ဗိုလ်တဲရပ်ကိုလာရင် ကြားမှာရပ်ကွက်နှစ်ခုကို ခြားထားတဲ့ ပယ်မြောင်းကို ဖြတ်လာရပါတယ်။

ငြိမ်းငြိမ်း မှင်စာတွေ့တာ အဲဒီပယ်မြောင်းအကူးမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာ ည(၈)နာရီ (၉)နာရီလောက် တုံကင်မှာ ငြိမ်းငြိမ်း သောဂ်ါရေသွားဆွဲပါတယ်။

ရေဆွဲပြီးအပြန် ပယ်ဖြောင်းကူးရောက်တော့ ခြေထောက်ကို အကောင်တစ်ကောင် လာတိုးပါတယ်။ ဓာတ်မီးပါလို့ ထိုးကြည့် တော့ ကြောင်တစ်ကောင်ကို တွေ့ရတယ်။ ထူးခြားတာက ...

ကြောင်က လူနောက်လိုက်ပြီး ပွတ်သီးပွတ်သပ် လုပ်နေတဲ့ ပုံမျိုးမဟုတ်ဘူး။ ခြေထောက်တွေကို ပတ်နေတယ်။

သူ လှည့်ပတ်နေတာက ကြွက်တစ်ကောင်လိုပဲ အရမ်း မြန်တယ်။ ကြည့်ရင်း ငြိမ်းငြိမ်းလန့်လာတာနဲ့ ခုန်မိလိုက်တယ်။

အဲဒီအချိန်မှာ လူကိုပတ်နေတဲ့အကောင်က ကိုက်လိုက်တာ လား၊ ကုတ်လိုက်တာလား မသိဘူး။ ခြေမျက်စိလောက်မှာ နာနာ ကျင်ကျင် ခံစားလိုက်ရတယ်။

ငြိမ်းငြိမ်း ရေပုံးတွေ လွှတ်ချပြီး အိမ်ပြန်ပြေးခဲ့တယ်။ အိမ်ရောက်တော့ အကျိုးအကြောင်း ပြောပြတယ်။

အမေဖြစ်သူနဲ့အတူ ပစ်ချထားခဲ့တဲ့ ရေပုံးတွေ သွားယူ ကြတယ်။

သူတို့ သားအမိနှစ်ယောက် ဆူဆူညံညံ စကားပြောသံကြောင့် အဘဦးမောင်မောင် ရောက်လာတယ်။





အဘဦးမောင်မောင် ပြောပြမှ ငြိမ်းငြိမ်းတွေ့ခဲ့တာ ကြောင် တစ်ကောင်မဟုတ်ဘဲ မှင်စာတစ်ကောင်ဆိုတာ သိကြရတယ်။

"အဲဒီ ပတ်ဝန်းကျင်မှာ မှင်စာတွေ ရှိတယ်ကွယ့်၊ မှင်စာက လူနဲ့တိုးရင် လူကို လှည့်ပတ်နေတယ်။ ခုနစ်ပတ် ပတ်မိရင် လူ သေတယ်လို့ ပြောတယ်။ မှင်စာအော်တဲ့အသံက မွေးကာစကလေး ငိုတဲ့အသံအတိုင်းပဲ။

တစ်ခါတစ်ခါ ပယ်ဖြောင်းကူးဘက်က အဲဒီအသံမျိုး ကြားရ ဖူးတယ်။ ဒါကြောင့် မှင်စာလို့ ပြောနိုင်တာ။ ငြိမ်းငြိမ်း ခြေမျက်စိ အနာရာက ကြောင်ကုတ်ခံရတာ မဟုတ်ဘူး။ မှင်စာအကိုက်ခံရတာ။ ဒါပေမယ့် မပူနဲ့ အဘမန်းပေးမယ်"ဆိုပြီး အဘဦးမောင်မောင်က မှင်စာအကိုက်ခံရတဲ့အနာရာကို မန်းပေးခဲ့တယ်လို့ ပြောပြပါတယ်။

စာရေးသူ စဉ်းစားမိတာက မှင်စာဆိုတာ ကြောင်လိုအကောင် တစ်ကောင်လားဆိုတာပါ။

အဲဒီနောက်မှာ စာရေးသူရဲ့ မိတ်ဆွေတစ်ယောက်ကလည်း အစ္ဆေမှင်စာနှစ်ကောင် တွေ့ခဲ့ဖူးတဲ့အကြောင်း ပြောပြပြန်ပါတယ်။

သူက သစ်ကားတစ်စီးမှာ စပယ်ယာလိုက်တဲ့သူပါ။

သူတို့သစ်ကားက ပဲခူးရိုးမပေါ်မှာရှိတဲ့ သစ်ကုမ္ပဏီတစ်ခုက သစ်လုံးတွေကို ရန်ကုန်၊ မန္တလေးကားလမ်းဘေးက 'သစ်ပုံစခန်း

www.burmeseclassic.com



ရောက်အောင်ဖို့ ဝို့ပေးရပါတယ်။

တစ်နေ့တော့ သူတို့သစ်လုံးတင်ကား တောင်ပေါ်လမ်းခုလတ်မှာ ပျက်သွားပါတယ်။ ဒရိုင်ဘာက သူ့ကို ကားစောင့်ထားခဲ့ပြီး တောင်အောက်စခန်းရောက်အောင် ပြန်သွားပါတယ်။

လူမနီး၊ သူမနီး တောကြီးခေါင်ခေါင်ထဲမှာ သူတစ်ယောက်ထဲ ကားစောင့်ရင်း ကျန်ခဲ့ပါတယ်။

သူလည်း မကြောက်တတ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် အခြေအနေက ဘယ်လိုမှ မတတ်နိုင်တာမို့ ကားစောင့်နေခဲ့ရပါတယ်။

တောတွေတောင်တွေဆိုတာက ပြိတ္တာ၊ နာနာဘာဝတွေရဲ့ ဘုံမိနက်သန် ဘုံဌာနပါ။

ပိုဆိုးတာက ကားပျက်တဲ့နေရာက တကယ် တောကြမ်းမြေကြမ်းတဲ့နေရာ ဖြစ်နေတယ်။

အကြောင်းသိရင် ဘယ်လိုလူမှ နေရဲမှာ မဟုတ်ဘူး။ သူလည်း အကြောင်းမသိလို့သာ တစ်ယောက်တည်း နေ့ခဲ့ခြင်းပါ။

ညကျတော့ မီးပုံကြီးတစ်ပုံဖိုပြီး ကားခေါင်းထဲမှာ ထိုင်နေပါတယ်။ ထိုင်ရင်းကနေ အိပ်ပျော်သွားတယ်။

ဆယ့်နှစ်နာရီလောက်ကျတော့ သူလန့်နိုးလာတယ်။ သူအိပ်



နေတဲ့ ကားကြီးဟာ တသိမ့်သိမ့် လှုပ်လိုက်၊ ခမ်းကြမ်းကြမ်း လှုပ်လိုက်နဲ့ ယမ်းခါနေတယ်။

သူလည်း တောဆင်ရိုင်းတွေများ ကားကို တွန်းနေတာလား ဆိုပြီး တံခါးကို အသာဖွင့်ဆင်း၊ ကားအောက်ထဲဝင်ပြီး တိတ်တဆိတ် ချောင်းကြည့်တယ်။

သူတွေ့ရတဲ့မြင်ကွင်းက အရမ်းထိတ်လန့်ဖို့ကောင်းဟာယ်။ တောဆင်ရိုင်းတွေ့တာထက်တောင် ပိုပြီး ကြက်သီးတဖျန်းဖျန်း ထမိတယ်။

အစိမ်းရောင် ထက်အောက်ဆင်တူ ဝတ်ထားတဲ့ မိန်းမ တစ်ယောက်ကို တွေ့လိုက်ရတယ်။

ဆံပင်အရှည်ကြီးကို ဖားလျားချထားတယ်။ အသက်က သုံးဆယ်ကျော် လေးဆယ်ကျော် ရှိမယ်လို့ ထင်ရတယ်။

အဲဒီမိန်းမက ဝါးလုံးတစ်ချောင်းနဲ့ကားကို ထောက်ပြီး အားနဲ့ တွန်းထိုးနေတယ်။

ဒါကြောင့် ကားက ယိမ်းထိုးလှုပ်ခါနေတယ်ဆိုတာ တွေ့လိုက်ရတယ်။

သူကြည့်နေတုန်းမှာပဲ တောထဲက လူပုလေးနှစ်ယောက် ထွက်လာတယ်။ လူပုလေးနှစ်ယောက်ဟာ တော်တော်ကိုပုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားကို တွန်းနေတဲ့ မိန်းပရဲ့ခြေသလုံးလောက်ပဲ အရပ် အမြင့်ရှိတာပေါ့။ အလွန်ဆုံးရှိရင် တစ်ပေကျော်ကျော်လောက်ပဲ ရှိမယ်။

အရပ်အရမ်းပုတာကလွဲရင် ခြေလက်အင်္ဂါအစိတ်အပိုင်းတွေ၊ မျက်နှာတွေက လူအတိုင်းပဲ။ ထူးခြားတာက လူပုလေးတွေရဲ့ သွားတွေပါ။ သွားတွေက ငါးတစ်ကောင်ရဲ့ သွားတွေလို သေးသေး စူးစူးချွန်ချွန်လေးတွေ။

လူပုလေးတွေဟာ အစိမ်းရောင် ထက်အောက်ဆက်တူ ဝတ်ဆင် ထားတဲ့မိန်းမ၊ ကားကို ငါးလုံးနဲ့ ထိုးနေတာ ကြည့်ပြီး သဘော တကျကျ ဟီးတီး၊ ဟားဟား၊ ရယ်နေကြတာ တွေ့ရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီတော ဒီတောင်ကြီးထဲ ဒီလိုအချိန်ကြီးမှာ တွေ့ရတဲ့အတွက် လူသားစင်စစ်တွေတော့ မဖြစ်နိုင်ဘူး။

နာနာဘာဝတွေပဲ ဖြစ်မယ်လို့ ယူဆလိုက်တယ်။

အစိမ်းရောင်ဝတ်စုံနဲ့ မိန်းမဟာ လူယောင်ဖန်ဆင်းထားတဲ့ ဥစ္စာစောင့်မ(အိမ္မဟုတ်)တစ္ဆေသရဲမဆိုရင်၊ သေးသေးစူးစူး ချွန်ချွန် သွားတွေနဲ့ လူပုပုလေးတွေဟာ တစ္ဆေမှင်စာကလွဲပြီး ဘာမှ မဖြစ်နိုင်ဘူးလို့ ပြောပြခဲ့ပါတယ်။

စာရေးသူကို တစ္ဆေမှင်စာအကြောင်း ပြောပြခဲ့သူတွေဟာ ကိုယ်တွေ့ကြုံဖူးခဲ့ကြသူတွေ ဖြစ်ပါတယ်။



ဒါပေမယ့် ပြိမ်းပြိမ်းပြောတဲ့ မှင်စာက ကြောင်နဲ့တူတဲ့ မှင်စာ ဖြစ်ပြီး ...

မိတ်ဆွေဖြစ်သူ ကြုံတွေ့ခဲ့ရတာက လူနဲ့တူတဲ့ မှင်စာဖြစ် ပါတယ် ...

မှင်စာမှာ ဒီလိုအမျိုးအစား ကွဲပြားမှု ရှိသလား။

အမှန်အတိုင်း ဝန်ခံရရင်၊ မှင်စာနဲ့ပတ်သက်ပြီး ကြောင်မှင်စာ၊ လူမှင်စာ၊ ဘယ်ဟာက မှင်စာလဲ စာရေးသူ မခွဲခြားနိုင်ပါဘူး။

ကိုယ်တွေ့ကြုံခဲ့တယ် ဆိုသူတွေရဲ့ ပြောစကားကို တင်ပြ လိုက်ခြင်းပဲ ဖြစ်ပါတယ်။

မှင်စာနဲ့ပတ်သက်တဲ့ နောက်ထပ်အကြောင်းအရာ အချက် အလက်တွေ ရရှိရင်လည်း စာဖတ်သူဆီကို အရောက်ပို့လိုက် ဦးမယ်။

## သရဲထက်ကြီးတဲ့ သဘက်

"သရဲ၊ သဘက်နဲ့တူတယ် ..."

"သရဲ၊ သဘက် စီးနေတဲ့အတိုင်းပဲ ..."

စာရေးသူ ငယ်စဉ်ကျောင်းသားဘဝ ချောင်းဦးမြို့မှာနေစဉ်က ကြားဖူးခဲ့တဲ့ စကားအသုံးအနှုန်းတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုန့်ရင်းကြမ်းတမ်း၊ အော့ကြောလန် လူမိုက်ကြီးတွေကို သရဲသဘက်နဲ့ တူတယ်လို့ နိုင်းနှိုင်းပြီး ...

ဒေါသမီးလျှံ ဟုန်းဟုန်း တောက်လောင်ပြီး မိမသိ၊ ဖမသိ၊ ချစ်သူ မုန်းသူမသိ၊ ဓားတစ်လက်ကိုင် သတ်မယ်၊ ဖြတ်မယ် သောင်းကျန်းနေတဲ့သူကိုတော့ သရဲသဘက်စီးနေတဲ့အတိုင်းပဲလို့ တင်စားလိုက်ခြင်းပါ ...။

ကျုပ်၊ တစ္ဆေတို့ သရဲသဘက်တို့ဟာ ပြိတ္တာဘုံသား နာနာဘာဝတွေဖြစ်ပြီး သဘက်တွေက အလွန်ကြီးမားတဲ့ နာနာဘာဝ ပြိတ္တာကြီးတွေ ဖြစ်တဲ့အကြောင်း သက်ကြီးစကား။ သက်ငယ် ကြားခဲ့ရပါတယ်။

စာရေးသူ စာပေလောကထဲ ရောက်လာတယ်။

ထူးခြားဆန်းကြယ် ဖြစ်ရပ်မှန်တွေ ရှာဖွေလေ့လာ ရေးသား ချိန်မှာလည်း သဘက်ကြီးတွေနဲ့ ပတ်သက်တဲ့ ကိုယ်တွေ့ဖြစ်စဉ် ဖြစ်ရပ်တွေကို မိတ်ဆွေအပေါင်းအသင်းတွေဆီက ကြားသိရပါတယ်။

သူတို့ပြောတဲ့ အဖြစ်အပျက်တွေမှာ တူညီတဲ့အချက်တွေ တော်တော်များများ တွေ့ရပါတယ်။

အဲဒါတွေကတော့ သဘက်ကြီးတွေဟာ အလွန်တရာ ကြီးမား တဲ့ ခန္ဓာကိုယ်ကြီးတွေ ရှိတယ်။





လမ်းပေါ်မှာ ပက်လက်(ဒါမှမဟုတ်) မှောက်ခုံအိပ်နေတာပဲ တွေ့ကြရတယ်။

သဘက်ကြီး အိပ်နေတာက လမ်းနဲ့ပြည့်နေလို့ လမ်းအောက် ဘက်က ဆင်းသွားရတယ်ဆိုတဲ့ အချက်နဲ့ သဘက်ကြီးက အိပ်ပဲ အိပ်နေပြီး ဘယ်သူ့ကိုမှ ရန်မပြုတဲ့အချက်တွေပါ။

တစ်ချို့ကတော့ သဘက်ကြီးရဲ့ နားရွက်ကြီးတွေဟာ အရမ်း ကို ကြီးမားကျယ်ပြန့်တယ်။

သဘက်ကြီးက သူ့နားရွက်တစ်ဘက်ကို ဖျာလို ခင်းထားပြီး၊ နားရွက်တစ်ဘက်ကိုတော့ စောင်လို ခြုံထားတယ်လို့လည်း ပြောပြ ပါတယ် ...။

ထူးခြားတာက သဘက်ကြီးနဲ့ပတ်သက်လို့ တွေ့ရတဲ့ အချက်အလက်တွေ တူညီပေမယ့် ...

စာရေးသူကို ပြောပြတဲ့သူတွေက ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ တောင်ပိုင်းရပ်က မိတ်ဆွေတစ်ယောက်နဲ့၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န)ရပ်ကွက်က မိတ်ဆွေနှစ်ယောက် ဖြစ်နေခြင်းပဲ ဖြစ်ပါတယ်။

စာရေးသူကို "သဘက်ကြီးတစ်ကောင်"အကြောင်း [illegible] မြောက် ပြောပြတဲ့သူက ကညွတ်ကွင်းမြို့၊ ကျွန်းသာယာရပ်ကွက်က



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်း(အမည်ရင်း)ပဲ ဖြစ်ပါတယ်။

သဘက်ကြီးနဲ့ တွေ့ရတဲ့ကာလက ရဲဘော်ဖြူ ရဲဘော်ဝါတွေ ကွန်မြူနစ်တွေ ကြီးစိုးနေတဲ့ကာလဖြစ်ပြီး အဲဒီအချိန်မှာ ဦးအောင်သိန်းကလည်း လူပျိုလူရွယ် အရွယ်ပဲ ရှိပါသေးတယ်။

လမိုက်တဲ့ညတစ်ညမှာ မောင်အောင်သိန်း ကြွက်ထိုးထွက်ခဲ့ပါတယ်။

သူ့ဘယ်လက်က ရေနံဆီမီးခွက်ထည့်ထားတဲ့ မီးအုပ်နဲ့ ကြွက်ခေါ်ကို ကိုင်ထားပြီး၊ ညာဘက်လက်မှာက ကြွက်ထိုး မှိန်းကိုင်ထားပါတယ်။

"ကြွက်ခေါ်"ဆိုတာက ကြွက်တွေထွက်လာအောင် ခေါ်တဲ့ ကိရိယာပါ။

ထူးထူးခြားခြားတော့ မဟုတ်ဘူး။

ဝါးနီးပြား လေး၊ ငါး၊ ဆယ်ပင် ပူးချည်ထားတာပါ။ ဝါးနီးစည်းကို လက်နဲ့ဆက်ပြီး လှုပ်ခါလိုက်ရင် ပိုးကောင်မွှားကောင်ငယ် အတောင်ခတ်သံမျိုး ထွက်ပေါ်လာတယ်။

အဲဒီအသံကို ကြွက်က သူ့အစာပိုးမွှားကောင်ရဲ့အသံ ထင်မှတ်ပြီး၊ ခိုအောင်းနေတဲ့တွင်းထဲက ထွက်လာပါတယ်။

မီးရောင်ထဲဝင်လာတဲ့ ကြွက်တွေကို ကိုင်ထားတဲ့မှိန်းနဲ့ ထိုး



ယူရပါတယ်။

အဲဒီညက မောင်အောင်သိန်း ကြွက်တွေကို ထိုးမနိုင်အောင် ရပါတယ်။

ပဲခင်းတွေက အသီးရင့်ပြီး နှုတ်သိမ်းချိန် နီးနေတော့ ကြွက်တွေ အရမ်းပေါ်တဲ့အချိန်ပါ။

စလွယ်သိုင်းထားတဲ့ လွယ်အိတ်ထဲမှာ ကြွက်တွေတစ်နင့်တစ်ပိုးရတော့ မောင်အောင်သိန်းလယ်ကွင်းယာကွင်းတွေဖြတ်ပြီး ပြန်လာတယ် ...။

ရန်ကုန်၊ မန္တလေး မီးရထားသံလမ်းအတိုင်း လျှောက်လာရင်း မင်းကျောင်းနားရောက်တော့ သူလန့်သွားပါတယ်။

ရထားသံလမ်းပေါ်မှာ မည်းမည်းလုံးလုံးအကောင်ကြီး တစ်ကောင် အိပ်နေတယ်။

ရုတ်တရက်ကြည့်ရင် ဆင်ကြီးတစ်ကောင် အိပ်နေသလိုပဲ။ သူ အနားထိ တိုးကပ်ပြီး မီးအုပ်နဲ့ကြည့်တယ်။

အကောင်ကြီးက ကြီးလွန်းလို့ အစုန်၊ အဆန်ရထားလမ်း နှစ်လမ်းစလုံးကို ပိတ်နေတာ။

သေသေချာချာကြည့်တော့ ဆင်လည်းမဟုတ်ဘူး။

အမွေးကြမ်းကြီးတွေ ထူထူထဲထဲ ပေါက်နေတဲ့ အကောင်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီးက အရှမ်းအိပ်မောကျနေပုံပဲ။

တရှူးရှူး အသံကြီးထွက်နေတယ်။

ဝမ်းဗိုက်လား၊ ကျောကုန်းလား မကွဲပြားတဲ့ တစ်နေရာက ဖောင်းလာလိုက်၊ ပိန်သွားလိုက်နဲ့ ဖြစ်နေတယ်။

မောင်အောင်သိန်း ကြောက်ကြောက်နဲ့ အကောင်ကြီးအနီးကို တိုးကပ်သွားတယ်။

ဘာကောင်မှန်းသိချင်တာနဲ့ လက်ထဲက ကြွက်ထိုးမှိန်းနဲ့ အသာထိုးကြည့်တယ်။ မလှုပ်ဘူး၊ ဒုတိယအချက် ထိုးကြည့်ပြန်တယ်။

အကောင်ကြီးကတော့ အိပ်နေမြဲပဲ။ လှုပ်တောင်မလှုပ်ဘူး။ စိတ်မရှည်တာနဲ့ ခပ်နာနာဆောင့်ပြီး ထိုးလိုက်တယ်။ အကောင်ကြီးဆီက အော်သံကြီးထွက်လာတယ်။

ဆင်အော်သလို အသံကြီးမျိုး ...

ရုတ်တရက် ကျယ်ကျယ်လောင်လောင်ကြီး အော်လိုက်တာမို့ မောင်အောင်သိန်းလန့်ပြီး တုန်သွားတယ်။

အဲဒီအချိန်မှာ သူ့ဘက်လှည့်ကြည့်လိုက်တဲ့ အကောင်ကြီးရဲ့ မျက်နှာကို မြင်လိုက်ရတယ်။

"အား ..."





သူ့ အသဲတွေ၊ အူတွေ ပြောင်းပြန်လန်သွားတယ်။

ကြွက်သီးတွေ တဖျန်းဖျန်းထပြီး ဒူးတွေတောင် တဆတ်ဆတ် တုန်လာတယ်။

မျက်လုံးပြူးပြူးကြီးနဲ့ အသားအရေကြွေ တွန့်လိပ်၊ တွဲကျနေတဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကြီး ...

အဲဒီအချိန်မှာပဲ မီးအုပ်က ဟုတ်ခနဲ ငြိမ်းသွားတယ်။

မောင်မောင်သိန်းလည်း အားလုံးကို ပစ်ချပြီး ခြေဦးတည့်ရာ ထွက်ပြေးလာခဲ့ရပါတယ်။

"အဲဒီတုန်းက တွေ့တဲ့အကောင်ကြီးဟာ သဘက်ကြီးဆိုတာ လူကြီးတွေ ပြောပြမှ သိရတယ်။

အိမ်ရောက်လို့ အကျိုးအကြောင်းပြောပြတော့ ညတွင်းချင်း လူစုပြီး မီးတုတ်တွေနဲ့ သွားကြည့်ကြတယ်။

ပစ်ချထားခဲ့တဲ့ မှိန်းတွေ၊ မီးအုပ်တွေ ပြန်တွေ့ရပေမယ့် အကောင်ကြီးကိုတော့ မတွေ့ရတော့ပါဘူး။

အဲဒီနေ့က ကြောက်အားကြီးပြီး လန့်ဖျား ဖျားသွားခဲ့တယ်။

ဆယ့်ငါးရက်လောက်လည်း လူစိတ်ပျောက်ပြီး ထမင်းမစား၊ ဟင်းမစားတဲ့အထိ ခံလိုက်ရတယ်"လို့ ဦးအောင်သိန်းက ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဦးအောင်သိန်းတစ်ယောက် အကျွတ်တရားရသွားခဲ့ပါပြီ ...။

ကညွတ်ကွင်းမြို့၊ မြောက်ဘက်၊ ရန်ကုန်၊ မန္တလေးကားလမ်း မိုင်တိုင်အမှတ် $\frac{၁}{၁၃၃}$ အနီးက ကျွန်းတောကျောင်းမှာ ရဟန်းဝတ်နဲ့ ဘုရားရိပ်၊ တရားရိပ်ကို ခိုလှုံလျက်ရှိပါတယ်။



# လွင့်မြောနေသော ဝိညာဉ်များ

မောင်ဝင်းနိုင်ရဲ့ လိပ်ပြာ၊ ဝိညာဉ်
အနှိုင်းအဆမဲ့ ခရီးနှင်၊ လွင့်မြောနေရာက
ပြန်ရောက်လာတော့ ...
သူ့ရဲ့ခန္ဓာအိမ်ကြီး မရှိတော့ဘူး ...
ဒါ့ကြောင့် ...
မောင်ဝင်းနိုင်ရဲ့ ဝိညာဉ် ...



www.burmeseclassic.com

www.burmeseclassic.com



✦ ဝိညာဉ်ကို

စိတ် ...

အသက် ...

ထိပ်ပြာ ... လို့

မြန်မာစာအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။

✦ ဤသို့ဆိုလျှင်

လူ့ဝိညာဉ်လွင့်မြောခြင်းကို

လူ၏ စိတ်၊ အသက်၊ ထိပ်ပြာတို့

မြောလွင့်နေခြင်းလို့ ပြောရမှာပါ။

✦ ထူးခြားဆန်းကြယ်တဲ့

ဝိညာဉ်မြောလွင့်မှုတွေနဲ့ပတ်သက်ပြီး

ကိုယ်တွေ့ကြုံသူအချို့က

စာရေးသူကို

အဖြစ်အပျက် အမှန်အတိုင်း

ပြောပြခဲ့ကြပါတယ်။





## လွင့်မြောဝိညာဉ် - ၁

ပထမဆုံးပြောပြချင်တာက ရောဝတီတိုင်း၊ ဟင်္သာတမြို့က သေရွာပြန် မစိုးစိုးသူရဲ့ အကြောင်း ဖြစ်ပါတယ်။

သူကြုံတွေ့ခဲ့ရတဲ့အဖြစ်က အရမ်းကို ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ပါ။

မြွေဆိုးအကိုက်ခံရပြီး (၅)ရက်တိုင်တိုင် မေ့မြောနေတဲ့သူ့ကို သေပြီအမှတ်နဲ့ မီးသင်္ဂြိုဟ်ဖို့ လုပ်နေကြပါပြီ ...။

အခေါင်းထဲထည့်ပြီး သုသာန်ကိုလည်း ထုတ်လာခဲ့ပြီ။

ဖုတ်ကြည်းသင်္ဂြိုဟ်ဖို့ ထင်းပုံပေါ်တောင် တင်ထားပြီးပါပြီ။

ဓာတ်ဆီ၊ ရေနံဆီလောင်း၊ မီးတို့လိုက်တာနဲ့ မစိုးစိုးသူ သေမင်းနိုင်ငံကို သွားရတော့မှာပါ။

ဒါပေမယ့် အဲဒီနေ့က မစိုးစိုးသူ မသေခဲ့ပါဘူး။ ကုသိုလ်ကံ အထောက်အပံ့တွေကြောင့် အရှင်လတ်လတ် မီးရှို့ခံရမယ့် သေဘေးက လွတ်မြောက်ခဲ့ပါတယ်။

လက်မတင်လေးမှ တကယ့်လက်မတင်လေးပါ။

မီးသင်္ဂြိုဟ်ဖို့ အစစအရာရာ အဆင်သင့်ဖြစ်နေပေမယ့် ဦးလေး ဖြစ်သူ ရောက်မလာသေးလို့ ခေတ္တခဏ စောင့်ဆိုင်းနေတဲ့အချိန်။

အဲဒီခေတ္တခဏဆိုတဲ့ အချိန်လေးမှာမှ ကယ်မယ့်သူက အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်မရှိ၊ အဓိပ္ပာယ်မသိ၊ ထူးခြားဆန်းပြားတဲ့ဖြစ်စဉ်နဲ့ ရေလဲတောင်စုသုသာန်ထဲ ရောက်လာတယ်။

ကယ်မယ့်သူအမည်က ဦးဇော်လွင်ပါ။ လက်မှတ်ရတိုင်းရင်းဆေးဆရာ၊ ပြီးတော့ ရှေးရိုးရင်ကျော်ဆရာပေါက်စ။

သူနေတာက ပန်းတနော်မြို့နယ်၊ အောက်စုကျေးရွာမှာနေတာ သူက ကွမ်းလည်းစိုက်ထားတယ်။

ဒါကြောင့် ကွမ်းဈေးစုံစမ်းဖို့ ဒီနေ့ဒီရက်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ပန်းတနော်ကို စက်ဘီးနဲ့ ထွက်လာခဲ့တာပါ။

တာလမ်းမကြီးအတိုင်း စက်ဘီးနင်းလာတဲ့ ဆရာကိုဇော်လွင် ရေလဲတောင်စုသုသာန်အနီး ရောက်လာတယ်။

အဲဒီအချိန်မှာ မေ့မြောနေတဲ့ မစိုးစိုးသူရဲ့ ဝိညာဉ်ဟာ သုသာန်ထဲမှာ လွင့်မြောရောက်ရှိနေတယ်။

သုသာန်ထဲမှာ ဖြစ်ပျက်နေတဲ့ ဝိုကြွေးနေသူတွေ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအသင်း၊ သူငယ်ချင်းတွေကို စုစုရုံးရုံး မြင်နေရတယ်။

သူ့ရဲ့ခန္ဓာကိုယ်ကြီးကို ထင်းပုံပေါ်တင်ပြီး မီးရှို့တော့မယ့်ဆဲဆဲ အဖြစ်ကိုလည်း မြင်နေတယ်။

ဒီအဖြစ်ဆိုးကနေ သူ့ကို ဘယ်သူက ကယ်တင်မှာလဲ။





သူမရဲ့ဖခင်နဲ့ဦးကြီးတစ်ယောက် ထင်းပုံကြီးနဲ့ အနီးဆုံးနေရာမှာ ရှိနေတယ်။

သူမရဲ့ဝိညာဉ်က မသေသေးတဲ့အကြောင်း သူတို့ကို သွားပြောတယ်။

သူပြောတာကို ဘယ်သူမှ ကြားပုံမရဘူး၊ သိလည်း သိကြတန်မတူဘူး။

သူမယောက်ယက်ခတ်သွားတယ်။

သူမရဲ့ခန္ဓာကိုယ်ကြီးကို မီးရှို့ပြာချပစ်လိုက်ရင် သူမတကယ်သေသွားတော့မယ် ...၊

ဝိညာဉ်ဘဝနဲ့ သူငိုနေမိတယ်။

အဲဒီအချိန်မှာ သုသာန်နဲ့လယ်ကွက် သုံး၊ လေးကွက်ခြားနေတဲ့ တာလမ်းပေါ်က စက်ဘီးနဲ့လူတို လှမ်းတွေ့လိုက်တယ်။

ဘာကြောင့်လည်း မသိဘူး။

အဲဒီ စက်ဘီးနဲ့လူဟာ သူ့ကိုကယ်တင်မယ့်လူဆိုတာ သူမရဲ့ဝိညာဉ်က အလိုလိုသိနေတယ်။

သူကြည့်နေတုန်းမှာပဲ ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့အဘိုးတစ်ယောက်၊ စက်ဘီးကို ဆွဲလှည့်လိုက်တာ သူမြင်လိုက်ရတယ်။

တာလမ်းက နည်းတဲ့အမြင့်ကြီးမဟုတ်ဘူး၊ ခုနစ်ပေ၊ ရှစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



လောက်မြင့်တယ်။

တာလမ်းဆင်ခြေလျှောအတိုင်းကျပြီး စက်ဘီးလမ်းကြောင်း ပြောင်းသွားတယ်။

စက်ဘီးပေါ်က လူဟာ စက်ဘီးချော်တဲ့နောက်ကို အံ့ဩ ထိတ်လန့်ခြင်းတွေနဲ့ လိုက်နေတယ်။

စက်ဘီးက နှစ်ပေလောက်မြင့်တဲ့ လယ်ကန်သင်းရိုးတွေကို ကျော်ပြီး လယ်ကွက်တွေကို တစ်ကွက်ပြီးတစ်ကွက် ဖြတ်လာတယ်။

စက်ဘီးမလဲအောင် ဝတ်မြုံစင်ကြယ်အဘိုးက နောက်ကနေ လိုက်ပြီး ထိန်းပေးနေတာ မစိုးစိုးသူရဲ့ ဝိညာဉ်က မြင်နေရတယ်။

"မြန်မြန်လာပါ၊ မြန်မြန်လာပါ"လို့ ဝိညာဉ်က လှမ်းခေါ် တယ်။

စက်ဘီးက အံ့ဩစရာကောင်းအောင် လယ်ကွက်တွေ၊ ကန် သင်းရိုးတွေကိုကျော်ပြီး သုသာန်ထဲထိ ဝင်လာတယ်။

ဒီတော့မှ အဘိုးက စက်ဘီးကို လွှတ်လိုက်တယ်။

အသုဘပို့တဲ့လူတွေအနီးမှာ စက်ဘီးလဲကျသွားတယ်။

လမ်းတာရိုးပေါ်က ကျလာ၊ လယ်ကွက်တွေကျော်၊ သုသာန်ထဲ ရောက်လာတဲ့စက်ဘီးကို လူတွေကြည့်ပြီး အံ့ဩနေကြတယ်။

နောက်ပိုင်းမှာ ဆရာကိုဇော်လွင်ဟာ မမြင်ရတဲ့ ဆေးဗိန္ဒ





ဘိုးတော်တွေ ဝင်စီးပြီး မစိုးစိုးသူ သေနေတာမဟုတ်ဘဲ မေ့မြော နေတာသာ ဖြစ်တယ်ဆိုတာကို အများလက်ခံယုံကြည်အောင် ပြသ ခဲ့တယ်။

ဆရာကိုဇော်လွင်ရဲ့ တည်ကြည်ခိုင်မြဲတဲ့ သစ္စာတရား၊ ဆေး ဝိဇ္ဇာဘိုးတော်ရဲ့အစွမ်းနဲ့ မီးသင်္ဂြိုဟ်မယ့် ထင်းပုံပေါ်မှာပဲ မစိုးစိုးသူကို သတိပြန်ရအောင် ကုသပေးနိုင်ခဲ့တယ်။

အခုဆိုရင် မစိုးစိုးသူတစ်ယောက် အိမ်ထောင်ပြုပြီး သား နှစ်ယောက်နဲ့သမီးလေးတစ်ယောက်တောင် ရရှိနေပါပြီ။

ဟသ်တာမြို့မှာ သက်ရှိထင်ရှားရှိနေတုန်းပဲ ဖြစ်ပါတယ်။

သူမ မြွေဆိုးကိုက်ခံရတဲ့ ဝေဒနာနဲ့ ငါးရက်တိတိ မေ့မြောသွားခဲ့ ပါတယ်။

မေ့မြောနေတဲ့ရက်တွေအတွင်း သူမရဲ့ဝိညာဉ်ဟာ ခန္ဓာကိုယ် အနေနဲ့ခွာပြီး မြောလွင့်နေပုံရပါတယ်။

အခြားသော အဖြစ်အပျက်တွေကို ပြန်မမှတ်မိပေမယ့် သုသာန် ထဲမှာ တွေ့မြင်တဲ့ အဖြစ်အပျက်တွေနဲ့ ဆရာကိုဇော်လွင်ကို သုသာန်ထဲ ဝင်ရောက်အောင် ဝတ်မြုံစင်ကြယ်အဘိုးက မြှူ ဆွယ်ခေါ်ဆောင်ခဲ့တာတွေကို မြင်ရကြောင်း ဆရာကိုဇော်လွင်ကို ပြောပြ ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်လွင်ကမှတ်တစ်ဆင့်(၃၀–၄–၂၀၁၄)ရဲ့ ညနေခင်းမှာ စာရေးသူကို ပြန်လည်ပြောပြခဲ့ခြင်းပါ။

သတိလစ်မေ့မြောနေသူရဲ့ "စိတ်"ဟာ (တစ်နည်းပြောရရင်) အသက်၊ ဝိညာဉ်၊ လိပ်ပြာဟာ လွင့်မြောနေတတ်တဲ့အကြောင်းနဲ့ လွင့်မြောနေစဉ်မှာ တွေ့ကြုံသိမြင်ခဲ့တာ အချို့ကို မှတ်မိနိုင်တဲ့ အစွမ်းသတ္တိတစ်ခု ရှိတယ်ဆိုတာကို

ဒီဖြစ်ရပ်က သက်သေခံလိုက်ခြင်းပဲ ဖြစ်ပါတယ်။

## လွင့်မြောဝိညာဉ်–၂

အခုတင်ပြမယ့်ဖြစ်စဉ်က သေရွာပြန်မစိုးစိုးသူရဲ့ ဖြစ်စဉ်နှင့် မတူခြားနား.ပါတယ်။

ပိုပြီး ထူးဆန်းတယ်လို့လည်း ထင်ရတယ်။

ဝိညာဉ်နဲ့ပတ်သက်ပြီး ဖော်ထုတ်ရှင်းပြဖို့ မလွယ်ကူတဲ့ အချက်တွေလည်း တွေ့ရပါတယ်။

ဒီဖြစ်စဉ်နဲ့အလားတူ၊ ဆင်တူယိုးမှားအဖြစ်အပျက်တွေကို မကြာခဏဆိုသလို ကြားဖူးခဲ့ပါတယ်။

အဲဒီအဖြစ်အပျက်တွေထဲကမှ လတ်တလော ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တစ်ခုကို ဖော်ပြလိုက်ပါတယ်။





အဖြစ်အပျက်က ၂၀၁၄ ခုနှစ်၊ ဇွန်လဆန်းမှာ ဖြစ်ပွားခဲ့တာပါ။

ဖြစ်စဉ်အသေးစိတ်ကိုတော့ စာရေးသူအနေနဲ့ စာတစ်ပုဒ် ရေးသားပြီးခဲ့ပါပြီ။

အဲဒီစာမူထဲက လွင့်မြောဝိညာဉ်နဲ့ပတ်သက်တဲ့ အကြောင်း အရာကိုပဲ ထုတ်နှုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

## အိမ်ရောက်လာတဲ့ဝိညာဉ်

(၁–၅–၂၀၁၄)နေ့၊ ညဦးပိုင်းမှာ ကိုခိုင် ဆိုင်ကယ်မှောက်ပြီး အထိရာရတယ်။

အနောက်ရွာကို အသွားမြေသားလမ်းမပေါ်မှာ ဖြစ်တာပါ။

မိုးရေနဲ့ ရွှံ့စေးတွေကြောင့် ဆိုင်ကယ်ဘီးချော်သွားတယ်။ ထိန်းမရဖြစ်ပြီး လမ်းဘေးထိုးကျသွားတယ်။ ဖြစ်ဖြစ်ချင်း၊ သွေးမှု နေတော့ ဘာမှ မခံစားရဘူး။

အိမ်ရောက်တော့မှ ညာခြေ မထောက်နိုင်တော့ဘူး။ ဆိုင်ကယ် က ဆင်းတာနဲ့ ပုံလဲကျသွားတယ်။

အလုပ်အရမ်းလုပ်တဲ့ ကိုခိုင်၊ ဒီတော့မှပဲ အနားရတော့တယ်။

အဲဒီနောက် တစ်လလောက်ကြာတဲ့ (၄–၆–၂၀၁၄)နေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ကိုခိုင် ခြေထောက်စပြီး ထောက်နိုင်လာတယ်။

ဖြစ်ချင်တော့ အဲဒီနေ့ညနေခင်းမှာ ပေါ်ကွက်ထဲက မိတ်ဆွေဖြစ်တဲ့ ကိုတင်မင်းဆိုင်ကယ် ဘတိုက်ခံရတယ်။

နံရိုးသုံးချောင်း ကျိုးသွားတယ်။

နယ်ဆေးရုံက ရန်ကုန်ဆေးရုံကြီးကိုသွားဖို့ ညွှန်တယ်။

ကိုတင်မင်းရဲ့သတင်းလည်းကြားရော ကိုခိုင်တော့ကျိုး၊ ထော့ကျိုးနဲ့ ထလာတယ်။

သူ့မိန်းမ မကြည်က သူ့အထာကိုသိတယ်။

"တော် ဘာလုပ်ဦးမလို့လဲ၊ ကိုယ်လည်း ခြေထောက်ကောင်းတာမဟုတ်ဘူး၊ အိမ်မှာပဲ ငြိမ်ငြိမ်လေးနေ ..."

"မဟုတ်ဘူးဟ၊ ကိုတင်မင်းက ထနိုင်မှာမဟုတ်ဘူး၊ သူ့ကိုချိုဖို့၊ ပွေ့ဖို့ လူလိုတယ်၊ ငါလိုက်မှ ဖြစ်မှာပါဟာ ..."

ပြောပြောဆိုဆို ကိုတင်မင်းအိမ်ဘက် ထွက်သွားတယ်။

ခဏနေတော့ သတင်းကြားရတာပဲ။

ကိုခိုင် ကိုတင်မင်းကို လိုက်ပို့တဲ့ကားနဲ့ ရန်ကုန်ပါသွားတယ်တဲ့။

အဲဒီည တစ်ညလုံး မကြည်အိပ်လို့မရဘူး။

မျက်စိတွေ ကြောင်နေတယ်။





သန်းခေါင်ကျော်ပြီး ညတစ်နာရီလောက်မှာ အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာတယ်။

ရင်တွေလည်း တဒိန်းဒိန်း ခုန်နေတယ်။

အဓိပ္ပာယ်မဲ့ မျက်လုံးတွေနဲ့ အိမ်ရှေ့လမ်းမဘက် ငေးကြည့်နေမိတယ်။

အိမ်ရှေ့မီးလုံးကြောင့် ခြံထဲမှာ လင်းနေပေမယ့် ခြံအပြင်ဘက်လမ်းမပေါ်မှာတော့ အမှောင်က အားကောင်းနေတုန်းပဲ။

ညက မှောင်မည်းတိတ်ဆိတ်ပြီး ချောက်ချားစရာကောင်းနေတယ်။

"ညတာကလည်း ရှည်လိုက်တာ ..."

မကြည် လင်းနိုင်ခဲတဲ့ညကို ညည်းညူလိုက်တယ်။ ပြီးတော့ အိပ်မောကျနေတဲ့ သားငယ်လေးကို ခြင်မကိုက်အောင် ယပ်ခတ်ပေးနေတယ်။

အချိန်တွေ ဘယ်လောက်ကြာသွားလည်း မသိဘူး။

ဗိနပ်ချွတ်က တဖျတ်ဖျတ်အသံကြောင့် ကိုခိုင်ပြန်လာပြီဆိုတာ ကြည်သိလိုက်တယ်။

ဟုတ်တယ်၊ ဒါ ကိုခိုင့်အကျင့်ပဲ။

ကိုခိုင်က ဖိနပ်ချွတ်မှာ ဖိနပ်ဖုန်ခါတဲ့အနေနဲ့ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက် ခြေဆောင့်ပြီးမှ အိမ်ပေါ်တက်လေ့ရှိတယ်။

မကြည် အိမ်ပေါ်လှေကားထိပ်ကနေ ဖိနပ်ချွတ်ကို လှမ်းကြည့်လိုက်တယ်။

သေချာပါတယ်၊ ကိုနိုင်ပဲ။

လှေကားရင်း ဖိနပ်ချွတ်မှာ ရပ်နေတယ်။

အိမ်က ထွက်သွားတုန်းကအတိုင်း အင်္ကျီချွတ်နဲ့ပဲ။

မကြည်ကို မော့ကြည့်နေတယ်။

ကိုနိုင့်မျက်နှာ ထူးထူးခြားခြား ညှိုးငယ်နေတာ မကြည် သတိထားမိလိုက်တယ်။

"ပြန်လာပြီလား ..."

မကြည် ကိုနိုင့်ကို လှမ်းမေးရင်း နံရံမှာ ကပ်ထားတဲ့နာရီကို လှမ်းကြည့်လိုက်တယ်။

"သုံးနာရီတိတိ ..."

မကြည် သားငယ်ကို ယပ်ခတ်ပေးနေရင်း ကိုနိုင် အိမ်ပေါ် တက်အလာကို စောင့်နေတယ်။

ခဏလောက်ကြာသွားတဲ့အခါ ကိုနိုင် တက်မလာဘူး။

"မဟုတ်သေးပါဘူး၊ ခြေလက်ဆေးသံလည်း မကြားရဘူး။ အိမ်နောက်ဖေးများ သွားတာလား ..."





မကြည် မီးဖိုခန်းကနေ အိမ်သာကို လှမ်းကြည့်တယ်။

အိမ်သာထဲမှာလည်း ကိုနိုင်မရှိဘူး။ တံခါးဖွင့်ရက်ပဲ။

မကြည် စဉ်းစားရကျပ်သွားတယ်။

"မဟုတ်ပါဘူး၊ ခုနက တွေ့တာ ကိုနိုင်မှ ကိုနိုင်ပါ။ ငိုက်နေတဲ့ကြားက လိုက်သွားမိလို့ ငါ့ကို စနေတာများလား"

မကြည် ဓာတ်မီးတစ်လက်ကိုင်ပြီး အိမ်အောက်ဆင်းခဲ့တယ်။

ကိုနိုင် ပုန်းနေတာလားလို့ ဓာတ်မီးနဲ့ လိုက်ထိုးကြည့်တယ်။

ဘယ်မှာမှ မတွေ့ဘူး။

အဲဒီအချိန်မှာပဲ "မကြည် ... မကြည်"လို့ ခြံရှေ့က အော်ခေါ်သံ ကြားရတယ်။

မကြည် ခြံရှေ့ ထွက်ခဲ့တယ်။

ခေါ်တဲ့သူက မျက်စောင်းထိုးအိမ်က။

သူ့အိမ်မှာ ဖုန်းရှိတယ်။ အကြောင်းကိစ္စရှိရင် အဲဒီအိမ်က ဖုန်းနဲ့ပဲ အဆက်အသွယ် လုပ်ရတယ်။

"အောင်ပိုင် ဖုန်းဆက်တယ်၊ ကိုနိုင် ကားပေါ်က ကျလို့တဲ့၊ ဆေးရုံကို တင်ရမယ်၊ အခုကားနဲ့ ပြန်လာနေပြီ၊ ကားလမ်းမှာနေ ထွက်ပြီး စောင့်နေပါ။ ကိုနိုင်ကတော့ သတိမေ့နေတယ်"တဲ့။

မကြည်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို၊ ခုနက ဖိနပ်ချွတ်မှာရပ်ပြီး၊ ညှိုးငယ်တဲ့မျက်နှာနဲ့ ကြည့်နေတဲ့ ကိုခိုင်ဟာ ...၊

ဘုရား၊ ဘုရား ကိုခိုင် ဘာမှ မဖြစ်ပါစေနဲ့."

တုန်ရီတဲ့အသံတွေနဲ့ မကြည် ဆုတောင်းလိုက်မိပါတယ်။

ဟုတ်ပါတယ်၊ မကြည် အိပ်မက်ဆိုးတွေ မက်နေတဲ့ အချိန်ဟာ ကိုခိုင် ကားပေါ်က ပြုတ်ကျတဲ့အချိန်ပါ။

ဖြစ်တာက ဒီလိုပါ။

ကိုတင်မင်းကို ရန်ကုန်ဆေးရုံကြီးပို့ပြီးအပြန်၊

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၅၈ မိုင် ၅ ဖာလုံမှာ ကားပေါ်က ပြုတ်ကျတာပါ။

အဲဒီအချိန်တွေမှာ ကိုခိုင် မသေသေးပါဘူး။ ပြင်းထန်တဲ့ ဒဏ်ရာတွေကြောင့် သတိမေ့မြောသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ သူ့ရဲ့ဝိညာဉ်က သူစွဲလမ်းရာဖြစ်တဲ့ သူ့အိမ်ကို ပြန်ရောက်လာခြင်း ဖြစ်ပါတယ်။

မကြည်တွေ့လိုက်တာ ကိုခိုင်အစစ်မဟုတ်ဘဲ၊ ကိုခိုင်ရဲ့ လွင့်မြောနေတဲ့ ဝိညာဉ်ကို တွေ့လိုက်ရခြင်းသာဖြစ်ပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး စာရေးသူ တော်တော်လေး ဦးနှောက်စားခဲ့ရပါတယ် ...။





**ဝိညာဉ်ကို မြင်နိုင်သလား**

စာရေးသူ သိသလောက်၊ နားလည်သလောက် ပြောရရင်

လူတစ်ယောက် သေဆုံးသွားတယ်။ မကောင်းတဲ့ အကုသိုလ်ကံတွေ ပြုလုပ်ထားတယ်။ အသက်ရှင်စဉ်အချိန်တုန်းက အဝိဇ္ဇာတွေ၊ တဏှာတွေနဲ့ ညစ်ထေးပေကျံနေခဲ့တယ်။

သူသေတော့ လူ့ဘဝကနေ ပြိတ္တာ တစ္ဆေသရဲဘဝကို အကြားအလပ်မရှိ ကူးသွားတယ်။

ပြိတ္တာ တစ္ဆေသရဲဆိုတာ သုံးဆယ့်တစ်ဘုံထဲက အပါယ်လေးဘုံသား၊

မမြင်အပ်တဲ့သတ္တဝါတစ်မျိုးလို့ ပြောရမယ်ထင်တယ်။

သူတို့က ကိုယ်ထင်မပြဘဲ သူတို့ကို ဘယ်လိုလူမှ မမြင်နိုင်ဘူး။ ပြီးတော့ သူတို့မှာ ကိုယ်ခန္ဓာရှိတယ်။

ဒါကြောင့်သာ

တစ်စုံတစ်ခုကို ကိုယ်တွယ်၊ ယူငင်ပြီး ပစ်ပေါက်နိုင်တယ်။ ရေနဲ့ပက်နိုင်တယ်။

လူ့ခန္ဓာကိုယ်ကို ပုတ်ခတ်တာ၊ အိုးတွေခွက်တွေ လှန်မှောက်တာ၊ အိမ်ကို သိမ့်ခနဲ၊ သိမ့်ခနဲ တုန်အောင် လှုပ်ခါတာတွေ လုပ်နိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ဖြစ်စဉ်တွေမှာ အိပ်နေသူရဲ့ စောင်တွေ၊ အိပ်ရာခင်းတွေကို ဆွဲယူတယ်လို့လည်း ကိုယ်တွေ့ကြုံသူတွေက ပြောပြကြပါတယ်။

စာရေးသူ ပြောချင်တာက ...

ပြိတ္တာ၊ တစ္ဆေ သရဲတွေမှာ ခန္ဓာကိုယ်ရှိတယ်။

သူတို့ဆန္ဒရှိရင် ရုပ်အကောင်အထည်ကို မြင်အောင် ပြလို့ရတယ်။ လူကလည်း မြင်တယ်။

ဒီအချက်က ငြင်းစရာမရှိတဲ့၊ ယုတ္တိရှိတဲ့အချက်ပါ။

အထက်က တင်ပြခဲ့တဲ့ ကိုနိုင်ရဲ့ ဝိညာဉ်အိမ်ကို ပြန်လာတာကတော့ စာရေးသူ ဘယ်လိုပြောလို့ ပြောရမှန်းတောင် မသိပါဘူး။

ကားပေါ်က ပြုတ်ကျတဲ့ ရုပ်အကောင်အထည်ကြီးက ကားပေါ်မှာပဲ ရှိသေးတယ်။

အဲဒီအချိန်မှာ သေဆုံးခြင်း မဖြစ်သေးတဲ့အတွက် ပြိတ္တာ၊ တစ္ဆေ သရဲလည်း မဖြစ်နိုင်ဘူး။

ကိုနိုင် သတိလစ်နေချိန်မှာ သူ့ရဲ့စိတ်၊ ဝိညာဉ်က လွင့်မြောရောက်ရှိခြင်းသာ ဖြစ်ပါတယ်။





စိတ်၊ ဝိညာဉ်မှာ ခန္ဓာကိုယ် မရှိဘူးလို့ စာရေးသူထင်ပါတယ်။

ဒါဆိုရင်လည်း ...

ဖိနပ်ချွတ်မှာ ညှိုးငယ်တဲ့မျက်နှာနဲ့ ကြည့်နေတဲ့ ကိုနိုင်ရဲ့ ရုပ်သွင်ကို မကြည် ဘာကြောင့် တွေ့လိုက်ရတာလဲ။

စာရေးသူ စဉ်းစား အဖြေရှာလို့ မရပါဘူး။

ဒါကြောင့်လည်း ထူးဆန်းတယ်လို့ ပြောတာပါ။

ဝိညာဉ်နဲ့ပတ်သက်ပြီး ဖော်ထုတ်ရှင်းပြဖို့ မလွယ်ကူတဲ့ အချက်တစ်ချက်လို့ပဲ သတ်မှတ်လိုက်ရပါတော့တယ်။

## လွင့်မြောဝိညာဉ်-၃

လွန်ခဲ့တဲ့ လအနည်းငယ်က ရွှေပြည်သာ(ထ)ရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို စာရေးသူ ရောက်သွားပါတယ်။

မိတ်ဆွေက စက်ချုပ်နေတဲ့ သူ့ရဲ့သမီး(အသက် ၂၀)ကို ညွှန်ပြပြီး ပြောပါတယ်။

သူငယ်ငယ် ဆယ်နှစ်သမီးလောက်တုန်းက အဖျားရောဂါ ဖြစ်တယ်။

ကိုယ်တွေ အရမ်းပူပြီး သတိလစ် မေ့မြောသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်လေးနာရီလုံးလုံး သတိလစ်သွားတယ်လို့ ပြောပါတယ်။

သေပြီတောင် အောက်မေ့ပြီး စောင့်ကြည့်နေရာက တစ်ရက်တိတိကြာမှ သတိပြန်ရလာပါတယ်။

သတိရရချင်း "ရေပေးပါ"ဆိုပြီး ရေတောင်းသောက်တယ်။

ခဏနေတော့ မေ့မြောနေတုန်းမှာ သူမရဲ့ဝိညာဉ် ကြုံတွေ့ခဲ့ရတဲ့အဖြစ်တွေကို ပြောပြပါတယ်။

ကလေးရဲ့ လွင့်မြောနေတဲ့ ဝိညာဉ်ဟာ အင်မတန် အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်အောက်ကို ရောက်သွားတယ်။

သစ်ပင်ကြီးရဲ့အရိပ်မှာ သူနဲ့ရွယ်တူ ယောကျ်ားလေးတွေ မိန်းကလေးတွေ ကစားနေကြတယ်။

သူ ဝမ်းသာအားရနဲ့ ပြေးသွားတယ်။

သူလည်း အတူတူ ကစားမယ်လို့ ပြောတယ်။

ဒါပေမယ့် ကလေးတွေက သူ့ကို အတူကစားခွင့် မပြုဘူး။

"နင် ပါလို့မရဘူး"လို့ပဲ ပြောနေကြတယ်။

သူ ဝမ်းနည်းပန်းနည်း ပြန်ထွက်လာခဲ့ရတယ်။ နေကလည်း အရမ်းပူတော့ ရေအလွန်ငတ်လာတယ်။

အဲဒီတုန်းမှာ ရေအိုးစင်တစ်စင်တွေ့တယ်။ သူဝမ်းသာသွား





ရေခွက်ယူပြီး အိုးထဲကရေကို ခပ်လိုက်တယ်။

ရေခွက်က အိုးအောက်ခြေကို တဂျစ်ဂျစ် ခြစ်မိသွားတယ်။ အိုးထဲမှာ ရေတစ်စက်မှ မရှိဘူး။ သူဝမ်းနည်းသွားပြီး ရေအိုးစင်အောက်မှာပဲ ငိုနေမိတယ်။

အဲဒီအချိန်မှာ လူကြီးတစ်ယောက် ရောက်လာတယ်။ အိမ်ပြန်ပို့ပေးမယ်ပြောပြီး ခေါ်သွားတယ်။

အိမ်ရှေ့ရောက်တော့ "ရောက်ပြီ၊ အိမ်ထဲဝင်သွားတော့"လို့ ပြောပြီး ပြန်သွားတယ်။

သူလည်း အိမ်ထဲပြန်ဝင်လာခဲ့တယ်လို့ ပြောပြပါတယ်။

အဲဒီအချိန်မှာပဲ ကလေးပြန်ပြီး သတိရလာတာကို မိဘတွေ တွေ့လိုက်ကြရတာပါ။ ရောဂါဝေဒနာကြောင့် ခန္ဓာကိုယ်ကြီးက ခံနိုင်ရည်မရှိဘဲ ပုံလဲကျသွားတယ်။

အဲဒီအချိန်မှာ စိတ်ဝိညာဉ်က ကိုယ်ခန္ဓာကနေ ထွက်ပြီး အဝေးကို မြောလွင့်သွားတယ်။ မြောလွင့်သွားတဲ့ ဝိညာဉ်ဟာ၊ ဝိညာဉ်လောကထဲ ရောက်သွားတာလား။ သီးခြားကမ္ဘာတစ်ခုဆီ ရောက်သွားတာလား ...၊

တိတိကျကျ မပြောနိုင်ပေမယ့် နေရာတစ်ခုကို ရောက်သွားရတာကတော့ အမှန်ပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သေရွာပြန် မစိုးဒိုးသူလိုပဲ သေပြီလို့ သတ်မှတ်ခံရပြီးမှ သတိပြန်လည်လာကြသူတွေ သုသာန်သင်္ချိုင်းက ပြန်လာရတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းတွေ အများအပြားရှိပါတယ်။

ရောဂါဝေဒနာ ပြင်းပြစွာခံစားပြီး ဝိညာဉ်ပြောလွင့်သွားတယ်။ ပြောလွင့်နေဆဲကာလမှာ ငရဲလို နေရာမျိုးတွေကို ဖြတ်သွားရတယ်။

ငရဲခံနေသူတွေထဲမှာ သိကျွမ်းခဲ့ဖူးသူတွေကို တွေ့ရတယ်။ သူတို့က လူ့ပြည်မှာ ကျန်နေခဲ့တဲ့ ဆွေမျိုးတွေဆီကို ပြောပေးဖို့ မှာတယ်။

ငွေတွေ၊ အဖိုးတန်ပစ္စည်းတွေ ဘယ်နေရာမှာ ဝှက်ထားတယ်။ ဘယ်သူ့ဆီက ရစရာရှိတယ်။ ဘယ်သူ့ကို ဘာဖိုး ပေးစရာ ဘယ်မျှရှိတယ် စသည်ဖြင့် အမှာစကားပါးတယ်။

သူ့ဝိညာဉ် ဒီလိုပြောလွင့်နေချိန်မှာ သူ့ခန္ဓာကိုယ်ကြီးဟာ အလောင်းစင်ပေါ်ရောက်နေပါပြီ။ သေပြီလို့ သတ်မှတ်ပြီး သင်္ဂြိုဟ်ဖို့ လုပ်ဆောင်နေကြပါပြီ။

သင်္ဂြိုဟ်ခါနီးမှ လွင့်ပြောနေတဲ့ ဝိညာဉ်ပြန်ရောက်လာတယ်။ သူ့ခန္ဓာကိုယ်ကြီးထဲကို ပြန်ဝင်တယ်။

သူ သတိပြန်ရလာတယ်။

သူ့ရဲ့ဝိညာဉ် ပြောလွင့်နေစဉ်မှာ တွေ့ခဲ့တဲ့အဖြစ်အပျက်





တွေကို ပြန်ပြောပြတယ်။ အမှာစကားပါးသူတွေ ပြောခိုင်းတာ ကိုလည်း ပြန်ပြောပြတယ်။

ပြောလိုက်တဲ့ နေရာအတိအကျမှာ ဝှက်သိုထားတဲ့ ငွေတွေ၊ အဖိုးတန်ပစ္စည်းတွေကို တွေ့ကြရတယ်။ မှာလိုက်တဲ့အတိုင်း ပေးရန်၊ ရရန်ရှိသူတွေဆီ မေးမြန်းကြည့်တော့လည်း မှန်ကန်မှုရှိတာကို သိကြရပါတယ်။

ဒီလို တိကျရေရာတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတွေက စိတ်ဝိညာဉ် တွေဟာ အဓိပ္ပာယ်ရှိစွာ လွင့်ပြောနေတယ်ဆိုတာ ထင်ရှားစေပါ တယ်။

ဒီလို ဝိညာဉ်ပြောလွင့်ခြင်းတွေထဲကပဲ ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခု တရုတ်ပြည် ရှမ်းတောင် ရပ်ကွက်မှာ ဖြစ်ပွားခဲ့ပါတယ်။

စဉ်းစားရခက်တဲ့ ခြေရှင်းဖို့မလွယ်တဲ့ ဒီဖြစ်ရပ်က မောင်ဝင်းနိုင် ရဲ့ဝိညာဉ်နိဂုံးလည်း ဖြစ်ပါတယ်။

## သနားစရာမောင်ဝင်းနိုင်ဘဝ

မောင်ဝင်းနိုင်ဟာ မြူးမြို့နယ်၊ ကညွတ်ကွင်းမြို့မှာ နေထိုင်ပြီး မိဘကို လုပ်ကျွေးနေတဲ့ လူငယ်လေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက စစ်ထဲဝင်သွားတယ်။ ဝင်သွားတဲ့နေ့ကစပြီး ဘာသတင်းမှ မကြားရတော့ဘူး။

အစ်မဖြစ်သူကလည်း အိမ်ထောင်ကျပြီး အဝေးကမြို့တစ်မြို့ကို ရောင်နောက်ဆံထုံးပါသွားတယ်။

အိမ်မှာ အိုမင်းမစွမ်း မိခင်ကြီးနဲ့ မောင်ဝင်းနိုင်ပဲ ကျန်ရစ်ခဲ့တယ်။

မုဆိုးမမိခင်ကြီးဟာ သားအမိနှစ်ယောက် မဝရေစာစားရဖို့ အတွက်ပဲ ရုန်းကန်နေရတာကြောင့် မောင်ဝင်းနိုင် လေးတန်းအောင်တဲ့ နှစ်မှာပဲ ကျောင်းက နှုတ်လိုက်ရတယ်။

အဲဒီဆယ်နှစ်သားအရွယ်လေးကတည်းက မောင်ဝင်းနိုင် တစ်ယောက် ရေခဲချောင်းပုံးကို မနိုင့်တနိုင်လွယ် ဂလိုင်လေး ခေါက်ပြီး မုဆိုးမမိခင်ကို လုပ်ကျွေးခဲ့ပါတယ် ...။

တစ်စတစ်စ အရွယ်လေးရောက်ပြီး လူပျိုအရွယ် ဖြစ်လာတဲ့ အချိန်မှာ မောင်ဝင်းနိုင်ကို ကားလမ်းအလုပ်သမားတစ်ယောက် အဖြစ်နဲ့ စာရေးသူတွေ့မြင်ခဲ့ရပါတယ်။

နောက်တော်တော်လေးကြာတော့ မောင်ဝင်းနိုင်ကို ရပ်ကွက် ထဲက ပန်းရံဆရာတစ်ယောက်နဲ့လိုက်ပြီး ပန်းရံလုပ်နေတာ တွေ့ရ ပြန်ပါတယ်။





မောင်ဝင်းနိုင်ကတော့ ဘာအလုပ်ပဲလုပ်ရလုပ်ရ ပင်ပန်းတယ်လို့ သဘောထားပုံမရဘူး။ သူ့မျက်နှာဟာ အမြဲတမ်း ရယ်ရယ် မြူးမြူးနဲ့ပဲ ရှိနေတယ်။

နွမ်းပါးတဲ့ဘဝနဲ့ မျက်နှာငယ်ခဲ့ရတာကြောင့်လား မသိဘူး၊ ဘယ်သူ့ကိုမဆို အောက်ကျုံ့ပေါင်းတယ်။ နိုင့်ထက်စီးနင်းပြုမူ တာတွေကိုတောင် သည်းခံတတ်တယ်လို့ သူ့အမေက ပြောပြ ပါတယ်။

ဒီလို မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့ လိမ္မာတဲ့ သူတော် ကောင်းလေး မောင်ဝင်းနိုင်တစ်ယောက်၊ တစ်နေ့မှာ ကံကြမ္မာ ဆိုးနဲ့ ပက်ပင်းကြုံလိုက်ရပါတယ်။

နှစ်ထပ်တိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ငြမ်းပေါ်က ပြုတ်ကျပြီး နဂိုဘဝရောက်သွားရှာပါတယ်။ အာရုံကြောမကြီးကို ထိခိုက်မိပြီး အောက်ပိုင်းသေသွားရခြင်းပါ။

ရင်ဘတ်ကနေ အောက်ပိုင်းတစ်ပိုင်းလုံး အထိအတွေ့ကို ခံစား မသိရှိနိုင်တော့ပါဘူး။

အိပ်ရာထဲမှာပဲ ထာဝရလဲလျောင်းနေရတဲ့ မောင်ဝင်းနိုင်ဆီကို စာရေးသူ လူမမာမေး ရောက်ရှိခဲ့ပါတယ်။

အမြဲတမ်းပြုံးရွှင်နေတတ်တဲ့ မောင်ဝင်းနိုင်ရဲ့မျက်နှာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲဖြစ်မှုတွေက ကြီးကြီးမားမား ဖိစီးနေပုံပါ။ တီးဝတ် နေရေးအပူပေါ်မှာ သားအတွက် စိုးရိမ်သောကများပါဒေတွေနဲ့ တစ်ပူ ပေါ်နှစ်ပူဆင့်နေတဲ့ မိခင်ကြီးကိုကြည့်ပြီး စိတ်မကောင်းဖြစ်တာန် တူပါတယ်။

ဒီကြားထဲ အိပ်ရာထဲလဲနေသူတိုင်း ဖြစ်တတ်တဲ့ ကျောရိုး တည့်တည့်မှာ အိပ်ရာပူနာကြီး ပေါက်လာပါတယ်။

စာရေးသူရောက်သွားချိန်မှာ မောင်ဝင်းနိုင်ရဲ့မိခင်က အနာကို ဆေးထည့်ပေးနေပါတယ်။ ဆေးထည့်ရင်း အနာမှာ တွယ်နေတဲ့ လောက်ကောင်လေးတွေကို ဇာဂနာနဲ့ တစ်ကောင်ချင်း ထုတ်ယူ နေပါတယ်။

အနာမှာ လောက်တွယ်နေတာကို မောင်ဝင်းနိုင် စိတ်မာတ် ကျမှာစိုးလို့ မသိအောင် ဖုံးထားပါတယ်။ မောင်ဝင်းနိုင်ကလည်း အောက်ပိုင်းသေနေတာကြောင့် ဝေဒနာ မခံစားရဘူး။

အဲကိုပဲ အဆိုးထဲက အကောင်းလို့ သတ်မှတ်ပါတယ်။

မောင်ဝင်းနိုင်က မိခင်အိုကြီး ဒုက္ခရောက်နေတာ ကြည့်ပြီး စိတ်ဆင်းရဲတဲ့အကြောင်းနဲ့ ကိုယ့်ကိုယ်ကို သတ်သေဖို့တောင် စဉ်းစားမိတဲ့အကြောင်း မျက်ရည်တွေ တသွင်သွင်စီးကျရင်း စာရေးသူ ကို ပြောပြပါတယ်။



စာရေးသူလည်း မောင်ဝင်းနိုင်ကို ဆေးဖိုးဝါးခလေး တတ်စွမ်း သမျှ ထောက်ပံ့ အားပေးစကားပြောပြီး ပြန်လာခဲ့ရပါတယ်။

အဲဒီနောက် လေးငါးလလောက်ကြာတဲ့အထိပဲ မောင်ဝင်းနိုင် လူ့လောကမှာ နေသွားရပါတယ်။

(၃၀-၁၂-၂၀၀၄)ရောဂါစဖောက်လာတယ်။

မေ့မြောသွားလိုက်၊ သတိပြန်ရလာလိုက် ဖြစ်နေပါတယ်။

(၁၁-၁-၂၀၀၅) နေ့လည်(၁)နာရီမှာတော့ ဘဝတစ်ပါးကို ကူးပြောင်းသွားပါတော့တယ်။

## မောင်ဝင်းနိုင်ရဲ့ လွင့်မြောဝိညာဉ်

ကုသိုလ်ကံကောင်းတယ်လို့ ပြောရမလားပဲ။

သေသာသေသွားတယ်၊ အိပ်နေတဲ့အတိုင်းပါပဲ။

ခန္ဓာကိုယ်ကလည်း တောင့်တင်းမနေဘဲ ပျော့ပျော့လေး။

ပြီးတော့ ဖောက်ပြန်ပျက်စီးမှုလည်း မရှိဘူး။

တစ်ရှို့ဆို သေပြီးနောက်နေ့ရောက်တာနဲ့ ရုပ်က ဖောက်ပြန် ပျက်စီးသွားတယ်။

လူ့သေကောင်ပုပ်နံ့ကလည်း မခံနိုင်အောင် ထွက်လာတယ်။ မျက်နှာနဲ့အလောင်းကို အခေါင်းထဲထည့်ပိတ်၊ မြေမြှုပ်ထုတ်ထား

www.burmeseclassic.com



ရတယ်။

မောင်ဝင်းနိုင်ကျတော့ သုံးရက်ပြည့်လို့ သုသာန်မှာ မြေမြှုပ် သင်္ဂြိုဟ်တဲ့အချိန်ထိ မပျက်စီးဘူး၊ အပုပ်နံ့မထွက်ဘူး။

အသုဘပို့သူတိုင်းက ''သေတယ်လို့ မထင်ရဘူး၊ အိပ်နေတဲ့ အတိုင်းပဲ''လို့ ပြောကြရတယ်။

မုဆိုးမ မိခင်အိုကြီးအတွက် စိုးရိမ်ကြောင့်ကြ အစွဲစိတ် တွေကြောင့် မောင်ဝင်းနိုင်တစ်ယောက် ဘဝသစ်ကို ဖြောင့်ဖြောင့် တန်းတန်း ကူးနိုင်ပုံမရပါဘူး။

ကွယ်လွန်တဲ့နေ့ကစပြီး ခြောက်တာ၊ လှန့်တာတွေ ရှိခဲ့ တယ်လို့ သိရပါတယ်။

အိမ်ငုတ်မှာ သံရိုက်ပြီး ချိတ်ထားတဲ့ဓာတ်ပုံမှန်ဘောင် အလိုလို ပြုတ်ကျလာတယ်။

ပြုတ်ကျတော့လည်း အနီးအနားအောက်ကို ပြုတ်ကျလာတာ မဟုတ်ဘဲ မဖြစ်နိုင်စရာ ခပ်လှမ်းလှမ်းက လူ့အုပ်အလယ် သွား ကျတယ်။

တစ်ခါတစ်လေ အိမ်ထရံကို တဘုန်းဘုန်း ပုတ်တယ်။ တစ်ခါတစ်ခါကျတော့လည်း အိမ်ကို လှုပ်တယ်။ ဒီလိုအဖြစ်မျိုးတ သူ့အိမ်တင်မကဘဲ သူနဲ့အလုပ်အတူလုပ်တဲ့ အလုပ်သမားတွေအိမ်





သူ့အလုပ်ရှင်အိမ်၊ ပန်းရံဆရာရဲ့ အိမ်တွေမှာပါ ဖြစ်နေတယ်။

အားလုံးတတော့ ဒီလိုသရဲခြောက်ခံရတာကို ကြောက်တာ လန့်တာထက် နှမြောလှတဲ့ မောင်ဝင်းနိုင်ရဲ့ဘဝလေးကိုပဲ အသနား ပိုနေမိကြတယ်။

ခုနစ်ရက်ပြည့် ရက်လည်တဲ့မနက်မှာ ဘုန်းကြီးသုံးပါးပင့်ပြီး ရက်လည်ဆွမ်းကပ်ပါတယ်။

စာရေးသူအပါအဝင် အိမ်နီးချင်းဆယ်ဦးလောက်ကိုလည်း ဖိတ်ကြားတဲ့အတွက် ရက်လည်တရားနာကြရပါတယ်။

ဘုန်းကြီးဆွမ်းကပ် တရားနာပြီး မောင်ဝင်းနိုင်အတွက် ရည်စူး လို့ ရေစက်ချ အမျှအတန်းဝေကြ သာဓုခေါ်ကြပါတယ်။

အဲဒီနောက်မှာ တရားနာသူတွေကို တတ်စွမ်းသမျှလေးနဲ့ ကျွေးမွေးပါတယ် ...။

ကိစ္စအဝဝပြီးလို့ ပြန်ဖို့ နှုတ်ဆက်တော့ မောင်ဝင်းနိုင်ရဲ့ မိခင်ကြီးက စာရေးသူကို ''ခဏနေပါဦး''လို့ တားပါတယ်။

ပြီးတော့ အံ့ဩစရာစကားတစ်ခွန်း ပြောပါတယ်။

သူပြောတာက ...

''မောင်ဝင်းနိုင် မသေသေးဘူး ...၊

မသေသေးဘဲနဲ့ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတာ''တဲ့။

www.burmeseclassic.com

www.burmeseclassic.com



## လွင့်မြောဝိညာဉ်၏နိဂုံး

ကြားလိုက်ရတဲ့စကားကြောင့် စာရေးသူအံ့အားသင့်သွားတယ်။

ဒါပေမယ့် မောင်ဝင်းနိုင်ရဲ့မိခင်ကြီး၊ သူ့သားကို ချစ်စိတ်၊ နှမြောစိတ်၊ တသစွဲလန်းစိတ်တွေနဲ့ ထင်ယောင်ထင်မှား ဖြစ်နေဘယ်လို့ တွေးလိုက်မိတယ်။

စိတ်သက်သာရာ ရနိုင်ဖို့ နှစ်သိမ့်စကား ပြောလိုက်တယ်။

"မဖြစ်နိုင်ပါဘူး ဒေါ်ဒေါ်၊ မောင်ဝင်းနိုင်က သင်္ဂြိုဟ်လိုက်ရတယ်။ ရုပ်က မပျက်ဘူး။ အပုပ်နံ့လည်း မထွက်ဘူး။ အိပ်နေတဲ့အတိုင်း တွေ့ရတာမို့ ပြောကြတာ ဖြစ်မှာပါ။

မြှုပ်မြင်လို့မရတဲ့ ကိစ္စတွေကို အလေးအနက်ထားမနေပါနဲ့ ဒေါ်ဒေါ် ...၊

သူများပြောတာတွေ အရမ်းမယုံပါနဲ့ ..."

"ဝါတူပြောတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဒီကိစ္စက သူများပြောတာမဟုတ်ပါဘူးကွယ် ...

သားလေးမောင်ဝင်းနိုင်ကိုယ်တိုင် လာပြောတာပါ ..."

"မောင်ဝင်းနိုင်ကိုယ်တိုင် လာပြောတာ ...၊

ဟုတ်လားဒေါ်ဒေါ် ..."



မောင်ဝင်းနိုင်ရဲ့ မိခင်ကြီးက မျက်ရည်တစ်စမ်းစမ်းနှင့်ပင် ဆက်ပြောပြတယ် ...၊

"ဟုတ်ပါတယ်ကွယ်၊ သူ့ကို သင်္ဂြိုဟ်လိုက်တဲ့ညကစပြီး အိပ်မက်ထဲမှာ လာလာပြောတယ် ...၊

သူ့ကိုမသေဘဲ မြေမြှုပ်လိုက်ကြတာတဲ့ ...

ငိုပြီး ပြောတယ် ..."

စိတ်အစွဲအလန်းကြီးမားတဲ့အခါ ဒီလို အတွေးမျိုး ဝင်လာတတ်ပါတယ်။ ဒီလို အိပ်မက်မျိုးလည်း မက်နိုင်တယ်လို့ စာရေးသူ ထင်မြင်မိပါတယ်။

ပြီးတော့ ဒီအိပ်မက် မက်နေတာ၊ တစ်ညတည်း မဟုတ်ဘူး။ ညတိုင်းညတိုင်း မက်နေတာ၊ လေးညရှိပြီ။ ဒီညလည်း မက်ဦးမှာပဲ ..."

ဒီစကားကြောင့် စာရေးသူ ထိတ်လန့်သွားပါတယ်။ ယောက်ယက်ခတ်အတွေးတွေလဲ ဝင်လာမိပါတယ်။

"စွဲလန်းလို့မက်တဲ့ အိပ်မက်တစ်ခုဟာ ဒီလို ထပ်တူထပ်မျှ ဖြစ်တဲ့ အိပ်မက်ကို အကြိမ်ကြိမ်အခါခါ မက်လို့ရသလား" ဆိုတဲ့ အတွေးနဲ့ "မောင်ဝင်းနိုင်ရဲ့ဝိညာဉ်က အိပ်မက်လာပေးတာလား" ဆိုတဲ့ အတွေးတွေ ဝင်လာပါတယ်။ တစ်ချိန်တည်းမှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝင်းနိုင် မေ့မြောသွားတာကို သေပြီထင်ပြီး မြေမြှုပ်လိုက်ကြတာလား" ဆိုတဲ့ ဒွိဟသံသယအတွေးကိုလည်း တွေးမိလိုက်ပြန်ပါတယ်။

ရောဂါဝေဒနာအပြင်းအထန် ခံစားနေရတဲ့ မောင်ဝင်းနိုင်တစ်ယောက် သတိလစ်ပြီး မေ့သွားမယ်။

သူ့ရဲ့ဝိညာဉ်လိပ်ပြာက ခန္ဓာကိုယ်ကြီးကို စွန့်ခွာပြီး ဦးတည်ရာမဲ့၊ အထိန်းအချုပ်မဲ့၊ လွတ်လွတ်လပ်လပ် လွင့်မြောချင်တိုင်း လွင့်မြောနေမယ် ...၊

အဲဒီအချိန်မှာ သူ့ကို သေပြီလို့ သတ်မှတ်ပြီး နာရေးကိစ္စတွေ ပြုလုပ်ကြတယ်။

သူ့ရဲ့ခန္ဓာကိုယ်ကိုလည်း သုသာန်ထုတ်၊ မြေမြှုပ်လိုက်ကြတယ်။

မောင်ဝင်းနိုင်ရဲ့ လိပ်ပြာဝိညာဉ် အနိုင်းအဆမဲ့ ခရီးနှင် လွင့်မြောနေရာက ပြန်ရောက်လာတော့ သူ့ရဲ့ခန္ဓာအိမ်ကြီး မရှိတော့ဘူး

ဒါကြောင့် သူ့မိတ်ဆွေ၊ အပေါင်းအသင်းတွေအိပ်သွားပြီး သူမသေဘူးဆိုတဲ့အကြောင်း အသိပေးနေတာများလား ...၊

ဒါကြောင့် သူ့မိခင်ကြီးကို နေ့စဉ်ရက်ဆက် အိပ်မက်ထဲ ထပ်တလဲလဲ လာပေးနေတာများလား ...၊



အခုနေ မြေမြှုပ်ထားတဲ့ မောင်ဝင်းနိုင်ရဲ့ ရုပ်အလောင်းကို ပြန်ဖော်ကြည့်ရင် ဘယ်လိုတွေ့ရမလဲ ...၊

ဖောက်ပြန်ပျက်စီးနေတဲ့အကောင်ပုပ်ကို တွေ့ရရင် မောင်ဝင်းနိုင်ရဲ့ဘဝ ဇာတ်သိမ်းပြီလို့ မှတ်ချက်ချလို့ရမယ် ...၊

တကယ်လို့များ လုံးဝမဖောက်ပြန်၊ မပျက်စီးဘဲ အိပ်နေတဲ့အတိုင်းပဲရှိနေတဲ့ မောင်ဝင်းနိုင်ရဲ့ ရုပ်ခန္ဓာကိုတွေ့ရင် ...၊

ဘာဆက်လုပ်ရမလဲ ...၊

ဘာတွေဖြစ်လာနိုင်သလဲ ...

ဖြေရှင်းခြင်းမပြုနိုင်တဲ့ အတွေးပဟေဠိတွေက စာရေးသူရဲ့ဦးနှောက်ကို

ရှုပ်ထွေးအောင် ...

ချာချာလည်အောင် ...

နှောင်ဖွဲ့၊ ရစ်ပတ်၊ စိုးမိုးလျက်ရှိနေပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းကြယ် ပရနယ်

နှင်းလိုလို မြူလိုလို ဖြူဖြူငွေ့ငွေ့အရာများ
လှုပ်ရှားသွားလာနေတာကို
ထူးဆန်းစွာ မြင်လိုက်ကြရပါတယ်
ကြက်လျှာအလံတွေအနီးမှာ
ညင်ညင်သာသာ ရွေ့လျားစုဖွဲ့ပြီး
အဖြူရောင် အရိပ်ပြပွဲတစ်ခုကို ကြည့်နေရသလို





## ထောင်ဆိုတာဘာလဲ

"ထောင်"ဆိုတာ ဘာလဲလို့မေးရင် ...

"လူဆိုး၊ လူမိုက်တွေ ပြစ်မှုကျူးလွန်သူတွေကို ပိတ်လှောင်ချုပ်ချယ်ထားတဲ့ လေးဘက်လေးတန် အုတ်တံတိုင်း ကာရံထားတဲ့နေရာ"လို့ အများစုက ပြောကြမှာ ဖြစ်ပါတယ်။

ဒီအဖြေကို "မှားတယ်"လို့ မငြင်းလိုပေမယ့် ...

မှန်ကန်တဲ့အဖြေလို့တော့ စာရေးသူလုံးဝဥဿုံ မသတ်မှတ်ပါဘူး။

ဘာကြောင့်လည်းဆိုတော့ ထောင်တွေဆောက်လုပ်ရခြင်း ရည်ရွယ်ချက်ကိုက အထက်ကအဖြေနဲ့ ဆန့်ကျင်ကွဲလွဲနေလို့ပါ။

မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ထောင်တွေ အများစုကို အင်္ဂလိပ်ဗြိတိသျှလက်ထက်ကတည်းက ဆောက်လုပ်ခဲ့ကြတာပါ။

အင်္ဂလိပ်နယ်ချဲ့တာ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတာနဲ့ (FJC) စီမံကိန်းကို အရင်ဆုံးစတင်ပါတယ်။

'F' ဆိုတာ 'Fort' လို့ခေါ်တဲ့ ခံတပ်မြို့တွေ အနိုင်အမာလုပ်ပြီး စစ်ရေးပြင်ဆင်တာပါ။

'J' ဆိုတာကတော့ 'Jail' ခေါ်တဲ့ ထောင်တွေတည်ဆောက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပုန်ကန်ဆန့်ကျင်တဲ့ မျိုးချစ်အာဇာနည်တွေကို နှိပ်ကွပ်ဖို့နဲ့ ရက်ရက်စက်စက် ညှဉ်းဆဲပြီး သတင်းတွေရယူဖို့ တည်ဆောက်တာပါ။

'C'ဆိုတာက အေသခံတိုင်းရင်းသားပြည်သူလူထုတွေ ကိုးကွယ်တဲ့ ဘာသာသာသနာကို မှေးမှိန်ထပြီး သူတို့ကိုးကွယ်တဲ့ ဘာသာသာသနာထွန်းလင်းအောင် "Church"ဆိုတဲ့ ဘုရားရှိခိုးကျောင်းတွေ ဆောက်လုပ်ခြင်းပါ။

အင်္ဂလိပ်နယ်ချဲ့တဲ့ ဒီ(FJC)စီမံကိန်းကြီးကို ဦးစားပေးပြီး တစ်နိုင်ငံလုံးအနှံ့ တစ်ပြိုင်နက်တည်းလုပ်ဆောင်ခဲ့ပါတယ်။

ဒီလိုနဲ့ ခေတ်တွေတစ်ခေတ်ပြီး တစ်ခေတ်ပြောင်းလို့၊ စနစ်တွေ တစ်ခုပြီးတစ်ခု ပြောင်းခဲ့ပေမယ့် ထောင်ရဲ့မှုလရည်ရွယ်ချက်ကတော့ ယနေ့တိုင် တည်ရှိနေတုန်းပဲလို့ ထင်ပါတယ် ...၊

ထောင်တွေရဲ့အသက်ဟာ နှစ်တွေရာနှင့်ချီပြီး ကြာမြင့်ခဲ့ပြီ ...၊

ထောင်တွေဟာ နှိပ်ကွပ်ခံခဲ့ရသူတွေရဲ့ ကြောက်ခမန်းလိလိ တောက်ခတ်သံကြီးတွေ ...

ကြိုးပေးခံရသူတို့ရဲ့ အသက်ဝိညာဉ်တွေ ...



မျက်ရည်တွေ၊ ငိုရှိုက်သံတွေ၊ ရက်စက်မှုတွေ၊ သံဝေဂရစရာတွေကို တစ်နှင့်တစ်ပိုး သယ်ဆောင်ရင်း ရှည်လျားလှတဲ့ နှစ်တွေကို နှစ်ပေါင်းတွေကို ဖြတ်သန်းခဲ့ရပါတယ်။

ဒါကြောင့် ဒီလို ထောင်ကြီးတွေထဲမှာ အသက်ဝိညာဉ်တွေ၊ နာနာဘာဝတွေ တည်မှီနေခြင်းဟာ ထူးခြားတယ်လို့တောင် မဆိုနိုင်တော့ပါဘူး။

## ရွှေအုံရတာနာ ရှာပုံတော်

ထောင်တိုင်းလိုလိုမှာ ဝိညာဉ်၊ နာနာဘာဝနဲ့ပတ်သက် ဆက်နွယ်တဲ့ ဖြစ်စဉ်တွေ ရှိတတ်ပါတယ်။

အဲဒီ ဖြစ်စဉ်တွေထဲကမှ ဆရာနီလေးမောင်ရဲ့ ဖြစ်ရပ်မှန်မဂ္ဂဇင်းမှာ စာရေးသူနဲ့ ရေးဘော်ရေးဘက် စာရေးဆရာ ဇေယျမင်းသျှင်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်ကို တင်ပြချင်ပါတယ်။

သူ့ရဲ့ထောင်ထဲက ကိုယ်တွေ့ကို သဘာဝလွန်ဖြစ်ရပ်ဆန်းလို့ အမည်တပ်နိုင်သလို ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်းကြယ်လို့လည်း ပြောလို့ရပါတယ်။

ဘာကြောင့်လည်းဆိုတော့ မယုံနိုင်စရာ သဘာဝလွန် ထူးခြားဖြစ်ရပ်ဆန်းတွေ ဖြစ်နေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁–ခုနှစ်ကပါ။

အဲဒီအချိန်မှာ ဆရာဇေယျမင်းသျှင်ဟာ မန္တလေးဗဟိုအကျဉ်းထောင်ကြီးမှာ စက်မှုလက်မှုအလုပ်ရုံ ဌာနမှူးနဲ့ ဆောက်လုပ်ရေးဘက်ဆိုင်ရာ တာဝန်ခံဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေရှိ ဖြစ်ပါတယ်။

တစ်နေ့မှာတော့ ကြီးမားတဲ့ တာဝန်တစ်ခု သူ့ပခုံးပေါ် ကျရောက်လာပါတယ်။

တာဝန်က နိုင်ငံနဲ့လူမျိုးအတွက် အလွန်အရေးကြီးတဲ့ တာဝန်ပါ။ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ ပျောက်ကွယ်နေတဲ့ နန်းတော်ရာကို ရှာဖွေဖော်ထုတ်ဖို့ပဲ ဖြစ်ပါတယ် ...။

အလောင်းမင်းတရားကြီးဟာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပြီး မြန်မာ့ရဲစွမ်းသတ္တိနဲ့ ဘုန်းသမ္ဘာကို ကမ္ဘာသိအောင် ပြခဲ့တဲ့သူပါ။

အင်္ဂလိပ်နယ်ချဲ့ဟာ ယုတ်မာပက်စက်တဲ့ အကြံအစည်နဲ့ အလောင်းမင်းတရားကြီးရဲ့ ထွန်းပြောင်တဲ့ရာဇဝင်ကို မှေးမှိန်ပျောက်ကွယ်အောင် လုပ်ဆောင်ခဲ့ပါတယ်။





လုပ်ဆောင်ပုံက (FJC)စီမံကိန်းမှာ ပါဝင်တဲ့ အကျဉ်းထောင်ဆောက်လုပ်ရာမှာ နန်းတော်နေရာကို ဖုံးပြီး ဆောက်လုပ်လိုက်ခြင်းပါ။ မြန်မာတို့ရဲ့ တက်ကြွတဲ့ ဇာတိမာန်ကို ပျောက်ပျက်အောင် နှာမ်နှိမ်လိုက်ခြင်းပါပဲ။

ဆရာဇေယျမင်းသျှင်တို့အဖွဲ့ဟာ ရှေးဟောင်းရှာလှူ ပုဂ္ဂိုလ်ပေါင်းများစွာ အချက်အလက်ပေါင်းများစွာကို မေးမြန်းရှာဖွေပြီး၊ နယ်ချဲ့အင်္ဂလိပ် ဖျောက်ဖျက်ထားတဲ့ အလောင်းမင်းတရားကြီးရဲ့ နန်းတော်ရာကို အတိအကျ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

(ယခုအခါမှာ ရွှေဘိုရတနာ ရွှေနန်းတော်ကြီးကို ပြန်လည်တည်ဆောက်ပြီးခဲ့ပါပြီ)

စာရေးသူဆက်လက်တင်ပြမယ့် ထူးခြားအံ့မခန်းဖြစ်ရပ်ဆန်းတွေဟာလည်း ဆရာဇေယျမင်းသျှင်ရဲ့ အလောင်းမင်းတရားကြီးရဲ့ ရွှေနန်းတော်ရာ ရှာဖွေဖော်ထုတ်ရေး ခရီးစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ သဘာဝလွန် ဖြစ်ရပ်များပဲ ဖြစ်ပါတယ် ...။

## ထူးဆန်းတဲ့မိန်းမဆောင်

ရွှေဘိုထောင်မှာ အကျဉ်းကျအမျိုးသမီးတွေထားဖို့ ဆောက်လုပ်ထားတဲ့ မိန်းမဆောင်တစ်ဆောင် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မိန်းမမှန်ရင် အုပ်ချုပ်သူဝန်ထမ်းရော၊ အကျဉ်းသူပါ ဘယ်သူ့ကိုမှ ထားလို့မရပါဘူး။ ထားလို့မရတာက ခုမှဖြစ်လာတာ မဟုတ်ဘဲ၊ ရှေးအစဉ်အဆက်ကတည်းက ဖြစ်လာတာလို့ သိရပါတယ်။

တစ်ခါတစ်ရံ အကျဉ်းထောင် လူအရမ်းကျပ်တဲ့အခါမျိုးမှာ ထောင်တာဝန်ခံအရာရှိက အကျဉ်းကျ မိန်းမအချို့ကို အဲဒီအဆောင်မှာ ထားကြည့်ခဲ့တယ်။

ဒါပေမယ့် ဘယ်အချိန်မှာပဲ ထားကြည့်၊ ထားကြည့်၊ မိန်းမထားလိုက်တာနဲ့ ပြဿနာတက်တော့တာပဲ။ ထားတဲ့အမျိုးသမီးအားလုံး အကြောင်းတစ်စုံတစ်ရာမရှိဘဲ မူးမေ့လဲသွားကြတယ်။ အလိုလိုနေရင်း စိတ်အားငယ်သလိုလို၊ စိတ်ချောက်ချားသလိုလိုခံစားရပြီး နေလို့မရ၊ အိပ်လို့မရအောင် ဖြစ်ကြရတယ်။

တစ်ချို့ကျတော့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေရဲ့ ခြောက်လှန့်မှု ခံရပြီး ကြောက်လန့်တကြား လန့်အော်တတ်တယ်။

ဒါကြောင့် အမျိုးသမီးဆောင် ဆောက်လုပ်ထားပေမယ့် ရှေးနှစ်ပေါင်းများစွာကတည်းက အမျိုးသမီး မထားခဲ့ဘူးလို့ သိရပါတယ်။





## အောင်မြေ ရှာပုံတော်

အလောင်းမင်းတရားကြီးဟာ စစ်ထွက်တဲ့အခါတိုင်းမှာ အောင်မြေကိုနင်းပြီး အခါတော်ယူလေ့ရှိပါတယ်။

"ဒီတည်း သာသနာတော်ကို ပြုထိုက်ပါမူကား ဒါက အောင်စေသတည်း။ သူတည်း သာသနာကို ပြုထိုက်ပါမူကား သူက အောင်စေသတည်း"လို့ အဓိဋ္ဌာန်ပြုတယ်။

ရေစင်သွန်းချ ဆုတောင်းတယ်။

အဲဒီအချိန်မှာ ကျေးငှက်တွေသာမက သက်မဲ့ဖြစ်တဲ့ ရေ၊ မြေ၊ ကောင်းကင်တွေကလည်း ထင်ထင်ရှားရှား နိမိတ်ပြ အားပေးကြပါတယ် ...၊

နယ်ရဲ့အင်္ဂလိပ်ဟာ မြန်မာတို့ရဲ့ အထွတ်အမြတ် အောင်မြေနဲ့ အလောင်းမင်းတရားကြီးရဲ့ နန်းမြေကို ထောင်ထဲထည့်ပြီး နာမ်နှိမ်လိုက်ကြတာပဲ ဖြစ်ပါတယ် ...။

ဒါပေမယ့် အောင်မြေကို စောင့်ရှောက်နေတဲ့ မမြင်ရတဲ့ ဝိညာဉ်ပုဂ္ဂိုလ်တွေကိုတော့ ဖယ်ရှားလို့ မရခဲ့ပါဘူး။ ဝိညာဉ် ပုဂ္ဂိုလ်တွေက အောင်မြေကို အစဉ်စောင့်ရှောက်နေခဲ့ကြပါတယ် ...၊

ဆရာဇေယျမင်းသျှင်နှင့်အဖွဲ့ဟာ ရွှေဘိုထောင်အတွင်းမှာ အောင်မြေနေရာ အတိအကျ သိရှိနိုင်ဖို့ ခက်ခဲခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ခက်ခဲနေတဲ့အချိန်မှာ အဖွဲ့ဝင်ဖြစ်တဲ့ ဃက်သမား နည်းပြဆရာကြီး အဘဦးတင်မြရဲ့ အကြံဉာဏ်၊ အစီအမံတွေကြောင့် အောင်မြေနေရာကို အတိအကျ ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။

အဘဦးတင်မြရဲ့ အစီအမံက အလောင်းမင်းတရားကြီးကို တိုင်တည်ပြီး အောင်မြေကို စိုးမိုးစောင့်ရှောက်ကြတဲ့ မြင်အပ်၊ မမြင်အပ်၊ နတ်ဒေဝတာ၊ ပုဂ္ဂိုလ်သတ္တဝါအပေါင်းကို ရတနာသုံးပါး ပူဇော်ရန် ကန်တော့ပွဲနှင့် ဆီမီး၊ ရေချမ်း၊ ပန်းများ ကပ်လှူလျက် ပင့်ဖိတ်အကူအညီတောင်းခြင်းပဲ ဖြစ်ပါတယ်။

ရွှေဘိုမြို့နယ်စု ဥက္ကဋ္ဌကြီး ဒုတိယဗိုလ်မှူးကြီးမင်းဆွေဆီက ခွင့်ပြုချက်တောင်းခံပြီး ဆရာဇေယျမင်းသျှင်တို့အဖွဲ့ ရွှေဘိုတောင်ထဲ ဝင်လာကြပါတယ်။

အဲဒီအချိန်က ညဆယ်နာရီကျော်နေပါပြီ၊ တောင်ထဲကို တာဝန်မဟုတ်တဲ့ ဘယ်လိုလူမှ ဝင်လို့ထွက်လို့ မရတော့တဲ့အချိန်ပါ။ အုန်း၊ ငှက်ပျော၊ လက်ဖက်အစုံပါတဲ့ ကန်တော့ပွဲ ကိုးပွဲ၊ ပန်း ဆီမီး၊ ရေချမ်းတွေ ပြင်ဆင်ပူဇော်ကြပါတယ်။

နေရာက ရွှေဘိုတောင်ထဲက အမျိုးသမီးအိပ်ဆောင်ဝင်း အတွင်းမှာ ဖြစ်ပါတယ်။

(နယ်ချဲ့အစိုးရဟာ ယုတ်မာတဲ့အကြံနဲ့ အတွက်အမြတ်



ထားရာ အောင်မြေနေရာကိုမှ မိန်းမတွေထားတဲ့ အဆောင် ဆောက်လုပ် နာမ်နှိမ်ထားခြင်းပါ။ အောင်မြေကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေက ရှေးနှစ်ပေါင်းများစွာကတည်းက မိန်းမတွေ နေလို့မရအောင် နည်းအမျိုးမျိုးနဲ့ ပြုလုပ်နေခြင်း ဖြစ်ပါတယ်။)

ည(၁၁)နာရီ (၁၁)မိနစ်တိတိမှာ အောင်မြေကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်အပေါင်းကို ပင့်ဖိတ်ပြီး ဂမ္ဘီရအစီအမံအတိုင်း ပြုလုပ်ကြပါတယ်။

ဂမ္ဘီရအစီအမံက ပဌဝီဇယမန္တန်တော်ကြီးကို တစ်ရာ့ရှစ်ခေါက်တိတိ ရွတ်ဆိုရခြင်းပါ။

အစောင့်အရှောက်တွေကို ပင့်ဖိတ်တိုင်တည်ကတည်းက နယ်ခံ၊ အစောင့်အရှောက်တွေ သဘောတူ၊ မတူ ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး လက်ခံခြင်း ရှိ၊ မရှိ ထင်ထင်ရှားရှား ပြဖို့ တောင်းပန်ထားတဲ့အတွက် မန္တန်တော်ကြီး ရွတ်ဆိုနေစဉ်မှာ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေကို အားလုံးမြင်ကြ၊ တွေ့ကြရပါတော့တယ်။

## ထူးခြားဆန်းကြယ်ဖြစ်ရပ်များ

အဘဦးတင်မြ မဟာပဌဝီဇယမန္တန်တော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်နေတုန်းမှာ လျှပ်စစ်မီးတွေ ပြတ်တောက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်မီး ပြတ်တောက်တာက ထောင်တင်မကဘဲ ရွှေဘို တစ်မြို့လုံး ပြတ်တောက်သွားတာပါ။

မီးပျက်တဲ့အတွက် ထော,ဲ်တစ်ထောင်လုံး လှုပ်ရှားဆူညံ သွားပါတယ်။

ပုံမှန်ထက်ပိုပြီး ဂရုစိုက်ရ၊ နိုးကြားရပါတယ်။ ဘယ်လိုတွေ ဆူညံ လှုပ်ရှားသွားပါစေ၊ အဘဦးတင်မြကတော့ မန္တန်တော်ကြီးကို မပျက်မယွင်း ဆက်လက်ရွတ်ဆိုလျက်ပါ။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ထွန်းညှိထားတဲ့ ဖယောင်းတိုင် ကိုးဟိုင်ရဲ့ အလင်းရောင်သာ ရှိနေပါတယ်။

အခြားနေရာအားလုံး ပိန်းပိတ်တဲ့ အမှောင်ထုကြီးပဲ ဖုံးအုပ် ကြီးစိုးနေပါတယ်။

အဲဒီအချိန်မှာ နှင်းလိုလို၊ မြူလိုလို၊ အဖြူငွေ့ငွေ့အရာများ လှုပ်ရှားသွားလာနေတာကို ထူးဆန်းစွာ မြင်လိုက်ကြရပါတယ်။

မြူမြူငွေ့တွေဟာ အစီအမံအစမှာ စိုက်ထားတဲ့ ကြက်လျှာ အလံလေးတွေအနီးမှာ ညင်ညင်သာသာ ချွေလျားစုဖွဲ့ပြီး အဖြူရောင် အရိပ်ပြပွဲတစ်ခုကို ကြည့်နေရသလိုအားလုံး မြင်ကြရပါတယ်။

အဲဒီမြင်ကွင်းနဲ့ပတ်သက်ပြီး ဆရာဇေယျမင်းသျှင်က သူ့ရဲ့ "ဂမ္ဘီရအောင်မြေ"အမည်နဲ့ ဖြစ်ရပ်မှန်မဂ္ဂဇင်း(အမှတ် ၂၂၊ ဇတ်လ



၂၀၁၄)မှာ .....

"အလို ... ဘုရား ... ဘုရား ...၊ အမြင်တွေများ မှားလေရော့သလား ...၊

ကိုယ့်မျက်စိကိုယ် နှစ်ခါသုံးခါ အဖွင့်အပိတ်လုပ်၍ သေချာ အောင် ကြည့်မိသေးသည်။

စိတ်က အထင်လား၊ တကယ့်အဖြစ်မှန်လား။

ကျောထဲကစိမ့်၍ တုန်ခနဲ တက်လာမိသည်။

အူအသည်းများပင် အေးလာသည် ထင်မိသည်"လို့ သူ့ ကိုယ်တွေ့ကို ရေးသားခဲ့ပါတယ်။

နောက်စာမျက်နှာ တစ်နေရာမှာလည်း ...

"အသွင်သဏ္ဌာန် ဝိုးဝိုးဝါးဝါး မဟုတ်လေခြား။

လူသဏ္ဌာန်ကဲ့သို့သော ရုပ်မြင်များ ဖွဲ့စည်းလှုပ်ရှားနေသည်ကို တော့ မြင်ရသည်။

ကိုယ်တစ်ဦးတည်းလည်းမဟုတ်။

ကျွန်ုပ်နေရာတွင် စုဝေးနေသူအားလုံး မြင်ရ၊ တွေ့ရခြင်းမို့ အမြင်မှားခြင်း၊ ထင်ယောင်မှားခြင်း၊ အာရုံမှောက်ခြင်းတော့မဟုတ်၊

ဒါတော့ အသေအချာ၊ သံသယကင်းသည်"လို့ ဖော်ပြခဲ့ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်ခွန်းဝွန်းလောက်အကြာ လျှပ်စစ်မီး ပြန်လာချိန်မှာ ဝိညာဉ်ပုံသဏ္ဍာန် အမြူငွေ့တွေ ဖျော်ခနဲ ပျောက်ကွယ်သွားတယ်လို့ ဆိုပါတယ် ...။

ဒါပေမယ့် ထူးခြားဆန်းကြယ်တဲ့ ဖြစ်စဉ်ကတော့ ရပ်တန့်ပြီးဆုံး မသွားပါဘူး။

အဘဦးတင်မြက မဟာပဌာနဝိဿဇ္ဇနမန္တန်တော်ကြီးကို အရပ်အတန့်မရှိ ဆက်တိုက်ရွတ်ဆိုနေစဉ်မှာ ...။

အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တပ်သားလေးချော မျက်လုံးပြူးထွက်၊ ပါးစပ်က အမြှုပ်တစီစီထွက်ပြီး သတိမေ့သွားပါတယ်။

အစကနဦးကတည်းက ထုံးစည်းချထားရပါတယ်။

စည်းပေါက်သွားမှာစိုးတဲ့အတွက် သတိမေ့နေတဲ့ တပ်သားလေးချောကိုလည်း ဝိုင်းပွေ့ထားပြီး၊ တတ်သမျှ မှတ်သမျှနဲ့ ပြုစုနေရပါတယ်။ စည်းအပြင်ထွက်လို့ မရပါဘူး။

စုစုပေါင်း နှစ်နာရီလောက်ကြာမှ မန္တန်တော်ရွတ်ဆိုတာ ပြီးဆုံးပါတယ်။

ပင့်ဖိတ်ထားတဲ့ နတ်ဒေဝတာတွေ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအားလုံးကို ဆိုင်ရာဆိုင်ရာ ပြန်ပို့ပြီး မေတ္တာပို့ အမျှဝေပါတယ်။



အမျှဝေအပြီးမှာ အသင့်ခေါင်ထားတဲ့ ကြေးစည်၊ ကြေးမောင်းတွေကို တစ်ပြိုင်နက် တီးခတ်လိုက်ကြပါတယ်။

အဲဒီအချိန်မှာ လျှောင်တော်လဲသလို ဝေါခနဲ မြည်ဟီးလိုက်သံကြီး အောင်မြေနေရာဆီက ထွက်ပေါ်ပြီး အရှေ့မြောက်ထောင့်အရပ်ဆီကို အော်မြည်ပျောက်ကွယ်သွားပါတယ်။

အဲဒီအချိန်မှာ သတိမေ့နေတဲ့ တပ်သားလေးချောတစ်ယောက် ဝေါက်ခနဲ ထထိုင်တယ်။

အသံကြီးသွားရာအရပ်ကို လက်ညှိုးညွှန်ပြတယ်။ "ဣန္ဒသာလာ" ဆိုတဲ့အမည်ကို ရေရွတ်မြည်တမ်းပြီး ခွေခွေလေး ပြန်လဲကျသွားပါတယ် ...။

ကိုးခွအဝဝ ပြီးဆုံးမှ မျက်နှာကို ရေအေးအေးနဲ့ တောက်ပြီး သတိပြန်ရအောင် လုပ်ရပါတယ်။

အလောင်းမင်းတရားကြီးဟာ ယိုးဒယားမြို့တော်ကို အောင်နိုင်ကာနီးမှ မကျန်းမာတဲ့အတွက် တပ်ဆုတ်ပြန်ခဲ့ပါတယ်။

မုတ္တမနယ်၊ ကင်းရွာအနီးအရောက်၊ မြန်မာသက္ကရာဇ် ၁၁၂၂ ခုနှစ်ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (၁၁-၅-၁၇၆၀)မှာ အသက်ချုပ်တဲ့ နိုင်ငံတော်ကြီးကို မျက်နှာလွှဲခဲ့ ရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကို ရွှေမြို့တော် ရတနာသိင်္ခအထိပြန်ပြီး သယ်ယူလာပါတယ်။

ရွှေနန်းတော်ကြီးအနီးမှာ သချိုင်းတော် ဂူဘုရားအဖြစ် တည်ထားတယ်လို့ မှတ်သားခဲ့ကြပါတယ်။

ဂူဘုရားဟာ ရွှေဘိုအကျဉ်းထောင်ရဲ့ အရှေ့မြောက်ထောင့် ပေ(၅၀)အကွာလောက်မှာ ရှိပါတယ်။

အောင်မြေကနေ မြည်ဟိန်းထွက်ပေါ်လာတဲ့ ဝေါခနဲ မြည်ဟိန်းသံကြီးကလည်း ဂူဘုရားတည်ရှိရာ အရှေ့မြောက်ထောင့်ဆီ အော်မြည်သွားခြင်းဟာ မတော်တဆ ဖြစ်ရပ်မဟုတ်ဘူးလို့ စာရေးသူ ထင်ပါတယ်။

အါဟာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ ...

ကြီးကျယ်ခန်းနားတဲ့ ရွှေနန်းတော်ကြီးနဲ့ အောင်မြေကို စောင့်ရှောက်နေကြတဲ့ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ရဲ့ နှိုးမြှောက်တဲ့ ဩဘာဟစ်ကြွေးသံလို့ပဲ စာရေးသူ ထင်မြင်မိပါတယ်။

အခုအချိန်မှာတော့ ရွှေဘိုအကျဉ်းထောင်ကို ပြောင်းရွှေ့လိုက်ပါပြီ။



ဘူမိနက်သန်နေရာမှန်မှာ နိုင်ငံတော်အစိုးရက အလောင်းမင်းတရားကြီးရဲ့ ရွှေဘုံရတနာ ရွှေနန်းတော်ကြီးကို ပြန်လည် တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မောင်မှိုင်းညို့(ချောင်းဦး)

www.burmeseclassic.com